www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၂၀၀၉ ခုနှစ်၊ ပခုက္ကူဦးအုံးဖေစာပေဆု
ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ

# သောင်ယံတစ်ခွအလွှမ်းလက်ကျန်
# နှင့်
# အခြားဝတ္ထုတိုများ

သွဲ့ထားညို (သက္ကလ)

စီစဉ်တည်းဖြတ်သူ - ဒေါ်ခင်ဝါဆွေ (ဝါဝါ - အင်းစိန်) စာတည်း
အဖုံးပန်းချီ - ထက်အာကာကျော်

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၀ ပြည့်နှစ်၊ ပထမအကြိမ်၊ အုပ်ရေ - ၁၅၀၀

တန်ဖိုး ၅၀၀ ကျပ်

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန် စာတည်းမှူးချုပ်က
မှတ်ပုံတင်အမှတ် (၀၇၄၉၂) ဖြင့် ရိုက်နှိပ်၍
မှတ်ပုံတင်အမှတ် (၀၃၉၁၁) ဖြင့် ထုတ်ဝေသည်။

## ဒို့တာဝန်အရေးသုံးပါး

- ◈ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ◈ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- ◈ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ◈ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ◈ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ◈ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ◈ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ရှိုးကွဲ | ... | ၁ |
| ၂။ | အလှည့်ကျ မနွဲ့စတမ်း | ... | ၂၁ |
| ၃။ | မမှန်သောသစ္စာ | ... | ၃၈ |
| ၄။ | ကမ်းနားသစ်ပင် | ... | ၅၂ |
| ၅။ | မရှိဝမ်းစာ ရှိတန်ဆာ | ... | ၆၂ |
| ၆။ | သောင်ယံကမ်းမှ အလွမ်းလက်ကျန် | ... | ၇၉ |
| ၇။ | နှမ်းတစ်လှည့် ပန်းတစ်လှည့် | ... | ၁၀၈ |
| ၈။ | စုန်သောရေ၏ ဆန်သောလမ်း | ... | ၁၃၄ |
| ၉။ | ကြီးတစ်ခါ ငယ်နှစ်ခါ | ... | ၁၄၇ |
| ၁၀။ | အလင်းတစ်စ | ... | ၁၇၀ |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ရှုံးကျွဲ

မြို့ဘုရားထီးတင်ပွဲကို သူဌေးကြီးဦးစိန်ကျော် လာမည်ဆိုတော့ တစ်ရွာလုံးပျော်ကြသည်။ ဘယ်သို့ဘယ်ပုံ လာမည်လဲ။ မတော်တဆ ဇာတိရပ်ရွာကို သတိတရဆင်းလာမည်ဆိုလျှင် ဘယ်လိုခြေဥ့ဝတ်ပြုကြမည်လဲ။ သူဌေးကြီးဦးစိန်ကျော်က နွယ်နွယ်ရရလူ ဟုတ်ရိုးလား။ ကမ်ပြောင်ရွာသားဆိုပေသိ နေရာအနှံ့အပြားအလှူဒါနများလွန်း၍ လူအတော်များများ သူ့ကို ရိုသေလေးစားကြသည်။ သိလည်းသိကြသည်။ ယခုလည်း ခရမ်းဘုရားထီးတင်ပွဲကို သူကြွလာမည်ဆို၍ ဘယ်၍ဘယ်လောက် အလှူဒါနပြုဦးမည်လဲ ကြိုတင်ရင်ခုန်နေသူတွေရှိသလို အလှူခံဖို့ ကြိုတင်ပြင်ဆင်နေသူတွေလည်း ရှိသည်။

ကမ်ပြောင်သားတွေက ဦးစိန်ကျော်ကို သူတို့ရွာသားမှန်းလူသိစေချင်လှသည်။ ဦးစိန်ကျော်အတွက် သူတို့ ဂုဏ်ယူချင်ကြသည်။ ဦးစိန်ကျော်က ကမ်ပြောင်ရောက်,မရောက် မသိရသော်လည်း တွက်ရေးနှင့်စက်သူဌေးဖြစ်နေကြသည်။ တကယ်ဆို ခရမ်းနှင့်ကမ်ပြောင် မဝေးလှပါ။ သက္ကယ်ကုန်း၊ ဇွဲတွန် နှစ်ရွာကျော်ရုံမျှ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကမ်ပြောင်ရောက်နိုင်သည်။ ကားနှင့်ဆိုလျှင် နာရီဝက်သာသာ မောင်းရသည်။ ဒီလောက်တော့ ဘာအရေးလဲ။ လာလိုလျှင် အနီးကလေးပါ။ ပြီးတော့ ကမ်ပြောင်ရွာက သဘာဝ ဘူမိနက်သန် အစစ်အမှန်ပါ။ သမိုင်းဘိုဘွားမရှိတော့သော်လည်း သူ့ဆွေမျိုးအရင်းခေါက်ခေါက်တွေရှိသည်။ ဒီအတွက် လာနိုင်ကောင်းသည်။ လာခဲ့လျှင်လည်း သူ့ကို ပြနိုင်ပြောနိုင်ရန် လူရွေးရသည်။ လူရှာရသည်။ သူနှင့်ငယ်သူငယ်ချင်း ကျောင်းနေဖက်တွေ တိုက်တွန်းရသည်။ ရှေ့မီနောက်မီ အဘိုးကြီးတွေကိုလည်း စည်းရုံးရသည်။ ပြောရလျှင် ရွာက စီးပွားရေးအခြေအနေ တောင့်တောင့်တင်းတင်းမဟုတ်။ အိမ်ခြေတစ်ရာကျော်၊ ကျောင်းသားငါးဆယ်ရှိ စာသင်ကျောင်း၊ ကျောင်းထိုင်ဘုန်းကြီးတစ်ပါးတည်းနေ သစ်သားကျောင်း၊ ရွာဦးကိုးတောင်ပြည့်စေတီတော်မျှလောက်သာရှိသော ရွာသိမ်ရွာငယ်လေးပါ။ အနီရွာမျိုးကို ဦးစိန်ကျော်ဆင်းလာဖို့က အိပ်မက်ကိုမျှော်လင့်ရသည်နှင့် တူနေသည်။ သို့သော်လည်း မျှော်လင့်စရာအကြောင်းအရင်းတွေကလည်း ရှိနေခဲ့သည်။

◈ ◈ ◈

ကြာတော့လည်း ကြာခဲ့ပြီ။ တိတိပပဆိုလျှင် လွန်ခဲ့သော အနှစ်သုံးဆယ်ကျော်။

ထိုစဉ်က ကမ်ပြောင်ရွာလေးမှာ အိမ်ခြေ ငါးဆယ်ကျော်သာ ရှိသေးသည်။ ဟိုမှဒီမှ ပြောင်းလာလူစုပြီး ရွာတည်ထားသော



တဲစုသာသာ ရွာကလေးဖြစ်သည်။ ရွာကလေးမှာ လယ်သမား၊ ချောင်းသမား အများစုနေသည်။ ကိုးကွယ်စရာ ရွာဦးရွာထိပ်မှာ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းရှိသည်။ ကနဦးက ကျောင်းထိုင်ဆရာတော် ဦးပဏ္ဏဝံသက ရွာက ကလေးအားလုံးကို စာသင်ပေးသည်။ မတတ်မရှိ ငါ့တပည့်ပါ။ ဦးပဏ္ဏဝံသကျောင်းထွက် ကလေးတွေ စာတော်ကြသည်။ ဘုန်းကြီးကျောင်းတွေ စာမေးပွဲ ဖြေပြိုင်မှုဖြင့် ဦးပဏ္ဏဝံသကျောင်းသားတွေ ပထမချည်းရသည်။ သို့သော်လည်း အခြေအနေက တစ်သမတ်တည်းရှိသည်မဟုတ်။ ဦးပဏ္ဏဝံသသည် အသက်ကြီးလာ၍ ရောဂါဖိစီးပြီး အိပ်ရာထဲ လဲတော့သည်။ ဤမှာတွင် ဦးပဏ္ဏဝံသနေရာကို ပဉ္စင်းရှိန် အစားဝင်လာသည်။ ပဉ္စင်းရှိန်က ကမ်ပြောင်ဇာတိသားစစ်စစ်ပါ။ တောင်စွန်းဘက်မှာ ဘုန်းကြီးဝတ်ပြီး ဘုန်းကြီးဝါ တော်တော်များများ ရခဲ့သည်။ ဗေဒင်၊ ဆေးကျမ်းအလိုလည်း တတ်သည်။ သို့သော်လည်း ပဉ္စင်းရှိန်က ဘုန်းကြီးဝတ်ဖြင့် ဆက်မနေ။ ဘာအကြောင်းရယ်လို့ ခိုင်ခိုင်မာမာ ပြစရာမရှိဘဲ ပဉ္စင်းရှိန် လူထွက်ပြီး ရွာပြန်ရောက်လာခဲ့သည်။ ရွာက ဝမ်းသာအားရ ကြိုဆိုပြီး ပဉ္စင်းရှိန်ကို ဘုန်းကြီးဝတ်ပြီး ဦးပဏ္ဏဝံသနေရာကို ဆက်ခံရန် တိုက်တွန်းသည်။ ပဉ္စင်းရှိန်က အင်းမလုပ်၊ အဲမလုပ်။

ရွာလယ်မှာ မြေကွက်လပ်ကြီးတစ်ခုရှင်း၍ ပဉ္စင်းရှိန် စိုက်ပျိုးရေးလုပ်သည်။ သူစိုက်သည်က ထူးထူးခြားခြား ဘူး၊ ဖရုံ၊ ခရမ်း၊ သခွားလို ရာသီသီးနှံမဟုတ်။ သရေစာပင်တွေကြီးဖြစ်လို့

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



နေသည်။ သရက်၊ မာလကာ၊ ဆီး၊ ငှက်ပျောလိုအပင်တွေကို တောထအောင်စိုက်သည်။ ပြီးလျှင် ခြံလယ်မှာ အိမ်တစ်လုံး ဆောက်သည်။ ထိုအိမ်ပုံကလည်း အံ့သြစရာပါ။ တစ်ယောက် တည်းသမား ပဍ္ဍင်းရှိန်က လေးပင်တန်းလျားကြီးကို ဟီးထနေ အောင် ဆောက်သည်။ ရွာသားတွေ တအံ့တသြဖြစ်နေကြသည်။ ပဍ္ဍင်းရှိန်က အနေတည်ပြီး စကားနည်းသူဖြစ်၍ တော်ရုံလည်း မစပ်စုရဲကြပေ။ စိတ်ကူးနှင့်မှန်းဆပြီး ထင်ရာတွေးနေကြသည်။ အချို့က ဘုန်းကြီးဘယ်ဝတ်မလဲ။ ပဍ္ဍင်းရှိန်က လူထွက်ပြီးလာသည် ဆိုမှ မိန်းမယူဖို့နေမှာပေါ့။ ပြီးတော့ သူ့သားသမီးတွေလည်း တစ်ပြုံကြီး ပွားစည်းဦးမည်ထင်သည်။ ထင်ကြေးနှင့်ပြောရင်း အချိန်တွေ ကြာလာသည်။ ပဍ္ဍင်းရှိန်ခြံထဲမှာ သီးပင်၊ စားပင်တွေ စိမ်းညို့စပြုလာပြီ။ ဦးပဏ္ဏဝံသနေရာမှာလည်း ဆရာတော်ဦးနေမိန္ဒ ရောက်ခဲ့ပြီ။ ဆရာတော်ဦးနေမိန္ဒက ဦးပဏ္ဏဝံသလို စာသင်သည့် အလုပ်ကိုတော့ မလုပ်နိုင်ရှာပါ။ သူ့ခမျှာလည်း အသက် ခြောက်ဆယ်ကျော် တောထွက်ကြီးဖြစ်၍ လူရိုသေ၊ ရှင်ရိုသေ တရားဟော၊ သီလပေးလောက်သာ လုပ်နိုင်ရှာသည်။ ဒီအောက် ပိုင်းမှာ ပဍ္ဍင်းရှိန်လုပ်ငန်း စလာသည်။

"ငါ့ကို ဘုန်းကြီးမဝတ်ခိုင်းနဲ့၊ သူများ လှူဒါန်းပေးကမ်းတာတွေ စားပြီး ဝိနည်းမညီညွတ်ရင် ငါ ငရဲအကျမခံနိုင်ဘူး။ လူဝတ်နဲ့ပဲ နင်တို့သားသမီးတွေ ငါ စာသင်ပေးမယ်၊ ငါ့ကို အလကားတော့ မသင်ခိုင်းနဲ့၊ တစ်ယောက်ကို တစ်နှစ်ပေါက် စပါးလေးတင်းပေး"



ရွာကလည်း ကြည်ကြည်ဖြူဖြူ လက်ခံကြသည်။ ခံတာလည်း မပြောနှင့်၊ ပဍ္ဍင်းရှိန်အကြောင်းကို တစ်ရွာလုံး ထဲထဲဝင်ဝင် သိနေ ကြသည်။ ကလေးနေမကောင်းလည်း ပဍ္ဍင်းရှိန်၊ လူကြီးနေ မကောင်းလည်း ပဍ္ဍင်းရှိန်၊ ကျွဲပျောက်၊ နွားပျောက်၊ ပစ္စည်းပျောက် အိမ်ဆောက်လည်း ပဍ္ဍင်းရှိန်။ ဒီတော့ ပဍ္ဍင်းရှိန်ကို ပုံလွတ် အားကိုး ကြသည်။ သရက်၊ မာလကာ၊ နာနတ်၊ ပိန္နဲကြားမှ ကြားညှပ်စိုက်ပျိုး ထားသော ကွမ်းရွက်လိုအပင်မှအစ ဆေးဖက်ဝင် အပင်မျိုးစုံက ရွာသားတွေကျန်းမာရေးကို အထောက်အကူ ပေးနေခဲ့သည်။ ဆေးဖိုးဝါးခရယ်လို့လည်း တိတိပပပေးရသည်မဟုတ်၊ စားဦး စားဖျား ဟင်းတစ်ခွက်၊ သီးနှံတစ်ခွက်တစ်တောင်း ပေးလိုက်လျှင် ပဍ္ဍင်းရှိန်အတွက် ပြီးသည်။ ပဍ္ဍင်းရှိန်ကျောင်းဖွင့်၍ တစ်ရွာလုံး ပျော်ကြသည်။ ချက်ချင်းဆိုသလို ပဍ္ဍင်းရှိန်ခြံကျယ်ကြီး အတွင်းမှာ ကလေးသံတွေဆူညံနေသည်။ ပဍ္ဍင်းရှိန်က စာသင်လည်းကောင်းလှ သည်။ အားလပ်ချိန်တွင် ကလေးတွေ လွတ်လွတ်လပ်လပ် ကစား ခွင့်ရသလောက် စာသင်ပြီဆိုလျှင် အပ်ကျသံပင် မကြားရလောက် အောင် တိတ်ဆိတ်သွားသည်။ ကလေးတွေက ပဍ္ဍင်းရှိန်ကို ချစ်ကြောက်ရိုသေကြသည်။

မချစ်ခံနိုင်ရိုးလား။ ပဍ္ဍင်းရှိန်က ကလေးများကို စာသင်ပေးရုံ သာမက သရေစာလည်းကျွေးသည်။ ပဍ္ဍင်းရှိန်ခြံထွက် ငှက်ပျောသီး သည် ရောင်းစားရန်မဟုတ်။ အိမ်ခန်းထဲမှာ ကြိုးတန်းနဲ့ ချိတ်ဆွဲ ထားပြီး နေ့စဉ် ကလေးတစ်ဦးလျှင် နှစ်လုံးကျဝေပေးသည်။ ဆီးသီး

www.burmeseclassic.com

www.burmeseclassic.com



ဆိုလည်း ကောက်စားရုံ။ မာလကာသီးဆိုလျှင် ပင်လုံးကျွတ်ပွမှ တညီတညွတ်တည်း ဝေပေးသည်။ ကလေးတွေကလည်း စည်းကမ်းရှိသည်။ ပဥ္စင်းရှိန်ပေးမှ ကျွေးမှ စားကြသည်။ ခိုးဝှက်စားတာမျိုး မရှိ။ ပဥ္စင်းရှိန်ကျောင်းသားများကာ သင်ပုန်းကြီး၊ လောကနီတိ၊ ပရိတ်ကြီးဆယ်စောင်တွဲလို စာမျိုးသင်ရသည်။ အတွက်ဆိုလည်း စပါးတွက်၊ သစ်တွက်အထိ မွတ်မွတ်ကျေ သင်ပေးသည်။ ပဥ္စင်းရှိန် ကျောင်းသားတွေ အတွက်ကောင်းသည်ဟု နာမည်ရသည်။ ဒါတင် မကသေး။ ပဥ္စင်းရှိန်က ကျောင်းသားကြီးများကို ဗေဒင်အခြေခံလည်း သင်ပေးသည်။

ပဥ္စင်းရှိန်စာသင်လျှင် အနားမှာ ကြိမ်လုံးတစ်လုံးချထားသည်။ တော်ရုံထောင့်မကျိုးသော ကျောင်းသားသည် ပဥ္စင်းရှိန်တုတ်ချက်အောက်မှာ ငြိမ်ဝပ်ပိပြားသွားသည်။ သို့သော်လည်း ထိုအထဲမှာ စိန်တုတ်မပါ။ စိန်တုတ်သည် ပဥ္စင်းရှိန်ကျောင်းမှာ နာမည်အကြီးဆုံး ကျောင်းသားဖြစ်သည်။ စိန်တုတ်လောက် အကော်အကာပ်၊ အဆိုးအညစ်ရှိသောကျောင်းသားမျိုး ရှားလှသည်။ လူရော၊ လက်ရော အနားမပေးတတ်သည်ကလည်း စိန်တုတ်အကျင့်ပါ။ စိန်တုတ်စာဆိုလျှင် အတော်ကြီး သတိထားရသည်။ ပဥ္စင်းရှိန်က ကျောင်းသားသုံးယောက်ကို တစ်ပြိုင်တည်း စာဆိုခိုင်းသည်ဆိုပါစို့။ စိန်တုတ်နှင့်တစ်တွဲတည်းကျသော ကျောင်းသားသည် အလွန်ကံဆိုးမိုးမှောင်ကျသည်။ စိန်တုတ်က စာဆိုလျှင် ကိုယ်ကြီးယိမ်းကာ ဆိုတတ်သူ။ ပြီးလျှင် လက်ပိုက်ထားသော ချိုင်းကြားအောက်မှ



လက်ညှိုးတစ်ချောင်းက အလွန်အသုံးတည့်သည်။ စာဆိုရင်း တစ်ဖက်လူ၏နံကြားကို လက်ညှိုးဖြင့် ဆောင့်ထိုးတတ်သည့် စိန်တုတ်ပါ။ ပဥ္စင်းရှိန်က စာဆိုလျှင် မရပ်မနားဆိုမှ သဘောကျသည်။ စာရပ်လျှင် ကြိမ်လုံးဖြင့် ချက်မရွေးရိုက်တတ်သည်။ ထိုအခါ ကျောကုန်းဖြစ်ချင်ဖြစ်မည်။ လက်မောင်းဖြစ်ချင်ဖြစ်မည်။ ပဥ္စင်းရှိန် တုတ်တစ်ချက်က တစ်သက်စွဲသွားစေလောက်သည်။ ဒီအတွက် ခံရသူက အောင့်အည်းရင်း စာကို ကြိတ်မှိတ်ဆိုသည်။ စိန်တုတ်က ထိုအချက်ကို မိမိရရ အကောင်အထည်ဖော်သည်။

"ဟေ့ကောင် စိန်တုတ်၊ မင်းကိုယ်ကြီးက ဘာဖြစ်လို့ ယိမ်းခါနေလဲ"

တစ်ချီတော့ ပဥ္စင်းရှိန် ရိပ်မိသွားသည်။ ပဥ္စင်းရှိန်အမေးကို စိန်တုတ် မဖြေ။ စာကို မနားတမ်းဖိဆိုသည်။

"ယံ မင်္ဂလာ၊ ဒွါဒသာယတိ၊ စိန္တယိံသုသဒေဝတာ။ အိး . . . ဟီး . . . ဟီး"

စိန်တုတ် မဖြေသော်လည်း တစ်ဖက်လူ ငိုသံထွက်လာသည်။ ပဥ္စင်းရှိန် မျက်နှာတင်းသွားသည်။

"ရပ်စမ်း၊ မင်း ဘာလုပ်လဲ စိန်တုတ်"

စိန်တုတ် မဖြေ။ မှုန်ကုပ်ကုပ် ပြန်ကြည့်နေသည်။

"ဟေ့ကောင် ပြော၊ မင်းကို ဘာလုပ်လဲ"

တစ်ဖက်လူကလည်း မဖြေရဲ။ ကျောင်းလွှတ်လျှင် လက်သီးစွမ်းပြမည့် စိန်တုတ်ရန်ကို ကြောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



“အေး ရတယ်၊ မဖြေနဲ့။ စာဆိုရင်းငိုတဲ့မင်းကို ငါ ရိုက်မယ်”

ဒီတော့ မနေနိုင်။ ငိုကြီးချက်မနှင့်ပြောတော့သည်။

“စိန်တုတ်ရယ် ကျွန်တော့်ကို လက်ညှိုးနဲ့ဆောင့်ဆောင့် ထိုးတယ် ဘိုးပဥ္စင်း”

“စိန်တုတ် မင်း ဟုတ်သလား”

စိန်တုတ်က မျက်မှောင်ကြုတ်နေသည်။ ပဥ္စင်းရှိန်က ကြိမ်လုံးကိုဆွဲတဲ့၍ စိန်တုတ်ကျောပေါ် ဖြန်းခနဲရိုက်ချလိုက်သည်။ စိန်တုတ် မလှုပ်။ ပေခံသည့်ပုံက တကယ့်သူရဲကောင်းကြီးလို။ စိန်တုတ်က ယခုမှမဟုတ်။ ကျောင်းရောက်စကတည်းက ဇာတလေးနှင့်လာသူဖြစ်သည်။ လွယ်အိတ်စလွယ်သိုင်းနှင့် ပဥ္စင်းရှိန်ကျောင်းကို တစ်ယောက်တည်း ပေါက်ချလာသော စိန်တုတ်သည် ရောက်စနေ့မှာပင် ပဥ္စင်းရှိန်ကို ပညာပြခဲ့သည်။ ပဥ္စင်းရှိန်က ရောက်ရောက်ချင်း စိန်တုတ်ကို ဝလုံးရေးနည်းသင်သည်။ စိန်တုတ်က ဉာဏ်ရည်လည်းမဆိုးသည့်အပြင် အရွယ်လွန်နေသည်လည်းဖြစ်၍ ခဏချင်း တတ်သွားသည်။

“ကဲ. . . သွား၊ ကျောက်သင်ပုန်းနှစ်ဖက် အပြည့်ရေးခဲ့”

ပဥ္စင်းရှိန်က တပည့်ကျော်ကို စိတ်ချလက်ချ လွှတ်ပေးလိုက်သည်။ တစ်နံနက်လုံး အချိန်ကုန်သွားသည်။ စိန်တုတ် စာလာမပြ။ ကြာတော့ ပဥ္စင်းရှိန် လှမ်းခေါ်ရသည်။ စိန်တုတ်က ရင်ကော့ပြီး ထွက်လာပါပြီ။ ပဥ္စင်းရှိန် ကျောက်သင်ပုန်းကို ယူကြည့်လိုက်သည်။ လား. . . လား. . .၊ စိန်တုတ်ရေးထားသည်က ကျောက်သင်ပုန်း



အပြည့် ဝလုံးကြီးတစ်လုံးတည်းပါ။ ထိုဝလုံးကြီးကို ကျောက်တံဖြင့် ထပ်ကာထပ်ကာ ရစ်ထားသေးသည်။

“စိန်တုတ် မင်း ဒါ ဘယ်လိုလုပ်တာလဲ”

ပဥ္စင်းရှိန်မျက်နှာက အံ့အားသင့်ခြင်းတစ်ဝက်၊ စိတ်ဆိုးခြင်းတစ်ဝက်ပါ။ စိန်တုတ်က ခပ်တည်တည်ပင်။

“ကျွန်တော်ရေးတတ်သွားလို့ တစ်လုံးတည်း ရေးထားတာပါ ဘိုးပဥ္စင်း”

“ဟ. . . မင်းကို ငါ နှစ်မျက်နှာရေးခိုင်းတာကွ။ ဒီလိုလုပ်လို့ ရမလား။ သွား. . . ပြန်ရေးချေ”

ရောက်စနေ့ဖြစ်၍ ပဥ္စင်းရှိန် မရိုက်ဖြစ်ဘဲ ချော့ရေးခိုင်းသည်။ မကြာပါ စိန်တုတ် ပြန်ရောက်လာပြန်သည်။ ဝလုံးလေးငါးဆယ်လုံးက ကျောက်သင်ပုန်းထဲမှာ ပြန့်ကျဲနေသည်။ ပဥ္စင်းရှိန် အတော်ကြီး စိတ်တိုသွားသည်။

“ကဲ. . . ဒီလောက်အလွယ်လုပ်တဲ့ကောင်၊ ဒါရေးကွာ”

နငယ်တစ်လုံးကို ရေးပြပြီး ပဥ္စင်းရှိန် ပညာပေးလိုက်သည်။ စိန်တုတ် ချွေးပြန်သွားသည်။ နငယ်တစ်လုံးနှင့် တစ်နေကုန်သွားသည်။ ညနေစောင်းမှ နငယ်ဆယ်လုံးကို ကျွမ်းထိုးမှောက်ခုံရေးပြီး ပဥ္စင်းရှိန်ထံ လာပြသည်။

“ဘာဖြစ်လို့ အများကြီးမှရေးလဲ”

“ကျောက်တံကျိုးသွားလို့ပါ ဘိုးပဥ္စင်း”

www.burmeseclassic.com



စိန်တုတ် နငယ်တစ်လုံးနှင့် မှတ်လောတ်သားလောက်ဖြစ်သွားသည်။ စိန်တုတ်က စာမှမဟုတ်။ အခြားကိစ္စများတွင်လည်း ညဉ့်ဆိုးရှိသော ကလေးတစ်ယောက်ဖြစ်သည်။ စိန်တုတ် ပညာပြသလောက်ကို ပဥ္စင်းရှိန် အမီလိုက်ရသည်။ စာရေးခိုင်းလျှင် ကျောက်တံပစ်ချ၊ သူများရေးပြီးသား ကျောက်သင်ပုန်းကို တံတွေးဆွတ်ဖျက်။ စာတွက်ခိုင်းလျှင် ကိုယ်တိုင်လည်းမတွက်၊ သူများတွက်ပြီးသားကို တံတောင်ဖြင့်တွန်းဖျက်တတ်သော စိန်တုတ်ကို ပဥ္စင်းရှိန် မကြာခဏ ပြောတင်ရသည်။ နောက်ဆုံးအဆင့် ငှက်ပျောသီးဝေကျွေးလျှင်တောင် သူ့အပေါင်းအသင်းအများစုက ပြည့်ပြည့်ဝဝ စားရသည်မရှိ။ စိန်တုတ်က မနက်ဖြန်ပြန်ပေးမည်ဆိုကာ အတိုးနှင့်ယူစားသည်။ အရှေ့ကျောင်းကန်မှ မန်ကျည်းကောက်ကွေး ခူးကျွေးမည်၊ ရိုးပြတ်တောမှာ ငှက်ကလေးတွေလိုက်ဖမ်းမည်၊ ချောင်းထိပ်မှာ လိပ်ဥရှာကြမည် စသည့်နည်းလမ်းတွေက စိန်တုတ်၏လှည့်ကွက်တွေပါ။ ဤမျှ လူရည်လည်သော စိန်တုတ်ကို ပဥ္စင်းရှိန် အုပ်ချုပ်ရသည်က လွယ်လှသည်မဟုတ်။ ပဥ္စင်းရှိန်လို အဘက်ဘက်မှပြည့်စုံပြီး စာပေကျမ်းဂန် နှံ့စပ်သူကိုပင် တစ်ခါတစ်ရံ စိန်တုတ်မှ္ဘ၍ ကမောက်ကမဖြစ်ရသည်။

ရွာထဲမှာ အကြောင်းကိစ္စရှိလျှင် ပဥ္စင်းရှိန်ပါမှ ပြီးလေ့ရှိသည်က တစ်ရွာလုံး၏ အလေ့အကျင့်ပါ။ ကလေး ကျောပူခေါင်းပူထသည်မှ အစ သူငယ်နာအဆုံး ပဥ္စင်းရှိန် ကုပေးရသလို ပစ္စည်းပျောက်၊ ကျွဲပျောက်၊ နွားပျောက်တွေလည်း ပဥ္စင်းရှိန် ဗေဒင်တွက်ပေး



ရသည်။ ယတြာ ချေပေးရသည်။ အထူးခြားဆုံးက ပဥ္စင်းရှိန်၏ သစ်ရွက်ဗေဒင်ပါ။ မိသားစုထဲမှာ တစ်စုံတစ်ယောက် နေထိုင်မကောင်းဖြစ်ပြီဆိုမှဖြင့် ပဥ္စင်းရှိန်ထံ သစ်ရွက်ဗေဒင်လာမေးကြသည်။ တစ်ခါက မဥ္စင်းရှိန်ထံ သစ်ရွက်ဗေဒင်မေးသူတစ်ဦး ရောက်လာသည်။ ထိုနေ့က ပဥ္စင်းရှိန် စိတ်လိုလက်ရ စိန်တုတ်ကို သစ်ရွက်တစ်ရွက်ခူးခိုင်းလိုက်သည်။ သစ်ရွက်ကို သေသေချာချာမကြည့်ဘဲ အဆောတလျင်ခူးခဲ့ရန် မှာလိုက်သည်။ စိန်တုတ်ကလည်း ပါးသည်။ အလျှင်အမြန်ခူး၍ ဒုန်းစိုင်းပြီးပြန်လာသည်။ ပြီးလျှင် ပဥ္စင်းရှိန်လက်ထဲ ထည့်ပေးလိုက်သည်။ စိန်တုတ် ခူးပေးလာသောသစ်ရွက်က အရင်းမှပြတ်ထွက်နေသည်။

"ရင်းပြတ်လျှင် မရဏ၊ ဖျားပြတ်က ပျောက်ဥစ္စာ၊ ပေါက်ပါလျှင် ခိုက်ရန်ပွအံတတ်၊ ဘေးများလှပါ၊ ရွက်လှမှာ ချမ်းသာ၍ ကျော်စော၊ လာဘ်ပေါင်း အထွေထွေနှင့် ဥဒကေ ရေယဉ်လောင်းသို့၊ ကောင်းသည့်သဘော"

လောကဟိတရာသီကျမ်းအလိုအရကြည့်လျှင် စိန်တုတ် သစ်ရွက်က မရဏကိန်း ညွှန်းဆိုနေခဲ့ပြီ။ ပဥ္စင်းရှိန်က လိမ္မာပါးနပ်စွာဖြင့် ဟောပေးလိုက်သည်။ ဘာမျှမကြာလိုက်၊ ဗေဒင်လာမေးသူ၏ မိခင်ကြီး လေဖြတ်၍ တစ်ချိန်တည်း အသက်ပါခဲ့သည်။ ပဥ္စင်းရှိန် ဗေဒင်မှန်ကြောင်း ရွာထဲမှ ပြောမဆုံးပြီ။ စိန်တုတ်အား လူရည်လည်သူပီပီ သဘောပေါက်သည်။ အသုဘက သင်္ချိုင်းကြီး ဝါကြီးဖြစ်၍ ဆိုင်းနှင့်ဝိုင်းနှင့် ဝက်သားကျွေးပြီး သင်္ဂြိုဟ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက် သွားကြလာကြသည်။ လူထူလျှင် စိန်တုတ်က သူ ခူးပေးသောသစ်ရွက်ဖြစ်ကြောင်း ဂုဏ်ယူပြောလိုက်သေးသည်။ နောက်ပိုင်း ဗေဒင်လာမေးသူ မှန်သမျှ ပဥ္စင်းရှိန်က ပါးစပ်မဟာရသေး။ စိန်တုတ်က သစ်ရွက်ခူးဖို့ ပြင်နေသည်။

ပဥ္စင်းရှိန်ကလည်း အလွယ်တကူခိုင်းကောင်း၍ စိန်တုတ် မျက်နှာသာပေးပြီး ခိုင်းနေသည်။ ထူးထူးခြားခြား ယခုနောက်ပိုင်း စိန်တုတ်ခူးသော သစ်ရွက်မှန်သမျှ အပြတ်၊ အပေါက်ကြီးဖြစ်နေသည်။ ပဥ္စင်းရှိန် ဇဝေဇဝါဖြစ်လာသည်။ သို့သော်လည်း မကြာမီ သတင်းရပါတော့သည်။ ဘယ်သူမှမဟုတ်၊ အမှန်တကယ်က စိန်တုတ်ပါ။ ပဥ္စင်းရှိန် ခေါ်မေးတော့ စိန်တုတ် ဝန်ခံသည်။ သစ်ရွက်မကောင်းလျှင် လူသေပြီး ဝက်သားစားရသည်။ ဆိုင်းနားထောင်ရသည်တဲ့။ သူ့အယူအဆနှင့်သူ သစ်ရွက်တွေကို လမ်းတစ်ဝက်မှာ ကိုက်ဖြတ်လာခဲ့သည်။ ပဥ္စင်းရှိန် အမြော်အမြင်ရှိ၍တော်တော့သည်။ ပဥ္စင်းရှိန် စိတ်တိုတိုနှင့် စိန်တုတ်ကို ကြိမ်နှင့်ဆော်သည်။ စိန်တုတ်က အံကြိတ်တင်းခံသည်။ စိန်တုတ် ပဥ္စင်းရှိန်ရှေ့မှ ဟန်မပျက်ပြန်ထွက်လာသည်။ မကြာပါ၊ ကလေးတချို့ ခပ်ကြိတ်ကြိတ်ငိုသံထွက်လာသည်။ ဘာဖြစ်မှန်းမသိ၍ ပဥ္စင်းရှိန် ခေါ်မေးသည်။ အကြောင်းရင်းက စိန်တုတ်ပါပဲ။ သူ အရိုက်ခံရ၍ မကျေမနပ်နှင့် ပဥ္စင်းရှိန်ရှေ့မှာ ထိုင်နေသောကလေးတစ်ယောက်၏ ခြေထောက်ကို တက်နင်းသွားသည်။ မလှမ်းမကမ်းမှာ စာကုန်းရေးနေသော ကျောင်းသားတစ်ယောက်၏လက်ကို ကြိတ်နင်းသွား



သည်။ သူ့နေရာအရောက် တစ်ဖက်တစ်ချက်မှာထိုင်နေသော ကျောင်းသားနှစ်ယောက်ကို ခြေဖြင့်ခတ်ပြီးမှ ထိုင်ချလိုက်သည်။

ပဥ္စင်းရှိန် ဒေါသက တစ်ဆင့်တက်သွားသည်။ စိန်တုတ်ကို ခေါ်ပြီး သူ့ရှေ့မှာ အလျားမှောက်ခိုင်းထားပြီး ကြိမ်ဖြင့် ဆင့်ကာဆင့်ကာရိုက်ပေးလိုက်သည်။ စိန်တုတ်က အကြောမာလှသည်။ ဟင့်ခနဲတောင် အသံမထွက်။

"မှတ်ထား၊ ရှုံးကျွဲလို မည်းမည်းမြင်ရာ ခတ်ချင်ဦး။ ဒီအကျင့်မျိုးတွေရှိရင် မင်း လောကထဲမှာနေဖို့ခက်မယ်။ ဘုန်းကြီးရင်လည်း အသက်မရှည်၊ သက်ရှည်ရင်လည်း ဘုန်းမကြီးမယ့်ကောင်"

ပဥ္စင်းရှိန် ဒေါသနှင့်ပြောသည်။ စိန်တုတ်က ဤမျှလောက်နှင့် အကျင့်ပျောက်သည်မထင်ပါနှင့်။ ရွာတောင်ပိုင်းမှာ စီခနဲဆိုလျှင် စိန်တုတ်ပါပဲ။ စိန်တုတ်အဖေ တုတ်တစ်ချောင်းနှင့်လိုက်၍ ရွာပတ်ပြေးရသည်ကလည်း စိန်တုတ်ပါပဲ။ စိန်တုတ်ကို ပဥ္စင်းရှိန် မနည်းကြီး ကိုင်တွယ်နေရသည်။ များမကြာမီ ပဥ္စင်းရှိန်ကျောင်းမှ ကျောင်းသားတစ်ယောက် နာရီပျောက်သည်။ နာရီက ထိုခေတ်မှာ အလွန်ရှားသည်။ ရွာမလေ့အရ တော်ရုံလူက နာရီပတ်ခဲသည်။ မိဘက ထိုက်သင့်သလောက် ပြေလည်သည့်အပြင် တစ်ဦးတည်းသောသားလည်းဖြစ်၍ ရွာကျောင်းဆရာတော်နှင့် မြို့မှ တကူးတကမှာပြီး ဆင်ပေးထားခြင်းဖြစ်သည်။ နာရီက ပတ်လာသည့်နေ့မှာ ပျောက်သွားခြင်းဖြစ်သည်။ ကျောင်းသားက ခြေမပြေး လွှားလွှားကစား၍ ကျွတ်ကျခဲ့သည်ဆိုလျှင်လည်းထားတော့။

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရာကမထမီ ပျောက်သွားခြင်းဖြစ်၍ ပဥ္စင်းရှိန် စဉ်းစားရခက်လှသည်။ ကျောင်းသားနှစ်ဆယ်ကျော်ထဲမှာ နာရီယူသူတစ်ယောက်ယောက်ရှိနေမှန်း ပဥ္စင်းရှိန် နားလည်လိုက်သည်။ ခက်သည်က ပဥ္စင်းရှိန်ကျောင်းသည် စာချည်းသက်သက်သင်သောကျောင်းမဟုတ်။ အကျင့်စာရိတ္တနှင့် ပတ်သက်လျှင် ပဥ္စင်းရှိန်ကသည်းခံခဲ့သည်မဟုတ်။ ပြီးတော့ ရပ်ရွာထဲမှာ ဘာပစ္စည်းပျောက်ပျောက် ပဥ္စင်းရှိန် ဗေဒင်တွက်ပြီး အစွာတ်ဟောပေးနေကျ။

အို၊ ကြင်၊ ရာ၊ ဥဒဓေ။ ကျာ၊ က၊ သူ၊ ဝနေ။

စိတ်၊ တူ၊ အိ၊ ရူပေ။ လွှ၊ ဒီ၊ ဆား၊ ဂါမေ။

ပျော်၊ ရာ၊ ရှင်၊ ပဗ္ဗတေ။ သစ်၊ တို၊ မောင်၊ မင္ဂေ။

ထို့၊ ဆောင်၊ ပန်း၊ အာသနေ။

ရွတ်နေကျဂါထာကို ပဥ္စင်းရှိန် ထုတ်သုံးရတော့မည်။ ပဥ္စင်းရှိန်ရှေ့မှာ ပစ္စည်းပျောက်သည့်ဆိုတော့ ရှက်စရာလည်း ကောင်းလှသည်။ တွေ့မှဖြစ်မည်။ နာရီဆိုတော့ ဥစ္စာပစ္စည်း။ နေ့က တနင်္ဂနွေနေ့။ အို၊ ကြင်၊ ရာ၊ ဥဒဓေ။ အို-ဆိုသော တနင်္ဂနွေနေ့၌ ရွှေငွေ၊ ရတနာ၊ ဥစ္စာ၊ ကျွဲနွားပျောက်မူ၊ ကြင်-ဟနလ်ာမည်သောအရှေ့အရပ်သို့ ထုတ်ယူ၍ ရာဟုမည်သော အနောက်မြောက်အရပ်တွင် ဥဒဓေ-ရေ၏အနီး၌ ရှိလေ၏။

“စံမောင်၊ ကျော်ထွန်း လာဦး”

ပဥ္စင်းရှိန်က သူတွက်ကိန်းနှင့်သူ ကျောင်းသားနှစ်ယောက်ကိုခေါ်လိုက်သည်။ ပဥ္စင်းရှိန်ခြံ၏ အနောက်မြောက်ဘက်မှာ ရေအိုင်



လေးစိုစိုစပ်စပ်ရှိသည်။ ကျောင်းသားတစ်ယောက်ချင်းလည်းရှာထားပြီးဖြစ်၍ ထိုရေအိုင်ဆီလွှတ်ရန် စိတ်ကူးပြီးခေါ်လိုက်ခြင်းပါ။ ပဥ္စင်းရှိန် ခေါ်သည်က စံမောင်နှင့် ကျော်ထွန်း။ အူယားဖားယား ပြေးလာသူက စိန်တုတ်ရယ်ပါ။

“ကျွန်တော် အိမ်သာသွားချင်လို့ပါ ဘိုးပဥ္စင်း”

အီလည်လည်မျက်နှာကြောင့် ပဥ္စင်းရှိန် ခေါင်းညိတ်လိုက်ရသည်။ စိန်တုတ်က အပြေးသွားလေပြီ။ ပဥ္စင်းရှိန်ခေါ်သောကျောင်းသားနှစ်ယောက်က စိန်တုတ်နောက်မှရောက်လာသည်။ ပဥ္စင်းရှိန်က တိုးတိုးကြိတ်ကြိတ် မှာလိုက်သည်။ ကျောင်းသားနှစ်ယောက် ရေအိုင်ဆီပြေးကြသည်။ ပဥ္စင်းရှိန် စာသင်ကောင်းဆဲကျောင်းသားနှစ်ယောက် ပြန်ပြေးလာသည်။

“ဘိုးပဥ္စင်း၊ ဘိုးပဥ္စင်း စိန်တုတ်ရယ်လေ ရေထဲက ဘာလဲမသိဘူး။ စမ်းပြီး ကောက်ရိုးပုံဘက် ပစ်ထုတ်လိုက်တယ်”

“ဟေ. . .”

ပဥ္စင်းရှိန် ပါးစပ်အဟောင်းသားဖြစ်သွားသည်။ စိန်တုတ်ကိုပဥ္စင်းရှိန် မျှော်လင့်မထားခဲ့။ နံရံထိုးထားသော ထားဝယ်ကြိမ်နှစ်လုံးပူးကို ပဥ္စင်းရှိန် ဆွဲယူလိုက်သည်။ ကိုယ်တိုင် ကောက်ရိုးပုံဆီသွားသည်။ တွေ့ပါပြီ၊ ရေစက်လက်နှင့်နာရီက ကောက်ရိုးကြားမှာအခန့်သားရှိနေသည်။ နာရီကိုယူပြီး ပဥ္စင်းရှိန် ပြန်လာသည်။ စိန်တုတ်က မျက်နှာသေလေးနှင့် ကျောင်းပေါ်ရောက်နှင့်နေပြီ။

“စိန်တုတ်”

www.burmeseclassic.com



ပဥ္စင်းရှိန်အသံက ဟိန်းထွက်နေသည်။ တစ်ကျောင်းလုံး အသက်ရှူသံကြားရလောက်အောင် ငြိမ်သက်တိတ်ဆိတ်နေသည်။ စိတ်ချောက်ချားဖွယ်ရာပင် ကောင်းသေးတော့။

"မင်းအပြစ် မင်း သိလား"

စိန်တုတ် ခေါင်းညိတ်ဝန်ခံသည်။

"မင်း သူများပစ္စည်းခိုးတာလား"

"မဟုတ်ပါဘူး ဘုန်းပဥ္စင်း။ ဒီကောင်က. . . ဒီကောင်က. . ."

စိန်တုတ် စကားတစ်ပိုင်းတစ်စ ရပ်သွားသည်။ ပဥ္စင်းရှိန်က ဒေါသထွက်ကောင်းဆဲ။ ထွက်တာလည်း မပြောနှင့်။ ပဥ္စင်းရှိန် စာသင်သက်တမ်းတစ်လျှောက်လုံး ထိုပြဿနာမျိုးမရှိခဲ့။ ပဥ္စင်းရှိန်က လောကီစာထက် လောကုတ္တရာစာကို အလေးထားသင်သူဖြစ်၍ ထိုအဖြစ်မျိုးရှိဖို့ မျှော်လင့်မထားခဲ့။

"ပြောလေ. . . မင်း"

"ဒီတောင်က သူ့မှာ နာရီရှိတယ်ဆိုပြီး ကြွားလွန်းလို့ ကြည့်မရဖြစ်ပြီး သူဖြုတ်ထားတုန်း ရေထဲပစ်ချလိုက်တာပါ"

စိန်တုတ်က အမှန်အတိုင်း ဝန်ခံရဲသည်။ ထိုစကားကိုတော့ ပဥ္စင်းရှိန် ယုံသည်။ စိန်တုတ်က မဟုတ်သော်လည်း သေချာသူ။ ခိုးဝှက်တတ်သည့်အကျင့်မျိုးလည်း မရှိ။ တဇောက်ကန်းလုပ်တတ်သောဉာဉ်ကလေးနှင့် ရှုတ်တိရှုတ်ထိုးအကျင့်လေးရှိသည်က အမှန်။ ကလီကမာအကျင့်လေးကလည်း ဗီဇလိုရှိနေသေးသည်။



"သူ့ပစ္စည်း သူ ကြွားတာ၊ မင်းနဲ့ဘာဆိုင်လဲ။ ဝန်တိုစိတ်ရှိတာ ကောင်းတယ်မှတ်သလား။ ဟာ. . . ကြာပါတယ်ကွာ၊ မင်းလို ကောင်မျိုးဆုံးမရတာ ကျွဲပါးစောင်းတီး"

ပြောပြောဆိုဆို တရွှမ်းရွှမ်းရိုက်ပစ်လိုက်သည်။ ပဥ္စင်းရှိန် ဒေါသကြောင့် ရိုက်ချက်များသွားသည်။ စိန်တုတ် အရိုက်ခံရလျှင် အလွန်ပျော်သော နတ်ကြီးနှင့် အောင်မောင်းပင် ဒီတစ်ကြိမ် စိန်တုတ်ကို သနား၍ မျက်ရည်ဝဲနေကြသည်။ စိန်တုတ်လည်း ဒီတစ်ကြိမ် မျက်ရည်ကျသည်။ ပဥ္စင်းရှိန်လည်း မျက်နှာမကောင်း။ ညနေ ကျောင်းဆင်းသည်အထိ ပဥ္စင်းရှိန် စာမသင်တော့။ နောက်တစ်နေ့နံနက်မှာ စိန်တုတ် ကျောင်းရောက်မလာတော့။ ကျောင်းမှ မဟုတ်၊ အိမ်မှာလည်း စိန်တုတ်မရှိတော့ပါ။ စိန်တုတ်တစ်ယောက် ရွာမှပျောက်ခြင်းမလှ ပျောက်သွားတော့သည်။ အညာရှိ သူ့ဘကြီးထံ ထွက်ပြေးသွားပြီဟု သတင်းအစအနရရုံမှအပ စိန်တုတ် အကြောင်းကို တိတိကျကျသိသူမရှိ။ ပဥ္စင်းရှိန်က တပည့်ဖြစ်သူအတွက် ရတက်မအေးနိုင်ရှာ။ အိမ်တိုင်ရာရောက်သွားပြီး လမ်းစရိုက်ပေး၍ တပည့်ဖြစ်သူကို ရှာခိုင်းသည်။ စိန်တုတ်မိဘတွေကလည်း ပြတ်သည်။

"ဘပဥ္စင်း၊ ဘာမှစိတ်သောကမဖြစ်နဲ့။ ဒီလိုကောင်က ပြေးလည်း သူ့ကိုယ်သူ ဒုက္ခရောက်မခံဘူး။ သူ့အတွက်တော့ သူသိပြီးသား။ ဟိုကသူ့ဘကြီးကလည်း သားသမီးရှိတာမဟုတ်ဘူး။ သူ ကံကောင်းမှာ"

www.burmeseclassic.com

www.burmeseclassic.com



မိဘကိုယ်တိုင်က ပြောလာ၍ ပဥ္စင်းရှိန် စိတ်လျှော့ရသည်။

"အေးကွာ၊ အဆင်ပြေရင်လည်း ပြီးတာပါပဲ။ ငါက ပူလို့သာ ပူရတာ၊ ဒီကောင့်ဇာတာက အထွက်ကောင်းကွ။ ရပ်ရွာနေရင် မကျော်ကြားပေမယ့် အဝေးမှာနေရင် နေတစ်ဆူ၊ လတစ်ဆူလို ကျော်ကြားကြီးပွားမယ့်ကောင်ကွ။ ငါက ဉာဉ်ကလေးမကြိုက်လို့သာ ရိုက်ရိုက်နေရတာ"

ပဥ္စင်းရှိန်တစ်ယောက် တပည့်ဖြစ်သူအတွက် မျှော်လင့်ချက် ရှိနေခဲ့သည်။ ပဥ္စင်းရှိန်ပြောသလို စိန်တုတ် ဇာတာကောင်း၊ မကောင်းတော့မသိ။ စိန်တုတ်က ရွာသို့ တစ်ခေါက်တစ်ကျင်းမျှ ပြန်မလာခဲ့။ ဘာလိုလိုနှင့် နှစ်တွေကြာခဲ့ပြီ။ ပဥ္စင်းရှိန်လည်း အိုမင်းမစွမ်းဖြစ်ခဲ့ပြီ။ ရွာလယ်က ပဥ္စင်းရှိန်ကျောင်းလေးအစား ရွာထိပ်မှာ ဝါးထရံကာ၊ ဓနိမိုး အစိုးရစာသင်ကျောင်းကလေး ဖြစ်လာခဲ့သည်။ စိန်တုတ်သတင်းက အစအနရပါ၏။ စိန်တုတ်တစ်ယောက် ကြီးပွားနေပြီဆိုသည့်အကြောင်း ရွာကို သတင်းပေါက်လာခဲ့သည်။ များမကြာမီ သူ့မိဘများလည်း ပြောင်းရွှေ့သွားခဲ့သည်။ ပဥ္စင်းရှိန်က ဝမ်းသာမဆုံး။ လူတကာကို မျက်ရည်တလည်လည်နှင့် စိန်တုတ်အကြောင်း ပြောမြဲ။ နာတာရှည်ဖြင့် အိပ်ရာထဲလဲသည့်တိုင် တပည့်အတွက် မှာခဲ့ရှာသေးသည်။

"စိန်တုတ်ရောက်လာခဲ့ရင် ရွာကျောင်းကလေးကို ခိုင်ခိုင်မာမာလေးဖြစ်အောင် လုပ်ခိုင်းပါကွာ။ ငါမှာခဲ့တယ်လို့ ပြောပါ"

နောက်ဆုံးထွက်သက်အထိ ကျောင်းဆရာပီသသော ပဥ္စင်းရှိန်ကို တပည့်တွေ အစွမ်းကုန်စောင့်ရှောက်ကြသည်။ နိုင်စွမ်းသမျှ



လေးနှင့် ဖြည့်ဆည်းပေးကြသည်။ သို့သော်လည်း အသက်ရှစ်ဆယ်ကျော် ကိုးဆယ်နီးပါး မီးစာကုန် ဆီခန်းအရွယ်မို့ ပဥ္စင်းရှိန်၏ နောက်ဆုံးခရီးကို အကောင်းဆုံးဖြစ်အောင် လုပ်ပေးခဲ့ကြသည်။ ပဥ္စင်းရှိန်ဟူသော ရွာ၏မီးရှူးတန်ဆောင်၊ ရွာ့ဦးသျှောင်ဆရာကြီးက ခရီးရှည်ကြီး ထွက်သွားခဲ့လေပြီ။

◆ ◆ ◆

"ဘိုးပဥ္စင်းဆုံးတာသိရင်တော့ သူလည်း စိတ်ကောင်းမှာ မဟုတ်ဘူး"

"ဘိုးပဥ္စင်းရှိရင် ဘယ်လောက်များ ဝမ်းသာလိမ့်မလဲ"

ထိုအတွေးက ရွာသားတိုင်းရင်မှာရှိသည်။ သူဌေးကြီး ဦးစိန်ကျော် တကယ်လာတော့မည်။ ရွာသားတွေ ခေါင်းချင်းရိုက် တိုင်ပင်ကြသည်။ လိုအပ်တာတွေ တောင်းဆိုကြဖို့ နှီးနှောဖလှယ်ကြသည်။ နေရာဒေသအနှံ့လှူနေသော ကိုယ့်ရွာသား သူဌေးကြီးအား ဤမျှလောက် တင်ပြနေစရာလိုမည်မထင်ပါ။ ကိုယ့်ရပ်၊ ကိုယ့်ဇာတိကို လှူမည်က အသေအချာပါ။ သူ့အတွက် စားစရာ၊ သောက်စရာ နေရာထိုင်ခင်းမှအစ အဘက်ဘက်ကပြည့်စုံအောင် စီစဉ်ထားကြသည်။ ရောက်လာပါပြီ။ တကယ်ပင် ဦးစိန်ကျော် ရောက်လာခဲ့သည်။ အခြွေအရံအသင်းအပင်းမပါဘဲ တစ်ယောက်တည်း လွှတ်လွှတ်လပ်လပ်လာချင်လို့ဟုဆိုကာ ကားတစ်စီးနှင့် ပေါက်ချလာခဲ့သည်။ အားလုံး အံ့အားသင့်နေကြသည်။ ဖြူဖြူဝဝ

www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေးဂိုက်ဆိုက်အပြည့်ရှိသော ဦးစိန်ကျော်ကို စကားမပြောနိုင်လောက်အောင် အံ့သြငေးမောနေကြသည်။

"ငါ ရွာကို အမြဲသတိရတယ်ကွ။ လာချင်စိတ်လည်း ရှိတယ်။ ဒါပေမယ့် ဘိုးပဥ္စင်းကို အားနာလို့ကွ။ ဘိုးပဥ္စင်းက ငါ့ကို ကြီးပွားမယ့်ကောင်မဟုတ်ဘူးလို့ ပြောထားတော့ ငါ ကြီးပွားနေတာတွေ့ရင် သူ့ဗေဒင် မှားတယ်ဆိုပြီး စိတ်မကောင်းဖြစ်နေမှာစိုးလို့ ငါလည်း အဲဒီကတည်းက ဗေဒင်ဆို မယုံလိုက်တာ ခုချိန်ထိပဲ။ အလကားပါကွာ"

ရွာသားအားလုံး ခေါင်းတညိတ်ညိတ် နားထောင်ကြသည်။ သူ ကြိုးစားရုန်းကန်ခဲ့ပုံ၊ ကြီးပွားတိုးတက်ခဲ့ပုံတွေကို ရေပက်မဝင်ပြောနေ၍ ပြန်ပြောချိန်လည်းမရ။ တောအစားအသောက်တွေ မစားရတာကြာပြီဖြစ်၍တစ်ကြောင်း၊ မစားလျှင် ဘဝင်မြင့်သည် ထင်မှာစိုး၍တစ်ကြောင်း သူ မြိန်မြိန်ရှက်ရှက် စားပြကြောင်းလည်း ပြောသည်။ 'ဇည့်ခံကျွေးမွေးသမျှ အားရပါးရစားပြီး နေမချိုမီ သူ့ကားကလေးဖြင့် ပြန်လည်မောင်းထွက်သွားခဲ့သည်။ ထိုခဏ ရွာကျောင်းကလေးက ခေါင်းလောင်းတီးနေခဲ့သည်။ သို့သော်လည်း သူ့ကားစက်သံအောက်မှာ ပါးလျားပျောက်ကွယ်သွားခဲ့သည်။ ရွာလယ်လမ်းမလည်း တရကြမ်း ဖုန်ထရင်း ကျန်ရစ်ခဲ့ပြီ။ ရွာကလေးက ပကတိအတိုင်း မပြောင်းလဲခဲ့။

❖ ❖ ❖ ❖ ❖

## အလှည့်ကျ မနွံ့စတမ်း

"ဟူး. . . ပူလိုက်တာ"

ပါးစပ်မှ လေပူတစ်ချက် မှုတ်ထုတ်လိုက်သော်လည်း ခန္ဓာကိုယ်အပူက လျော့မသွားခဲ့။ မိကျောင်းဖမ်းသည့်နေ့ကစပြီး တိုးကျော် အမေ့ကို ကျေးဇူးအနန္တ တင်နေမိသည်။ အမေတစ်ယောက်၏ဒုက္ခက သေးလှသည်မဟုတ်။ မျက်နှာပေါ်မှ ဖြိုက်ဖြိုက်ကျနေသော ချွေးတွေကို ချိုနွယ်က သူ့လက်ချောင်းနုနုလေးနှင့် သပ်ချပေးသည်။

"နေပါစေဟာ၊ ငါ့ကို အဝတ်ကြမ်းတစ်ထည်သာပေး"

တန်းပေါ်မှ ပုဆိုးဟောင်းတစ်ထည်ကို ချိုနွယ် ယူလာပေးသည်။

"ရေမချိုးလိုက်နဲ့ဦးနော် ကိုတိုး။ အပူဝင်သွားဦးမယ်"

ဒီအပြောလေးတွေကြောင့်ပဲ အိမ်ထောင်မှုမနိုင်နင်းသော ချိုနွယ့်ကို တိုးကျော် သည်းခံနေနိုင်ခြင်းပါ။ ချိုနွယ်က ဝါးယပ်တောင်အစုတ်လေးဖြင့် တိုးကျော်ကို ယပ်ခပ်ပေးသည် လေအဝှေ့မှာ ချိုနွယ့်ကိုယ်မှ သနပ်ခါးနံ့သင်းသင်းလေးရသည်။ မိန်းမဖြစ်သူကို တိုးကျော် စောင်းငဲ့ကြည့်လိုက်သည်။ တောသူလို့ မထင်ရလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြူဝင်းသည့် အသားအရေမှာ သနပ်ခါးစင်းကြောင်းလေး တွေထင်နေသည်က ကြည့်ကောင်းလွန်းလှသည်။ သနပ်ခါးကြားမှာ ပေါ်နေသည့် အသားအရေက သနပ်ခါးထက်ပင် ဖြူနုအိမွှတ်နေသည်။ ထိုမျက်နှာဝင်းဝင်းလေးပေါ်မှာမှ အရင်းတုတ်ပြီး အဖျားရှူးသွယ်သွားသော မျက်ခုံးမည်းမည်းလေးက ထင်းထင်းပပရှိသည်။ ရှည်မျောမျောနှင့် မျက်ဝန်းအိမ်ကျယ်သည့် မျက်လုံးတစ်စုံက မျက်တောင်မွေးတိုတိုစိပ်စိပ်လေးများဖြင့် ဘောင်ခတ်ထားသည်။

"ချိုနွယ် နင် နှုတ်ခမ်းနီဆိုးထားတာလား"

တိုးကျော် စေ့စေ့ကြည့်ပြီးမေးလိုက်၍ ချိုနွယ် မျက်လွှာလေးချလွှားသည်။

"ကိုတိုးကလည်း ပြောတော့မယ်။ ဘယ်မှာနှုတ်ခမ်းနီရှိလို့ဆိုးရမှာလဲ"

ဟုတ်တာပဲ၊ အိမ်ထောင်သည်လည်းဖြစ်၊ တောသူတောင်သားလည်းဖြစ်၍ သည်လောက်ထိ အလှအပကို ခုံမင်စွဲလမ်းနေရမည့် အခြေအနေလည်းမဟုတ်။ သို့သော်လည်း ချိုနွယ့်နှုတ်ခမ်းလေးတွေ နီရဲထူအိနေတာတော့ အမှန်ပါ။ သည့်ရုပ်ရည်ကြောင့်လည်း အဖေနှင့်အမေကို ဆန့်ကျင်ပြီး တိုးကျော် ရွတ်တိုးခဲ့ခြင်းပါ။

"မိန်းမယူတယ်ဆိုတာ မောင်ဓာစ်ထမ်း မယ်တစ်ရွက်မဟုတ်တဲ့တိုင် အိမ်ထောင်မှုလေး နိုင်နင်းရင် တော်သေးတာပေါ့။ အခုမင်းယူမယ့်မိန်းမက ဆိုင်းလေးနဲ့တင်ပြီး အလှကြည့်ရမယ့်မိန်းမ။ လှတာမက်ရင် ညစာခေါက်သတဲ့။ မင်းဒုက္ခတွေ ငါ မြင်သေးတယ်"



တိုးကျော်မိန်းမယူစက အမေ ပြောခဲ့သည့်စကားပါ။ တိုးကျော်ကလည်း မခေပါ။ အမေ့ကို နှုတ်လှန်ထိုးခဲ့သေးသည်။

"ကိုယ်က သေကောင်ပေါင်းလဲ လုပ်ကျွေးရမယ့်ဟာ။ ရုပ်ချောတော့ အမောပြေသေးတယ်။ လုပ်လည်းကျွေးရသေး၊ ပြန်လာတော့လည်း အမောမပြေဆို ဘာလုပ်မှာလဲ။ ထမင်းကတော့ သူ မချက်လည်း ကိုယ်ချက်ရုံပေါ့"

တိုးကျော်ပြောတော့ အဖေ ခေါင်းတညိတ်ညိတ်ပြုံးနေသည်။

"ခက်တယ် တိုးကျော်၊ မင်းမသိဘဲ လျှောက်ပြောနေတယ်။ မိန်းမဆိုတာ မီးဖွားရတဲ့ဒုက္ခ၊ ကိုယ်ဝန်ဆောင်ရတဲ့ဒုက္ခကပဲ အတော်ကြီး ပင်ပန်းလှပြီ။ မင်းမိန်းမ ပျော့တိပျော့နွဲ့နိုင်ပုံမျိုးနဲ့ မီးကပ်ပေါ်တောင် နေနိုင်မှာမဟုတ်ဘူး။ နန္ဓင်းတောင်းဖို့ဆိုတာ ဝေးလာဝေးရော"

ထိုစဉ်က အမေပြောသည့် မီးကပ်ဆိုတာကို တိုးကျော် နားမလည်ခဲ့။ အမေ ရှင်းပြမှ အံ့သြရသည်။

"ဟိုခေတ်ကမိန်းမတွေ ကလေးမွေးတာ လွယ်မှတ်လို့။ ရှေးလက်သည်တွေက မီးဖွားပြီး သွေးညီညွတ်အောင်ဆိုပြီး တစ်ကိုယ်လုံး အုတ်ပူတွေနဲ့ထိုး၊ ဒါတင်အားမရဘူး၊ မီးတွေ ပတ်လည်ထည့်ပြီး ကိုယ်က အလယ်ခေါင်မှာ စောင်ကြီးခြုံပြီးနေရတာ။ မီးရှိန်နဲ့ဆိုတာ လူကို ချွေးဒီးဒီးကျရော။ ဒီတော့မှ သူတို့က သွေးသားစင်တယ်ထင်တာကလား။ နန္ဓင်းဆိုတာလည်း သောက်လိုက်ရတာ ပြောမနေနဲ့။ ခုခေတ်မှာတော့ ဒါတွေမရှိတော့ပါဘူး။ တော်ရုံ အုတ်ပူတိုက်ရုံလောက်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



အမေပြောစဉ်က အံ့ဩရုံမှလွဲပြီး သည်လောက်ကြီး အလေးအနက်မရှိခဲ့။ ချိုနွယ့်ကိုရလျှင် ပြီးရော၊ ကျန်သည့်ဒုက္ခတွေကို ရင်ဆိုင်နိုင်မည်ဟုထင်ခဲ့သည်။ လက်တွေ့ဘဝမှာ အိမ်ထောင်တစ်ခုကို ဦးဆောင်ရသည့်အခါမှာတော့ တာဝန်မသေးလှကြောင်းကို တိုးမှကျော် သိလာရသည်။ ရုန်းကန်လိုက်ရသည်က နဖူးတခြွေးခြေမကျမဟုတ်၊ ကိုယ့်ချွေး ကိုယ်ပြန်သောက်ရသည့်အဖြစ်။ လုပ်လိုက်ရသည့်အလုပ်ကလည်း ရာသီအလိုက် နားရသည်မရှိ။ အမေပြောသလို ကူဖော်လောင်ဖက် မိန်းမမျိုးဆိုလျှင် တိုးကျော်သက်သာရာရဦးမည်။ ချိုနွယ်က ပါးစပ်သမား။ ပါးစပ်ကလေးတချွန်ချွန်နှင့်ခိုင်းတတ်သလောက် ဆီမရှိလည်း တိုးကျော်၊ ဆန်မရှိလည်း တိုးကျော်ပါပဲ။ အလဲအဖယ်လေးတောင်မရသော မိန်းမကို တစ်ခါတလေတော့လည်း တိုးကျော် စိတ်ဆိုးချင်သည်။ သို့သော်လည်း ကိုယ်တည်သည့်ဘုရား လင်းတပဲနားနားဆိုသလို အောင့်အည်းသည်းခံရသည်။

အိမ်အပြန် သနပ်ခါးလေးဖွေးဖွေး၊ အပြုံးလေးချိုချိုဖြင့် ကြိုလိုက်သောအခါ တိုးကျော်စိတ်တွေ အရည်ပျော်ကျသွားရသည်။

"ကိုတိုးရေ ခမုန်းလေးကွင်းဘက်မှာ မိကျောင်းတွေ တစ်အားပဲတဲ့တော့"

"ဟုတ်လား"

ရေတစ်ခွက်ကို အနားမှာချပေးပြီး ပြောလာသော ချိုနွယ့်စကားကို တိုးကျော် ယုံရခက်နေသည်။



"ဖြစ်နိုင်ပါ့မလား၊ ဒီလောက် မိကျောင်းဖမ်းသမားတွေ ပေါနေတဲ့ဟာ။ တမင်မွေးထားတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

"အေးနော်"

ချိုနွယ်တစ်ယောက် ငြိမ်ပြီးစဉ်းစားနေပုံရသည်။ ခုနောက်ပိုင်း မိကျောင်းကို တကူးတက မွေးလာကြသည်။ တိုးကျော်တို့ငယ်စဉ်က ရွာထိပ် ကိုကုလားကန်မှာ ရေမမြင်ရလောက်အောင် မိကျောင်းတွေ ပြည့်ကျပ်နေခဲ့သည်။ နွားကျောင်းရင်း၊ ပြေးလွှားကစားရင်း၊ ညောင်သီးခူးစားရင်း ရေငတ်ပြီဆိုလျှင် မိကျောင်းတွေကို တိုးကျော်အလွန်စိတ်တိုသည်။ သူတို့ကြောင့် အေးအေးလူလူ ရေသောက်လို့မရ။ ဆွဲနုတ်ပြန်တော့လည်း သူတို့အဆူးချွန်ချွန်လေးတွေက လက်ကို ဆူးလှသည်။ ဝါဆိုလ ရေတွေပြည့်လျှံနေသည့်အခါမျိုးမှာတော့ တစ်ကန်လုံးဖွေးအောင် မိကျောင်းပွင့်တွေ ဝေဆာနေတတ်သည်။ ကန်ကြီးတစ်ကန်လုံး မိကျောင်းပန်းတွေနှင့် ပြည့်နှက်နေပြီး ပန်းကန်ကြီးလိုဖြစ်နေတတ်သည်။ ထိုအချိန်က မိကျောင်းပင်ကိုနုတ်၍ ဝက်စာကျွေးသည်မှပ တွေတွေထူးထူး အသုံးမဝင်လှ။ ဝက်ကျွေးသည်ဆိုလျှင်တောင် မိကျောင်းပေါက်နုနုလေးတွေကို ဝက်ဆေးအဖြစ် ကျွေးကြခြင်းပါ။ အရွယ်ရင့်လာလျှင် မိကျောင်းသီးချွန်ချွန်များက အာစူးလှ၍ ဆိတ်လို ပါးစပ်အငြိမ်မနေသည့် သတ္တဝါမျိုးတောင် မိကျောင်းကို ရှောင်သည်။

ယခုနောက်ပိုင်းမှာတော့ မိကျောင်းက လူတွေအတွက် အဖိုးတန်ရတနာသိုက်လို ဖြစ်လာသည်။ မိကျောင်းတွေပြီဆိုမြင်

www.burmeseclassic.com

ရသည့်နည်းဖြင့် မြေးလိုက်ကြသည်။ သူ့ထက်ငါ အလုအယက် အပြေးအလွှား ဖြစ်နေကြသည်။ ဖြစ်တာလည်း မပြောနှင့်၊ မိကျောင်းစေ့တစ်ပိဿာ သုံးထောင်ပေးဝယ်သည်။ ယခုနောက်ပိုင်း မိကျောင်းရိတ်သူများလာ၍ ဈေးအနည်းငယ်ကျလာသော်လည်း မိကျောင်းဈေးက မဆိုးလှ။ မိကျောင်းမှည့်သည့်အချိန်ကလည်း နွေရာသီ အလုပ်ပါးချိန်ဖြစ်၍ ဝင်ငွေကောင်းသည့် မိကျောင်းကို လူတိုင်း ရှာရိတ်ကြသည်။ ဒါကိုပင် ဒေသစကားဖြင့် မိကျောင်း ဖမ်းသည်ဟု တင်စားခေါ်ကြသည်။

မိကျောင်းရှာရသည့်အလုပ်ကလည်း တကယ်တော့ ပင်ပန်းလှသည်။ မိကျောင်းဆိုသည့်အပင်မျိုးက တစ်နေရာတည်းမှာ တစ်စုတစ်ဝေး ပေါက်သည်မဟုတ်။ ဟိုနားစုစု၊ သည်နားစုစုနှင့် ရသမျှကို သိမ်းကျုံးရိတ်ရခြင်းဖြစ်သည်။ မိကျောင်းသဘာဝက အသီးရင့်မာလျှင် လေးစိတ်ကွဲသွားပြီး အတွင်းမှ အစေ့လေးများက လေသင့်ရာပါပြီး ချောင်းစပ်၊ ရေစပ်များမှာ ပေါက်ကြခြင်းဖြစ်သည်။ တချို့ ခြံဝင်းအတွင်းမှာလည်း ပေါက်လေ့ရှိသည်။ တိုးကျော်တို့ ငယ်စဉ်က အစ်မများနှင့် အိုးပုတ်တမ်းကစားလျှင် မိကျောင်းသီးများကို ငှက်ပျောသီးလုပ်တမ်း ကစားကြသည်။ မိကျောင်းသီး ချွံကျိုကျိုလေးများကို ပါးစပ်ဖြင့်ကိုက်၍ အပျော်စားပြီး ဖွဲ့ခနဲ ထွေးထုတ်ရသည့်အရသာကလည်း တစ်မျိုးလေးပါ။ ယခုအခြေ အနေမှာတော့ မိကျောင်းက တိုးကျော်တို့ လက်လုပ်လက်စားများ အတွက် တကယ့်ငှက်ပျောသီးပါ။ အခုလို အလုပ်ပါးသည့်ရာသီမှာ မိကျောင်းကိုပင် ကျေးဇူးတင်ရဦးတော့မည်။



"ဟော့ လူကြီး၊ အမယ်. . . သင်းက တယ်ဇိမ်ကျနေပါလား။ ရေပူရေချမ်း ကမ်းလှမ်းမယ့်သူနဲ့ ဘာနဲ့ ရာသီဥတုကောင်းနေတယ် ပေါ့လေ"

ရွာလယ်ပိုင်းသား ထွန်းစက်ပိုင်ရှင် နေကြီးက အိမ်ရှေ့မှ ပေစောင်းစောင်းကြည့်ရင်း လှမ်းနှုတ်ဆက်သည်။

"အေးကွာ၊ ရာသီဥတုအခြေအနေကတော့ မြင်းခေါင်း မကိုင်ရသေးဘူးလို့ ပြောရမှာပဲ"

"ဟား. . . ဟား. . . ဟား၊ မြင်းခေါင်းကိုင်ရပြီဆိုလည်း စောစောစီးစီး ပြောပါဗျာ။ အချင်းချင်း အကူအလှည့်လေးလုပ်ရ တာပေါ့"

နေကြီးက ပြောပြောဆိုဆိုဝင်လာသည်။ ရပ်ခေလ့၊ ရွာခေလ့က သည်လိုပါပဲ။ တစ်ယောက်နှင့်တစ်ယောက် ပြောမနာ ဆိုမနာ နောက်ကြပြောင်ကြသည်။ မြင်းခေါင်းမကိုင်ရသေးဆိုသည့် အဓိပ္ပာယ်က ကျန်းမာရေးကောင်း၍ ဆန်ပြုတ်မသောက်ရသေး ဟု ဆိုလိုခြင်းပါ။ မြင်းခေါင်းက စတီးဖွန်းတံဆိပ်ဖြစ်သည်။

"ဟော့လူ. . . ခင်ဗျားကို ပြောရဦးမယ်။ ကျုပ် ဟိုတစ်နေ့က ချေးဖလုံက ပြန်အလာ၊ ချေးဖလုံနဲ့ ဇီးပင်စုအကြား ကိုင်းတော အစပ်မှာ မိကျောင်းအုပ်တွေ့တယ်ဗျ"

တိုးကျော်က နေကြီးရှေ့ ရေနွေးခွက်ချပေးလိုက်သည်။

"သေချာလို့လားကွ၊ အဲဒီဘက်ကို အေးနိုင်တို့အဖွဲ့တွေ သွားတယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . သေချာလို့ ကျွန်တော် မချိန့်နွှယ်ကိုတောင် ပြောထားသေးတယ်။ ကိုင်းတောကြားမှာ ပေါက်နေတာဆိုတော့ တော်ရုံလူ မမြင်နိုင်ဘူးဗျ။ ကျွန်တော်တောင် အပေါ့ဆင်းသွားလို့ တွေ့တာ"

"အေး. . . ဒါဆို ငါ မနက်ဖြန်သွားမယ်ကွာ"

တိုးကျော်က အားပါးတရပြောသည်။ သည်လိုသေချာလို့ကတော့ သွားနိုင်ပါ့။ မသေချာဘဲနှင့်တောင် တစ်ကွင်းလုံး၊ တစ်တောင်လုံး နှံ့အောင်သွားရသေးတာ။

"ဟုတ်တယ်၊ သွားဆို မြန်မြန်သွားတာ အကောင်းဆုံးပဲ။ တော်ကြာ သူများ ဦးမယ်"

မိန်းမဆိုတော့ လောဘလေးရှိချင်သည်။ တိုးကျော်က တစ်နေ့လုံး မိကျောင်းဖောက်ထား၍ လူက ဖိန်းတိန်းရှိန်းတိန်း ဖြစ်ချင်နေသည်။

"သွားလိုက်ပါ၊ အနည်းဆုံး နှစ်ပိဿာ၊ သုံးပိဿာဆိုတာ အောက်ထစ်ပဲ"

"အေးကွာ၊ ဒါဆို မဆိုးဘူး၊ သွားမယ်"

တိုးကျော် စိတ်တုံးတုံးချလိုက်သည်။ မိကျောင်းက ရိတ်ရသည်က အပန်းမကြီး၊ ဖောက်ရသည်က ပင်ပန်းကြီးလှသည်။ မြေကြီးထဲမှာ အပေါက်နှစ်ပေါက်ပါသော မီးဖိုကြီးကိုတူး၍ မြေကြီးကို ပြောင်ချောအောင် မံထားရသည်။ အနီးပတ်ဝန်းကျင်ကိုလည်း အမှိုက်သရိုက်များ ပြောင်ချောအောင် လှည်းကျင်းရသည်။ ပြီးလျှင် မီးဖိုတစ်ဝိုက်ကို တိုင်စိုက်၍ စောင်ဖြစ်စေ၊ ရိုင်ပတ်ဖြစ်စေ လေလုံအောင်ကာထားရသည်။ မဟုတ်လျှင် မိကျောင်းသီးတွေ ပြန့်ကြဲသွားနိုင်သည်။ ထိုလေလုံနေသော အကာအတွင်းဝင်၍ တစ်ဘက်ပေါက်က မီးထိုး၊ တစ်ဖက်ပေါက်က မိကျောင်းပင်တွေ မီးမြှိုက်ရသည်။ မီးမြှိုက်နေစဉ် မျက်စိကို အဝတ်ဖြင့်ကာထားရသည်။ မိကျောင်းသီးဆန် မျက်စိတွင်းဝင်လျှင် မျက်လုံးထိခိုက်နိုင်သည်။ မျက်စိလိုအရာမပြောနှင့် အင်္ကျီ၊ လုံချည်ကပ်လျှင်တောင် တော်ရုံနှင့် ခွာမရ၍ ရေစိမ်ပြီးမှ လျှော်ရသည်။ သည်တော့လည်း မိကျောင်းဖောက်သမားမှန်သမျှ အင်္ကျီမဝတ်ဘဲ ကိုယ်လုံးပြောင်အတိုင်းသာ ဖောက်ကြသည်။ နေပူပူ လေလုံသော အကာအရံတွင်းမှာ မိကျောင်းဖောက်ရသည့်အဖြစ်က အမေပြောသည့် မီးကပ်ပေါ်တက်ရသည့် မီးနေသည်ထက်ဆိုးသည်။ ချွေးဒီးဒီးကျအောင် ပူလောင်သည့်ဒဏ်က လူတစ်ကိုယ်လုံး မီးကင်ထားသလို ဖြစ်နေရသည်။ မိကျောင်းဖောက်သည့်နေ့မှစပြီး တိုးကျော် အမေ့ကို ကျေးဇူး အထပ်ထပ်တင်နေမိသည်။ ကလေးခုနစ်ယောက်၊ ရှစ်ယောက်မွေးပြီး မီးကပ်ပေါ်တက်ရသည့်အဖြစ်က ဘယ်လောက်များ ပင်ပန်းရှာမလဲဟု တိုးကျော် စာနာမိသည်။

"ကဲ. . . သွားမယ်ဗျာ"

နေကြီးက စကားစမြည်ပြောပြီး နှုတ်ဆက်ထွက်သွားသည်။ တိုးကျော် ချိန့်နွှယ့်ဘက် လှည့်လိုက်သည်။

"ကဲ. . . မနက်ဖြန်သွားမယ်၊ ထမင်းချိုင့် ထည့်သွားမယ်။ ဘာဟင်းရှိလဲ"



www.burmeseclassic.com

www.burmeseclassic.com



တိုးကျော်မေးတော့ ချိုနွယ် မျက်လုံးလေးထောင့်ကပ်ပြီး စဉ်းစားနေသည်။

"ဘာမှလည်း မရှိဘူး။ ဒီနေ့တောင် ခရမ်းချဉ်သီးနဲ့ ပဲငါးပိလေး ချက်မလားလို့ စဉ်းစားတာ။ ကိုတိုးတို့အမေအိမ်က ခရမ်းချဉ်သီး တောင်းရမှာ ကြောက်တာနဲ့ ကန်စွန်းရွက်ချဉ်ရေကြမ်းလေးချက်ပြီး အာပြခြောက်လေး ကြော်ထားတယ်"

"ရပါတယ်၊ ဘာပဲဖြစ်ဖြစ် ပင်ပန်းရင် စားဝင်တာပဲ"

ပြောလို့သာပြောရ၊ တိုးကျော်က ဟင်းကောင်းကြိုက်သည်။ အိမ်မှာဆို လျှာရင်းမြက်မှ စားတတ်တာ တိုးကျော်အကျင့်။ ခုတော့ လည်း ကိုယ့်ဘဝနှင့်ကိုယ် အသားကျနေခဲ့သည်။

"ကိုယ့်ယောက်ျားကြီး ပင်ပန်းလို့ ဟင်းကောင်းကောင်းကျွေး ချင်တာတော့။ ဒါပေမယ့် ဘယ်မှမရှာတတ်၊ မဖွေတတ်တော့ ရှိတာ ချက်ရတာ"

"အေးပေါ့ဟာ၊ ငါ အမေတို့အိမ်ဘက် ခဏသွားဦးမယ်"

တိုးကျော် စိတ်ကူးရပြီး အမေတို့အိမ်ဘက် ထွက်လာခဲ့သည်။

"ကိုတိုးရေ ဘာလေးညာလေးရရင် ယူခဲ့နော်"

ချိုနွယ်က ခြံပေါက်ဝရောက်မှ လှမ်းအော်သည်။ ချိုနွယ် မှာလည်း မှာချင်စရာပါ။ အမေတို့အိမ်က လယ်ကေသုံးဆယ်ကျော် လယ်သမားကြီးအိမ်ဖြစ်၍ အမေ့အိမ်မှာ ဆန်၊ ဆီမှအစ အသီး အနှံ ငါးပိ၊ ဆား၊ ငါး ရှားလှသည်မဟုတ်။ အမေကလည်း အိမ်မှာ ရှိသမျှ တိုးကျော်ကို ပေးပါသည်။ ထို့အတူ ချိုနွယ်ကလည်း အိမ်မှာ



ပိုပိုလျှံလျှံလေးရှိလာသမျှ သူ့အမေအိမ်ကို ပို့ပါသည်။ တိုးကျော် ယောက္ခမ မပုက မုဆိုးမ၊ သမီးသုံးယောက်အမေပါ။ ချိုနွယ်က သမီးဦးဖြစ်သည်။ သမီးဦးလေး တင့်တောင့်တင့်တယ်လှနှင့် အိမ်ထောင်ကျ၍ မယ်ပုတစ်ယောက် အမျှော်လင့်ကြီး မျှော်လင့် ခဲ့သည်။ သို့သော်လည်း ချိုနွယ့်ကို သဘောမကျသော တိုးကျော် တို့ဘက်က ဘာမျှမပေးခဲ့။ အမေက သားအတွက် စိတ်မကောင်း ဖြစ်မိသော်လည်း အဖေက ပြတ်သည်။

"ဒီကောင် ဘယ်လောက်ရုန်းနိုင်မလဲဆိုတာ ငါ ကြည့်လိုက် ဦးမယ်"

တကယ်ပင် တိုးကျော်အတွက် အဖေ ဖြစ်ဖြစ်မြောက်မြောက် ဘာတစ်ခုမျှမပေးခဲ့။

မယ်ပုကလည်း မခေ။ အမျှော်လင့်ကြီး မျှော်လင့်ထားပြီး ဘာမှဖြစ်မလာသောအခါ အရပ်ထဲလှည့်ပြောတော့သည်။

"ရေရေရာရာ သားသမီးရယ်လို့ အထင်မကြီးပါနဲ့တော်။ ဘာမှ မဟုတ်ပါဘူး"

ထိုစကားကို တိုးကျော်အစ်မတွေကလည်း ပြန်ကြားသည်။

"ဘာတန်မှမဟုတ်လို့ ဘာမှမပေးတာ။ ဘာမှ နာမနေနဲ့"

သူတို့တွေ ဘာပြောပြော ချိုနွယ်နှင့် တိုးကျော်က ပျော်ပါ သည်။ လင်မယားနှစ်ယောက် ရှိသမျှနှင့် ရောင့်ရဲတင်းတိမ်ရင်း နေဖြစ်ကြသည်။ အမေက သားကို အချစ်ပိုသူပီပီ အမေ့အိမ် ရောက်တိုင်း ပိန်တာ၊ ဝတာ၊ လန်းတာ၊ နွမ်းတာ တစိမ့်စိမ့်ကြည့်ပြီး

www.burmeseclassic.com



ပြောတတ်မြဲ။ ယခုလို တိုးကျော် မိကျောင်းရိတ်နေမှန်းသိလျှင် အမေ ဘယ်လောက်များ စိတ်မကောင်းဖြစ်ရှာမည်မသိ။ အတွေးနှင့် အတူ တိုးကျော် အမေ့မျက်နှာကို မြင်ချင်စိတ် ပြင်းပြလာသည်။ ခြေလှမ်းသွက်သွက်လှမ်းရင်း ရွာလယ်ပိုင်းရှိ အမေ့အိမ်ဝိုင်းထဲ လှမ်းဝင်ခဲ့သည်။

"ဟိုမှာ လာပါပြီ အမေ့သား၊ ဘယ်နတ်ကများ နှိုးဆော်လိုက်တယ်မသိဘူး"

အစ်မအပျိုကြီးက အမေ့ကိုလှမ်းအော်၍ အမေ မီးဖိုထဲက ပြေးထွက်လာသည်။ အမေ့မျက်နှာက အစွမ်းကုန်ပြုံးနေသည်။

"လာ. . . ငတိုး၊ အမေက ဝက်သားဟင်းချက်လို့ ငါ့သားလေး လာရင် ကောင်းမှာပဲလို့တွေးနေတာ"

တိုးကျော် ဗိုက်ထဲ လှပ်ခနဲဆာသွားရသည်။ ဟင်းနံ့လေးကလည်း မွှေးအီနေသည်။

"ဝက်သားမှ ပိသာလုံးတွဲကြီးတော်။ နင့်အဖေ ဟိုဘက်ရွာသွားလို့ ဆွဲလာတာ"

တိုးကျော် ပါးစပ်ထဲ သွားရည်တွေပြည့်လာသည်။ ယခင်ကသည်လိုဟင်းကောင်းချက်ပြီဆိုလျှင် မီးဖိုထဲမှာ တိုးကျော်လက်၊ တိုးကျော်ခြေကြီးပါပဲ။ အမေကလည်း အဖေ့ထက် တိုးကျော်ကို ဦးစားပေးသည်။

"စားပြီးမှသွား၊ နင့်အဖေပြန်လာတာနဲ့ စားမယ်"

"အဖေက ဘယ်သွားလို့လဲ အမေ"



"ဘုန်းကြီးကျောင်း သွားတယ်လေ။ နင်နဲ့ လမ်းမှာမတွေ့ဘူးလား"

"မတွေ့ဘူး အမေ၊ ဒါဆို အဖေက ကြာမှာ။ သားက အိမ်မှာ အလုပ်ရှိသေးတယ် အမေရ"

အမေက ချက်ခနဲဆို နားခွက်က မီးတောက်သည်။

"ဒါဆိုလဲ အမေ ခပ်ပေးလိုက်မယ်။ လင်မယားနှစ်ယောက်စားကြပေါ့။ ဘာလေးညာလေးလည်း ထည့်သွားဦး"

ချိန္တယ်မှာသည့် ဘာလေးညာလေးကိုပင် အမေက အတတ်သိနေသည်။ တိုးကျော်တစ်ယောက် ဝမ်းသာလုံးဆို့နေသည်။ ယခုနေများ အမေ့လက်ရာ ဝက်သားဟင်းနှင့်စားရလျှင် နံကျွံသွားမလားမပြောတတ်။ အမေက ပြောပြောဆိုဆို တောင်းတစ်လုံးယူပြီး တွေ့ရာတွေ ပစ်ထည့်နေသည်။ ဟင်းကိုတော့ လင်မယားနှစ်ယောက်စာ ချိုင့်ကလေးနှင့်ထည့်ပေးသည်။

"အမေ သားကို ပဲငါးပိလေးလည်း ပေးလိုက်ပါ။ သားမနက်ဖြန် ထမင်းချိုင့်ထည့်သွားချင်လို့"

အမေ မျက်မှောင်ကြုတ်သွားသည်။

"သားက ဒီအချိန် ထမင်းချိုင့်နဲ့ ဘယ်သွားမှာလဲ"

"မိကျောင်းရိတ်နေတာ အမေ၊ မနက်ဖြန် ဇီးပင်စု ဟိုဘက်ကိုင်းတောမှာ မိကျောင်းအုပ်တွေ့တယ်ဆိုလို့ သား သွားရိတ်မလို့။ ရွာလည်းများ ဝေးလည်းဝေးတော့ ထမင်းချိုင့်နဲ့သွားမှရမှာ အမေ"

"ဖြစ်ရတယ် သားရယ်"

www.burmeseclassic.com



အမေ့အသံ တိမ်ဝင်သွားသည်။ ပြီးမှ ဆက်ပြောသည်။

"ဇီးပင်စုကိုင်းတောဆိုတော့ ဖြစ်ပါ့မလားသားရယ်။ အဲဒီဟိုဘက်က နွားစားကျက်ပြက်ကြီးပဲ ရှိတော့တာ။ လူ့သူပြတ်ပါဘိသားရယ်"

ပြက်ဆိုသည်က အင်္ဂလန်ဘုရင်မကြီး လှူထားခဲ့သော ရွှေးပဝေသဏီကတည်းက ကျွဲ၊ နွားစားကျက်ကြီးပါ။ တစ်မျှော်တစ်ခေါ်ကျယ်ပြီး အမေပြောသလို လူသွားလူလာလည်း ပြတ်ပါ၏။ ကိုင်းပင်တွေကလည်း ဟိုတစ်စု၊ သည်တစ်စုနှင့် လူတစ်စု ခိုအောင်းနေလျှင်တောင် မြင်ရဖို့ခက်သည်။

"တို့ငယ်ငယ်က ခေတ်ပျက်ကြီးဆိုတော့ အဲဒီမြက်ထဲမှာ မကြာခဏ လူသေလောင်းတွေ တွေ့ရတာ။ တို့ဖြင့် ကြောက်လွန်းလို့ နေ့ခင်းတောင် ပြက်စပ်က မသွားရဲဘူး"

"အဲဒီတုန်းက တိုင်းပြည်မငြိမ်မသက်အချိန်မို့ပါ အမေရာ။ အခုက ခြေချင်းလိမ်နေပါပြီ။ ထွန်စက်မောင်းသမားတွေရော၊ နွားကျောင်းသမားတွေရော အများကြီးပါ"

"အေးလေ ဟုတ်မှာပါ၊ ဒီတုန်းက ကာကွယ်ရေးသမားဆိုတာလည်း သေနတ်နဲ့၊ အဖြူ၊ အနီဆိုတာတွေကလည်း သေနတ်နဲ့။ အခုလို အေးအေးချမ်းချမ်းနဲ့ ခေါင်းကျကျ အိပ်ရဖို့ဆိုတာ အဝေးကြီး။ အခုတော့လည်း ကိုယ့်ထမင်းကိုယ်စားရတဲ့အပူပဲ ရှိတယ်"

"ကျွန်တော်က အဲဒီအပူတောင် မခံစားချင်ပါဘူးအမေရာ"

"ဒါကတော့ မင်းဘာသာ ဖန်တီးထားတဲ့အပူပါပဲကွယ်၊ သူများသားသမီး ယူထားပြီးရင် လုပ်ကျွေးရမှာပေါ့"



ထိုခဏ အစ်မ အိမ်ပေါ်တက်လာသည်။ အမေက တောင်းကို အဝတ်လေးနှင့် ဖုံးထားလိုက်သည်။

"ငတိုးရေ မင်းသွားရင် မအေးငွေတို့အိမ်က တောင်းလေးယူသွားပါကွယ်။ အမေ မှီထည့်လာတာ"

အမေ ဉာဏ်ဆင်လိုက်မှန်း တိုးကျော် ရိပ်မိသည်။ အစ်မသိလျှင် ငြိုငြင်မှာစိုး၍ တိုးကျော်ဘက်က ကာလိုက်ခြင်းပါ။

"ရော့ . . ရော့၊ ဒီမှာ တောင်း"

အမေက တိုးကျော်လက်ထဲ သွက်သွက်ထည့်ပေးသည်။ တိုးကျော် တောင်းလေးယူပြီး အောက်ဆင်းလာသည်။ အိမ်နောက်ဘက် ခရမ်းချဉ်သီးခင်းဆီ တိုးကျော် ထွက်လာခဲ့သည်။ မြကျနေသော ခရမ်းချဉ်ပင်တွေမှာ အသီးတွေ ညွတ်ရဲနေသည်။ တိုးကျော် တဆတ်ဆတ် ခူးထည့်လိုက်သည်။

"အမေ့သားဆီ ပါသွားပြန်ပြီလား"

"နည်းနည်းပါးပါးပါအေ"

"ချွေးမကတော့ ဇိမ်ပေါ့"

အစ်မ မကျေမနပ်ပြောနေသံကို ခရမ်းချဉ်ခင်းထဲမှ တိုးကျော် ကြားနေရသည်။

"ညည်းမောင်လေး မိကျောင်းရိတ်နေရတယ်တဲ့အေ့။ နေတောင် ဇီးပင်စုကွင်းပြက်စပ်မှာ သွားရိတ်မလို့တဲ့"

"ဟောတော်၊ ကြည့်လည်းလုပ်ပါ အမေရယ်။ သမီးတို့ ငယ်ငယ်က ဘကြီးကျွန်တစ်ယောက် ပြက်စပ်မှာ သရဲကုပ်ခိုးလို့ဆို"

www.burmeseclassic.com

www.burmeseclassic.com



"သိပါဘူးအေ၊ သရဲပဲ ကုပ်ချိုးလား၊ လေသင်တုန်းပဲ ဖြစ်သလား။ လျှာကြီးထွက်ပြီး သေတာပဲ"

"ဒါနဲ့များတောင် အမေ မတားလိုက်ဘူးလား"

အစ်မလည်း ပါးစပ်ကသာ တဖျစ်တောက်တောက်ပြောနေသော်လည်း တိုးကျော်ကို ချစ်ပါသည်။

"အိုအေ. . . သူများသမီး ယူထားပြီးရင် လုပ်ကျွေးရမှာပေါ့အေ။ အမေကတော့ ကိုယ့်သားလေး တပင်တပန်း ဘာလုပ်စေချင်မှာလဲ။ ဖြစ်နိုင်ရင် ကြက်မကြီးလို အတောင်ဖြန့်ပြီး အုပ်ထားချင်တာပေါ့"

ခရမ်းချဉ်သီးခူးနေသော တိုးကျော်လက်တွေ တွန့်ဆုတ်သွားရသည်။ အမေပေးလိုက်သောတောင်းကို ခပ်သွက်သွက်ကောက်မရင်း တိုးကျော် ထွက်လာခဲ့သည်။ ရင်ထဲ ဆို့နင့်နင့်ကြီးဖြစ်နေ၍ ခြေလှမ်းတွေပင် လေးကန်နေသည်။ အိမ်ဝအရောက် ချိုနွယ့်အပြုံးကို တွေ့လိုက်ရသည်။ တောင်းကိုလှမ်းယူပြီး ကူချပေးသည်။

"ဟယ်. . . အစုံပဲတော့။ ယောက္ခမကြီး တော်တယ်"

ချိုနွယ်က အမေထည့်ပေးလိုက်သော ပစ္စည်းတွေကိုကြည့်ပြီး ဝမ်းသာအားရပြောသည်။ မြေပဲဆီ၊ ငရုတ်၊ ကြက်သွန်၊ ပဲ၊ မြေပဲအပြင် ဘဲဥတောင် အဆစ်ပါလိုက်သေးသည်။

"ဟင်. . . ကိုတိုး ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား"

တိုးကျော်မျက်နှာကို ချိုနွယ် သတိထားမိသွားသည်။



"မှန်း. . . ကိုယ်လည်း မပူပါလား"

ချိုနွယ့်လက်တစ်ဖက်က တိုးကျော်နဖူးပေါ် ရောက်လာသည်။

"ဘာမှမဖြစ်ပါဘူးဟာ၊ အမေ့ကို စိတ်မကောင်းလို့ပါ"

"ဘာပြောလို့လဲဟင်၊ အမေက ဘာပြောလိုက်လို့လဲ"

"ဘာမှတော့ မပြောပါဘူး။ ပစ္စည်းတွေထည့်ပေးလိုက်တာ စိတ်မကောင်းလို့ပါ"

"သြော်. . . ဒါကတော့ ကိုတိုးရယ်၊ မိဘမေတ္တာပေါ့။ ချိုနွယ်တို့ ကိုတိုးတို့ သားသမီးတွေရလာခဲ့ရင်လည်း ဒီလိုပဲနေမှာပေါ့။ ခုကတည်းက ပြောထားမယ်နော်၊ ချိုနွယ်က သားလေးရလာရင် တိုတိုးထက် ပိုချစ်မှာ. . ."

"အေးလေ၊ ဒါလည်းဟုတ်တာပဲ။ ကိုယ့်အလှည့်ကျရင်သာ မိဘမေတ္တာနဲ့ မိဘဝတ္တရားကျေပါ့မလား စိုးရိမ်နေရတာ"

"ကြိုးစားရမှာပေါ့ ကိုတိုးရယ်"

တိုးကျော် ချိုနွယ့်မျက်နှာကို ကြည့်လိုက်သည်။ သည်လိုတော့လည်း ဘက်ညီသား။ တိုးကျော်စိတ်တွေ ပြန်လည်လန်းဆန်းသွားသည်။ ဟုတ်တယ်၊ ကြိုးစားရမှာပေါ့။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## မမှန်သော သစ္စာ

×××ဤကမ္ဘာမြေ တစ်လွှားဝယ်×××သူငါများတို့ရယ်×××
×××အလှနဲ့သစ္စာကိုကွယ်×××ဖွေရှာမောလှတယ်×××

ငယ်စဉ်က အလှနှင့်သစ္စာကို ဤမျှ ရှာရခက်သလားဟု ခင်ခင်ဆင့် တွေးခဲ့မိဖူးသည်။ သီချင်း၏အဓိပ္ပာယ်ကို ခင်ခင်ဆ[illegible] နားလည်ဖို့မကြိုးစားမိ။ အရွယ်လေးရလာမှ ကောင်းကောင်းကြ[illegible] သဘောပေါက်ခဲ့ရသည်။

"ရှေးတုန်းကလူတွေ သိပ်ပြီးသစ္စာရှိကြတယ်။ မရိုးမဖြော[illegible] လုပ်စားတဲ့သူတွေတောင် သစ္စာထားကြတယ်"

ခင်ခင်ဆင့်အဘွား၏ ရှေးခေတ်ဟောင်း အောက်မေ့ဖွယ[illegible] ဇာတ်လမ်းတွေထဲမှာ သစ္စာ၏အလှကို မကြာခဏ တွေ့မြင်ရသည[illegible]

"တို့ငယ်ငယ်က အိမ်ကို ဓားပြတိုက်တော့ အမေက ကြော[illegible] အားကြီးပြီး ဓားပြကို သူ့သားနဲ့မှားပြီး 'ရော့ . . . သား၊ ဒီမှ[illegible] အမေတို့ မဂ်လာဦးနားကပ်လေး၊ ငါ့သား သိမ်းထား' ဆိုပြီးပေ[illegible] လိုက်တာ၊ ဓားပြက 'အဘွားကြီး၊ ကျုပ် ခင်ဗျားသားမဟုတ်ဘူ[illegible] ခင်ဗျားမင်္ဂလာဦးနားကပ်လည်း ကျုပ် မလိုချင်ဘူး။ တခြားဟာသ[illegible] ပေး' ဆိုပြီး ပြန်ပေးခဲ့သတဲ့လေ"





အမေပြောတော့ အဘွားကလည်း အံ့ကျမိခဲ့ ပြောခဲ့သည်။

"ဒါလောက်များ ဘာဟုတ်သေးလဲ။ ဂျပန်ခေတ်က ရွာကို ဂျပန်စစ်သားတွေလာတော့ တို့အစ်ကို ဖိုးစိုးမောင်ကို ဒီရွာမှာ တော်လှန်ရေးကောင်တွေ ရှိလားလို့မေးတော့၊ ကိုစိုးမောင်က မပြောဘူး။ အမှန်တော့ စစ်ကြောင်းက ရွာအနောက်ဘက် ကိုင်းတောထဲမှာစောင့်နေတာ။ ကိုစိုးမောင်က ဘယ်လိုမေးမေးမဖြေတော့၊ ဂုန်နီအိတ်ထဲထည့်ထုပ်ပြီး ရေထဲပစ်ချ၊ ရေထဲမှာ နှစ်ချည်၊ ဖော်ချည် လုပ်တော့တာ။ သူ့ခမျာ သေလုမြောပါးဖြစ်နေတာတောင် မပြောဘူးတော်။ သစ္စာရှိချက်များ"

သည်တော့လည်း သစ္စာဆိုတာကို ခင်ခင်ဆင့် နားလည်ခဲ့ရသည်။ အဘိုးလေးကျတော့လည်း တစ်မျိုး။ တရားသမားပီပီ သစ္စာ၏ အနက်အဓိပ္ပာယ်ကို တရားသဘောနှင့် ရှင်းပြခဲ့သည်။

"ရှေးတုန်းက သူတော်ကောင်းတွေက အကြောင်းတစ်စုံတစ်ရာရှိရင် သစ္စာကို တိုင်တည်ကြတယ်။ ဒုကုလနဲ့ ပါရိကာတောင် သားတော်လေး သုဝဏ္ဏသာမအတွက် သစ္စာဆို တိုင်တည်တာနဲ့ မြားမှန်တဲ့ဝေဒနာက လျော့ကျပျောက်ကင်းပြီး အသက်ရှင်ခွင့် ရခဲ့တယ်။ သစ္စာဆိုတာ တကယ်တော့ အမှန်တရားပဲ။ ဒါပေမယ့် သစ္စာဆိုတဲ့လူက သီလမြဲမြံမှလည်း သစ္စာက အထောက်အပံ့ ဖြစ်တာ"

အဘိုးလေးက တရားဓမ္မကို အတော်လေးလိုက်စားသူ ဖြစ်သည်။ အချိန်တိုင်း ဘုန်းကြီးကျောင်းမှာ အနေများသည်။ ဥပုသ် ဆောက်တည်၊ ဆရာတော့်ဝေယျာဝစ္စက သူ့အလုပ်တု

www.burmeseclassic.com

www.burmeseclassic.com



သဘောထားပုံရသည်။ အဘွားလေးနှင့် သားသမီးတွေက ကိုယ်တိုင် လုပ်ကိုင်စားရသည်။ အိမ်၏စီးပွားရေးကို ယောင်လို့မျှ လှည့်မကြည့်။ ဒါကို သူညီ ဘိုးလေးထွန်းအောင်က ကဲ့ရဲ့သည်။

"သစ္စာဆိုတာ အမှန်တရားတော့ဟုတ်တယ်ကွ။ ဒါပေမယ့် သီလမြဲတာ၊ မမြဲတာနဲ့မဆိုင်ဘူး။ ဒီလူမျိုးနဲ့ ငါ သစ္စာပြိုင်ဆိုရဲပါ့ကွာ"

ဘိုးလေးထွန်းအောင်က အရက်သောက်သည်။ ဥပုသ် ကျောင်းလည်း သွားချင်သည့်အခါသွားသည်။ သို့သော်လည်း ဇနီး မယားကို မားမခါးချ လုပ်ကျွေးသည်။ သူ့အစ်ကို ကိုထွန်းမောင်ကို ကျေနပ်လှသည်မဟုတ်။ သည်တော့ ကန့်လန့်တိုက်ချင်သည်။

"အဲဒီထွန်းမောင်က တစ်ကိုယ်ကောင်းသမားကွ"

မထိခလုတ် ထိခလုတ်ပြော၍ အစ်ကိုဖြစ်သူက ခေါင်းရှောင် သည်။

"လမ်းကြောင်းမတူတဲ့ကောင်နဲ့ စကားမပြောတာ ကောင်းတယ်ကွ"

ဘိုးထွန်းမောင်ပြောတော့ ဘိုးထွန်းအောင်ကလည်းမခေ။

"လမ်းကြောင်းမတူပေမယ့် မင်းနဲ့ငါ သစ္စာပြိုင်ဆိုရဲတယ် ဟေ့ကောင်။ ဒီမှာကြည့်၊ ဘုရားတပည့်တော်သည် လူမှန်းသိတတ် စမှ ယနေ့အချိန်အထိ တစ်နေ့တစ်ရက်မျှ ငါးပါးသီလ မလုံခြုံပါ။ သားကျွေးမှု၊ မယားကျွေးမှုအတွက် ရှာဖွေရန်းကန်ရပါသည်။ ပင်ပန်းသောကြောင့် အရက်လည်း သောက်မိပါသည်။ ဤမှန်သော သစ္စာကြောင့် မကြောင့်မကြ၊ မတောင့်မတ အရက်သောက်ရပ် လို၏"



ဘိုးလေးထွန်းမောင်က နှာခေါင်းရှုံ့လျှက် ထပြေးသွားသည်။ ဘိုးလေးထွန်းအောင်က ပြုံးပြုံးကြီး ကလိလိုက်သေးသည်။

"ငါးပါးသီလကို ကာယကံ၊ ဝစီကံ၊ မနောကံ သုံးခုလုံးထိန်းနိုင် တယ်လို့ပဲ သစ္စာဆိုစမ်းပါဦး။ ဟား. . . ဟား. . . တစ်ကြိမ်တစ်ခါ တော့ ဖောက်လွဲဖောက်ပြန်ရှိဦးမှာပေါ့ကွာ"

ဘိုးလေးထွန်းမောင်က အသက်ခြောက်ဆယ်နှင့် ကွယ်လွန် ခဲ့သော်လည်း ဘိုးလေးထွန်းအောင်က အသက်ရှစ်ဆယ်အထိ ကျန်းကျန်းမာမာနှင့် သားသမီးများ အပြုအစုခံပြီး သေသွားခဲ့သည်။ အရက်ကိုလည်း အသက်ကြီးမှ အမြင်မှန်ရပြီး ပြတ်သွားခဲ့သည်။ သူ့သစ္စာနှင့်သူတော့ ဟုတ်နေခဲ့သည်။

◈ ◈ ◈

နံနက်ခင်းတိုင်း အသံစာစာလေးကို ကြားနေရသည်။ ယခင်က သည်အသံမျိုး ခင်ခင်ဆင့် မကြားဖူးပါ။ ခင်ခင်ဆင့်တို့ ရပ်ကွက်က လူနေကျဲပါးသည်။ နံနက်တိုင်း ဘကြီးစိုးတင့်၏ ဘုရား ရှိခိုးသံသြသြကြီးနှင့် ကြီးတော်မတော၏ ကြေးစည်ရိုက်သံသဲ့သဲ့က ခင်ခင်ဆင့်တို့ရပ်ကွက်၏ အရုဏ်ဦးသံစဉ်များဖြစ်သည်။ သည် နောက်ပိုင်းမှာတော့ ပဲပြုတ်နံပြားသည်၊ မုန့်စိမ်းပေါင်းသည်နှင့် အခြား သရေစာသည်များ၏အသံများကို ကြားနေကျဖြစ်သည်။ မျက်စောင်းထိုးအိမ်မှ တစ်ခါတစ်ရံ စိတ်လိုလက်ရဖွင့်တတ်သော ကြာနီကန်ဆရာတော်၏ ပဋ္ဌာန်းတရားတော်ကိုကြားရမှပင်တော့ ခင်ခင်ဆင့် အလွန်ပျော်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပဋ္ဌာန်းတရားတော်သည် ခင်ခင်ဆင့်ဘဝအတွက် အလွန်အရေးပါသည်။ ငယ်စဉ်ကတည်းက ဘွားအေကြီး နှုတ်တိုက်ချပေးတတ်သော နှစ်ဆယ့်လေးပစ္စည်း ခေါ် ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပြီးမှ ခင်ခင်ဆင့် အိပ်ရာဝင်လေ့ရှိပါ၏။ ထိုအကျင့်ကို စွဲမြဲရာမှ အထုံအလေ့ဖြစ်ပြီး အကြောင်းကိစ္စကြီးငယ်ရှိလျှင် ပဋ္ဌာန်းရွတ်ပြီး ခင်ခင်ဆင့် ဖြေသိမ့်ဆုတောင်းတတ်မြဲ။ အမှတ်တရအရှိဆုံးက ခင်ခင်ဆင့် ဆရာမဖြစ်ပြီးချိန် ကျေးရွာတစ်ရွာမှာ တာဝန်ထမ်းဆောင်စဉ်ကဖြစ်သည်။ ထိုရွာကလေးက အိမ်ခြေမများလှသော်လည်း ချမ်းသာကြွယ်ဝသူ များလှသည်။ ခင်ခင်ဆင့်ကို ထားပေးသောအိမ်သည် ရွာထဲမှာ အပြေလည်ဆုံးဖြစ်သည်။ ခင်ခင်ဆင့်ရောက်ပြီး မကြာမီ ထိုအိမ်ကို ဓားပြတိုက်ခံရသည်။

ထိုညက အိမ်ရှင်ဦးလေးမရှိဘဲ အိမ်ရှင်အဒေါ်နှင့် ကလေးများသာ ခင်ခင်ဆင့်နှင့်အတူ ရှိနေသည်။ ကလေးများကို စာပြပြီး ခင်ခင်ဆင့် အိပ်ရာဝင်စမှာပင် အိမ်ရှေ့မှ တံခါးခေါက်သံကြားရသည်။ 'အိမ်ရှင်တို့ တံခါးဖွင့်ပါဦး၊ ကျွန်တော်တို့ တည်းခိုချင်လို့ပါ' ဟူသောအသံက ခင်ခင်ဆင့်ရင်ကို ဒိန်းခနဲခုန်လှုပ်စေသည်။ သည်အရပ်မှာ သည်လိုဧည့်သည်မျိုး မရှိနိုင်ပါ။ ဆွေမျိုးသားချင်းမရှိလျှင် လာလည်ဖို့ခက်ခဲသည့်ဒေသ။ မိုင်နှစ်ဆယ်ကျော်သွားရုံမျှဖြင့် အရှေ့ဘက် မုတ္တမကွေ့ စီးဝင်ရာ စစ်တောင်းမြစ်ဝ ချေပြင်ကျယ်ကြီးဆီရောက်သည်။ ကြားမှာ ရွာကြီးကြီးမားမားဟူ၍လည်း မရှိ။ ချောင်းရိုး၊ မြောင်းရိုးများ ပြည့်နှက်နေသော ရွာသိမ်ရွာငယ်



များသာရှိသည်။ ယခုလို ဧည့်သည်မျိုးကို သင်္ကာမကင်းဖြစ်စရာကောင်းလှသည်။ ခင်ခင်ဆင့်က စိတ်ထဲ စနောင့်စနင်းဖြစ်သည်နှင့် ပဋ္ဌာန်းဒေသနာတော်ကို ခေါက်တုံ့ခေါက်ပြန်ရွတ်နေခဲ့သည်။ တံခါးခေါက်သံက ရပ်မသွားခဲ့။ မကြာမီ အိမ်ရှင်အဒေါ်၏ အားကိုးတကြီးအသံ ထွက်လာသည်။

"ဆရာမရေ အိမ်တံခါးဖွင့်ပါတဲ့။ ဧည့်သည်တွေ တည်းခိုချင်လို့တဲ့"

သူ့အသံက တုန်ရီနေ၍ သူလည်း ရိပ်မိမှန်းသိသာသည်။ ထိုခဏ ဒိုင်းခနဲ အသံထွက်လာသည်။ ခင်ခင်ဆင့် မနေသာတော့ဘဲ တံခါးဆီ အပြေးသွားဖွင့်လိုက်သည်။ ဝုန်းခနဲအသံနှင့်အတူ အိမ်ပေါ်တက်လာသော ယောကျ်ားတချို့က ခင်ခင်ဆင့်ကို သေနတ်နှင့်ချိန်ပြီး ထိုင်ခိုင်းထားသည်။

"မလှုပ်နဲ့ ငြိမ်ငြိမ်နေ"

ခင်ခင်ဆင့်က ဘာကိုမျှမကြည့်တော့။ မျက်စိကို စုံမှိတ်ပြီး ပဋ္ဌာန်းကိုသာ အဖန်ဖန်ရွတ်နေမိသည်။ သူတို့က တစ်အိမ်လုံး မွှေနှောက်ရှာသည်။ ခင်ခင်ဆင့်ထံမှလည်း ပစ္စည်းတောင်းသည်။ ခင်ခင်ဆင့်က ပါလာသမျှလေး ထုတ်ပေးလိုက်သည်။ ခင်ခင်ဆင့်နှင့်အတူအိပ်လာသော ကလေးတွေထံမှလည်း နားကပ်လေးတွေ ချွတ်သွားသည်။ နောက်ဆုံး အိမ်ရှင့်သေတ္တာကြီးပါ ယူသွားပြီး ခင်ခင်ဆင့်ကို ဖွင့်ခိုင်းသည်။ လေးမောင်းထိုးသေတ္တာကြီးဖြစ်၍ ခင်ခင်ဆင့် ချွေးပြန်အောင်ဖွင့်ရသည်။ အိမ်ရှင်အဒေါ်က သေွးနု

www.burmeseclassic.com



သားနုဖြစ်၍ လသားကလေးလေး ပေါင်ပေါ်တင်ပြီး မလှုပ်မယှက်ထိုင်နေသည်။ သေတ္တာဖွင့်အပြီး အထဲမှာ ဘာမှမရှိတော့ စိတ်တိုသွားပုံရသည်။ ဓာတ်ဆီလောင်းပြီး မီးရှို့မည်ပြောသည်။ ခင်ခင်ဆင့်က တစ်လုံးတစ်ပါဒမှမပြောတော့ဘဲ ကိုယ့်ပဋ္ဌာန်းကိုသာ ကိုယ်ဖိရွတ်သည်။ နောက်ဆုံး ခင်ခင်ဆင့်သေတ္တာကိုလည်း ဖွင့်ရှာသည်။ သေတ္တာထဲမှာ အလှူထိုးရန်သိမ်းထားသော ရင်ထိုးလေးကိုယူလာပြီး 'ဒါဘာလဲ' ဟု ခင်ခင်ဆင့်ကိုမေးသည်။ ခင်ခင်ဆင့်က ရွှေမဟုတ်ဘဲ အလှူထိုးသည့် ရင်ထိုးဖြစ်ကြောင်းပြောရာ ခင်ခင်ဆင့်လက်ထဲ ပြန်ထည့်ပေးသွားခဲ့သည်။ အပြန်ပြန် အလှန်လှန်ရှာပြီး စိတ်ကျေနပ်မှ ခင်ခင်ဆင့်တို့အိမ်မှ ပြန်ဆင်းသွားသည်။ ခင်ခင်ဆင့်ရော အိမ်ရှင်ပါ လက်ဖျားနှင့်ပင် တို့မသွားခဲ့။ ပြိုင်တူတိုက်သော အခြားအိမ်များမှာ အရိုက်အနှက်ခံကြရသည်။ ထိုအချိန်ကတည်းက ခင်ခင်ဆင့်က ပဋ္ဌာန်းကို ယုံယုံကြည်ကြည်ရွတ်ဆိုခဲ့သည်။ ပဋ္ဌာန်းတရားအသံကြားလျှင်လည်း ကိုယ့်ကိုယ်ကို ကံကောင်းသည်ဟု ယူဆခဲ့သည်။

"ဟော. . . ဒီဘက်က မုန့်လုံးကြီးကြော်. . . မုန့်ဆီကြော်. . . ပဲကပ်ကြော်ဟေ့"

ဟောကြည့်၊ ပြောရင်းဆိုရင်း သည်အသံကို ကြားရပြီ။ ပြောရလျှင် ခင်ခင်ဆင့် အကြော်ကြိုက်သည်။ ကျောင်းရှေ့မှာလည်း အကြော်ဆိုင်ရှိပါ၏။ စားလို့လည်း ကောင်းပါ၏။ သို့သော်လည်း



တကူးတက သွားဝယ်ရသည်။ ပြိုက်ခနဲ ကုန်သွားသည့်အခါလည်း ရှိသည်။ သည်တော့ စားဖြစ်ခဲသည်။ ယခု အကြော်ကတော့ ဘယ်လိုနေသည်မသိ။ ခင်ခင်ဆင့်က ပဲကပ်ကြော်ဆိုလျှင် ပါးပါးကြွပ်ကြွပ်လေးကို ကြိုက်သည်။ ပြောရင်းဆိုရင်း စားချင်စိတ်ဖြစ်၍ ခင်ခင်ဆင့် အကြော်သည်လေးကို လှမ်းခေါ်လိုက်သည်။ သူ့အသံသေးသေးလေးကလည်း သနားစရာကောင်းနေသလို။

"လာပါဦး"

အကြော်သည်လေး လှမ်းဝင်လာသည်။

"အဲတော့. . ."

ခင်ခင်ဆင့် အံ့အားသင့်ပြီး ပါးစပ်အဟောင်းသားဖြစ်သွားရသည်။ သူ့ကို ခင်ခင်ဆင့် သိနေသည်ပဲ။ သူက ဗန်းကလေးချပြီး ပြုံးပြုံးလေးကြည့်နေသည်။

"ဘာကြော်ယူမလဲ ဆရာမ"

အကြော်တွေကိုကြည့်လိုက်တော့ ခင်ခင်ဆင့် စိတ်ညစ်သွားသည်။ သူ့အကြော်က ခင်ခင်ဆင့်ကြိုက်သလို ပါးပါးကြွပ်ကြွပ်လေးမဟုတ်။ ထူထူပျစ်ပျစ်ကြီး ကြော်ထားခြင်းဖြစ်သည်။ သို့သော်လည်း ချင်းနှံလေးသင်းနေ၍ ခင်ခင်ဆင့် စားကြည့်ရန်စိတ်ကူးလိုက်သည်။ အိမ်မှာက ဘယ်သူမှ အကြော်မကြိုက်၍ တစ်ယောက်စာသာ ဝယ်ရသည်။

"ပဲကပ်ကြော်နှစ်ခု ယူမယ်နော်"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံနှစ်ရာပေးလိုက်၍ ကောင်မလေး ပြန်ထွက်သွားသည်။ ခင်ခင်ဆင့် ပဲကပ်ကြော်ကို အသာဖဲ့မြည်းလိုက်သည်။ ဆီတွေ အိခနဲ စိမ့်ထွက်လာသည်။ ပါးစပ်ထဲမှာ ရှတတအရသာကို ခံစားရသည်။ အရသာကတော့ ဆားပြားသင့်ပါ၏။ ကောင်မလေး အမြတ်အစွန်းများမည်မဟုတ်။ သူ့အကြော်က အရည်ပျစ်ကြော်ထားခြင်းဖြစ်သည်။

"ဘယ်လိုလဲဟေ့၊ ကောင်းလား"

အစ်မက ခင်ခင်ဆင့်ကို လှမ်းမေးသည်။

"ကောင်းတော့ကောင်းတယ်၊ ဒါပေမယ့် မကြွပ်ဘဲ ဆီတွေ အိနေတယ်။ စားကြည့်ပါလား"

"အဲဒါ ဟိုတစ်ယောက် မဟုတ်လား"

အစ်မက အကြော်တစ်ဖဲ့ယူစားပြီး ခင်ခင်ဆင့်ကို စပ်စုလိုက်သည်။

"ဟုတ်တယ်၊ ကောင်မလေး သနားပါတယ်။ အဘိုးကြီးက သူ့အိမ်ပြန်သွားပြီ"

"အေးလေ၊ ဘာမှလည်း ပေးခဲ့ပုံမရဘူး"

"ဒီအဖြစ်မျိုးက ဒါပါပဲဟာ"

အစ်မက သူ့စကားကို လက်စသတ်လိုက်သည်။ ခင်ခင်ဆင့်ကတော့ ကောင်မလေးမျက်နှာနွမ်းနွမ်းကလေးကို မြင်ယောင်ရင်း သနားနေမိသည်။ သူနှင့်ခင်ခင်ဆင့် စတွေ့ခဲ့သည်က လွန်ခဲ့သော သုံးနှစ်ကပါ။ ထိုနှစ်က နွေရာသီမှာ ခင်ခင်ဆင့်တို့ရပ်ကွက်အလိုက် လူဦးရေစာရင်း ကောက်ယူရသည်။ ကိုယ်တာဝန်ကျသော ရပ်ကွက်အတွင်းမှာရှိသည့် အိမ်တွေကို အိမ်ထောင်စုဇယားနှင့် တကွ ရပ်ကွက်လူကြီးအိမ် လာခိုင်းရသည်။ ထိုအချိန်က ကောင်မလေးက အတော်ပင်ငယ်လှပါသည်။ အိမ်ထောင်စုဇယားလေးကိုင်ပြီး ရောက်လာသော ကောင်မလေး လူအများကြားမှာ ကြောင်တိကြောင်တောင် ရှိုင်လှသည်။



"ထိုင်လေ"

ခင်ခင်ဆင့် ထိုင်ခိုင်းလိုက်ပြီး သူ့လက်ထဲမှာကိုင်ထားသော အိမ်ထောင်စုဇယားကို လှမ်းယူပြီးကြည့်လိုက်သည်။

"သုံးယောက်တည်းနော်"

"ဟုတ်ကဲ့"

သူကြည့်ရသည်က ခင်ခင်ဆင့်ကို တစ်ခုခုပြောချင်နေပုံရသည်။

"ဆရာမ"

ခင်ခင်ဆင့်ကို မရဲတရဲ သူ ခေါ်သည်။

"ပြောလေ၊ ဘာပြောမလို့လဲ"

"အိမ်ထောင်စုဇယားမှာပါတဲ့ ကျွန်မအဖေ၊ အမေက သေသွားပါပြီ။ အဲဒါ ကျွန်မ အခု လူတစ်ယောက်ထပ်ထည့်ချင်လို့ ရမလား ဆရာမ"

"အဲလိုတော့ ထည့်လို့မရဘူးလေ။ ဆရာမတို့က စာရင်းပဲ ကောက်ရတာ။ ညီမလေးထည့်ချင်ရင် လူဝင်မှုကြီးကြပ်ရေးကို လာမှ ပြောလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ကောင်မလေး မျက်နှာနီနီလေးနှင့် ပြန်ထွက်သွားသည်။

"ဟိတ်. . . နေဦး"

ကောင်မလေး ပြန်လှည့်လာပြန်သည်။

"ညီမလေးက ဘယ်သူ့ကိုထည့်မှာလဲ။ အိမ်မှာ လက်ရှိ ရှိနေတဲ့ အိမ်ထောင်ဦးစီးဆိုရင်တော့ အစ်မ စာရင်းကောက်သွားမယ်"

စာရင်းတိကျစေလို၍ ခင်ခင်ဆင့် ပြောလိုက်သည်။

"နေပါစေတော့ အစ်မ၊ ကျွန်မ မထည့်တော့ပါဘူး"

ကောင်မလေး ပြန်ထွက်သွား၍ ခင်ခင်ဆင့်ရှေ့မှာထိုင်နေသော အမျိုးသမီးတစ်စု ပြုံးစိစိကျန်ရစ်သည်။

"ဟင်း. . . ဟင်း၊ ဆရာမက သွားမေးနေတယ်။ သူက ဘယ်ပြောရဲမှာလဲ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ ဆရာမရယ်၊ သူက ထွန်းသီရိစတိုးဆိုင်က ဦးထွန်းနိုင်က ကြည့်ရှုပေးထားတာလေ။ အဘိုးကြီးက သူ့အိမ်မှာ လာနေတော့၊ သူက တရားဝင်ဖြစ်ချင်မှာပေါ့"

ခင်ခင်ဆင့်ရင်ထဲ လှုပ်ခတ်သွားသည်။ ထွန်းသီရိစတိုးက ခင်ခင်ဆင့်တို့မြို့မှာ အကြီးဆုံးစတိုးကြီးတစ်ခုပါ။ ထွန်းသီရိပိုင်ရှင် ဦးထွန်းနိုင်ကလည်း အသက်ကြီးလှပါပြီ။ ပြောရလျှင် ခင်ခင်ဆင့်တို့ အဖေနှင့်ပင် မတိမ်းမယိမ်းအရွယ်ရှိပြီ။ စောစောပိုင်းက



ကောင်မလေးသည် အလွန်ဆုံးရှိမှ နှစ်ဆယ်ပါ။ ခင်ခင်ဆင့်ရင်ထဲ စူးတူးရှတကြီးဖြစ်နေသည်။

"အဘိုးကြီးက သားသမီးတွေ တစ်ပြုံတစ်မနဲ့ သူ့မိန်းမလည်း ရှိနေတာ၊ ဘယ်လာ အတည်ဖြစ်လိမ့်မလဲ။ သူကသာ. . ."

'တော်ကြပါတော့' ဟု ခင်ခင်ဆင့် ပြောပစ်လိုက်ချင်သည်။ သူများအကြောင်းကို သူတို့မှို နှိုက်နှိုက်ချွတ်ချွတ် ပြောချင်ကြသည်။ မှန်သည်ပဲထားဦးတော့၊ လူမှုကျင့်ဝတ်အရ စာနာထောက်ထားသင့်သည်။ တကယ်ဆို ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ကို ခြောက်ပစ်ကင်းသဲလဲစင်သာ ဖြစ်ချင်ပါလိမ့်မည်။ အကြောင်းတရားတွေကြောင့် အကျိုးတရားတွေဖြစ်လာသည့်နောက် လက်ရှိဘဝမှာ ခါးစည်းခံကြရသည်။ သည့်နောက်ပိုင်း ထိုကောင်မလေးအကြောင်းကို ခင်ခင်ဆင့် မကြားမိခဲ့။ သူ့ကို မေ့ပျောက်သလိုဖြစ်သွားခဲ့ရသည်။ ယခု အကြော်သည်ဆိုပါမှ ထိုကောင်မလေးဖြစ်နေ၍ ခင်ခင်ဆင့် အံ့သြရသည်။ သူ့ခမျာ ဘယ်လိုဖြစ်ပြီး အကြော်ရောင်းနေရှာသည်မသိ။ ဟိုလူကြီးရော၊ ဘာကြောင့်များ မျက်နှာလွှဲခဲပစ်ထားခဲ့သည်လဲ။ ခင်ခင်ဆင့် အတွေးတွေ ရှည်လျားသွားသည်။ ပါးစပ်ထဲမှအကြော်သည် အရသာမရှိတော့။ တကြွပ်ကြွပ် ဝါးရမည့် အစား တစိစိဖြစ်နေသည်။ ဝါးလိုက်တိုင်း စိမ့်ထွက်လာသော ဆီတွေကိုလည်း ခင်ခင်ဆင့် နှမြောနေသည်။ သည်ပုံအတိုင်းဆိုလျှင် ကောင်မလေးအကြော် မြတ်မည်မဟုတ်။ တစ်ယောက်တည်း ရုန်းကန် နေရသည့်အဖြစ်မှာ အမြတ်အစွန်းမရှိလျှင် သူ ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



ရပ်တည် ရှာမည်မသိ။ နောက်တစ်နေ့ ခေါ်ပြီးသတိပေးမည်ဟု ခင်ခင်ဆင့် စိတ်ကူးလိုက်သည်။

◈ ◈ ◈

ခင်ခင်ဆင့် ကိုယ့်စိတ်ကိုယ် အံ့သြနေမိသည်။ နံနက်အိပ်ရာထကတည်းက အကြော်သည်လေးကို သတိရနေသည်။ အရွယ်နှင့်မမျှသော လောကခံကို သူ ခံစားခဲ့ရ၍လားမသိ။ သူ့မျက်နှာလေးက အရွယ်ထက် ရင့်ရော်နေသည်။ ရင့်ကျက်တည်ငြိမ်သည်ဟု မပြောသာသော်လည်း သူ့အနေအထိုင်နှင့် အမူအရာက လက်ရှိအခြေအနေနှင့် ဆက်စပ်မရအောင် ကွာဟလွန်းသည်။ အနေအထိုင် အေးဆေးသည်ဟုပဲ ပြောရပါမည်။ ဒါနှင့်များတောင် . . .။

"ဟော့ . . . ဒီဘက်က မုန့်လုံးကြီးကြော်၊ မုန့်ဆီကြော်၊ ပဲကပ်ကြော်၊ ဘယာကြော်ဟော့"

ပြောရင်းဆိုရင်း အကြော်သည်လေးအသံ ကြားရပြီ။ ခင်ခင်ဆင့် အိမ်ရှေ့ပြေးထွက်သွားသည်။

"လာပါဦး . . ."

ခင်ခင်ဆင့်ကိုမြင်တော့ မျက်နှာလေးပြုံးနေသည်။

"ဆရာမ အကြော်ကြိုက်ပုံရတယ်နော်"

"အေး ကြိုက်တယ်၊ ဒါပေမယ့် နင့်အကြော်က ဆီတွေများလွန်းတယ်ဟယ်။ အကြော်မှုန့်နဲ့ ရေကျဲလေးကြော်ပါလား။ ဆီကုန်လည်း



သက်သာ၊ စားလည်းကောင်းတယ်။ အခြွတ်အခြွန်းလည်း ကိုယ့်အတွက်ကျန်တာပေါ့။ နင့်အကြော်က အရသာတော့ ရှိပါတယ်"

သူ့မျက်နှာမှာ အပြုံးပျောက်သွားသည်။

"ဟုတ်တယ် ဆရာမရယ်၊ စားတဲ့သူတိုင်းကလည်း ကျွန်မကို ပြောတယ်။ ကျွန်မလည်း အဲဒီလိုကြော်ချင်ပါတယ်။ ဒါပေမယ့် ဘဘက ပြောမရဘူး။ ရှေးရိုးအတိုင်းပဲ ကြော်ရမယ်တဲ့။ သူက အခု သားသမီးတွေနဲ့ အဆင်မပြေလို့ အိမ်မှာလာနေတယ်လေ။ ဟိုတုန်းက ကူညီစောင့်ရှောက်ထားတော့၊ လက်မခံချင်လို့လည်း မရဘူး။ တော်ကြာ သစ္စာမရှိဘူး၊ ပိုက်ဆံမက်တယ်လို့ အပြောခံရမှာစိုးလို့လေ။ သူတို့ အခု စီးပွားရေးကျတော့၊ သိပ်ပြီးအဆင်မပြေလှဘူး။ ဒီတော့ ကိုယ်ပဲ ဦးဆောင်ရတာပေါ့"

ခင်ခင်ဆင့် ပြောစရာစကားလုံး ရှာမတွေ့တော့။ 'အင်း အဲ' နှင့်သာ ခေါင်းညိတ်လိုက်ရသည်။ ဒါပေမယ့် သစ္စာဆိုသည့် စကားတစ်လုံးကိုတော့ ခင်ခင်ဆင့် သတိထားလိုက်မိသည်။ သစ္စာဆိုတာ တစ်ခါတလေတော့လည်း . . .။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ကမ်းနားသစ်ပင်

မမြင်ရသည့် အထူးအဆန်းဆို လူတွေ အံ့သြကြသည်။ တစ်ခါတစ်ရံ ယုတ္တိမတန်သည့်အဖြစ်အပျက်မျိုးကိုပင် ယုံကြည်လက်ခံပြီး တအံ့တသြ ပြောဆိုနေကြသည်။ ယခုတလော ရွာထိပ် ညောင်ပင်ကြီးက မကြာခဏ မည်းမည်းအလုံးကြီး လိမ့်ဆင်းလာသည်ဟု လူပြောများနေကြသည်။ ထိုစကားကြောင့် ညောင်ပင်ကြီးအောက်သို့ နေ့ရော ညပါ သွားဝံ့သူရှားနေခဲ့သည်။

◈ ◈ ◈

ထိုညောင်ပင်ကြီးက ဘုန်းကြီးကျောင်းဝင်း အပြင်ဘက် ရွာထိပ် သောက်ရေကန်ကြီးအနီးမှာဖြစ်သည်။ ရွာက ရွာကြီးဖြစ်၍ သောက်ရေကန်ကြီးသုံးကန်ရှိသည်။ ထိုသုံးကန်ထဲမှာ သောက်ရေအကောင်းဆုံးဟု ပြောစမှတ်ပြုရသည်က ထိုညောင်ပင်ကန်ကြီးဖြစ်သည်။ သောက်ရေအတွက်ဆိုလျှင် ထိုညောင်ပင်ကန်ကြီးမှ တစ်ရွာလုံး သောက်ရေခပ်ကြသည်။ မိုးချုပ်နေဝင် ရေခပ်သူများကြောင့် ကန်အနီးပတ်ဝန်းကျင် လူပြတ်သည်လည်းမရှိလှ။ သို့သော်





လည်း ထိုမည်းမည်းအလုံးကြီး လိမ့်ဆင်းလာပြီးနောက်ပိုင်း နေဝင်ရိုးရီပင် ရေခပ်သူ ရှားသွားသည်။ ကန်ကြီးအနီးမှာ မကြောက်မရွံ့နေသူတွေလည်း ရှိပါ၏။ မျက်မြင်ကိုယ်တွေ့မဟုတ်၍ မကြောက်သည်လား၊ အံမျှားပြောစကား မယုံကြည်သည်လားမသိ၊ အနီးအပါးနေသူတွေက ဟန်မပျက်နေနေကြသည်။ ထိုအထဲမှာ ခင်ထွေးငယ်လှိုင်တို့လင်မယားလည်း ပါသည်။ သူတို့က ကုန်စုံဆိုင်ပိုင်ရှင်များဖြစ်သည်။ သူတို့ဆိုင်က ရွာမှာ ရောင်းအားအတက်ဆုံး၊ ပစ္စည်းအစုံလင်ဆုံးဆိုင် ဖြစ်သည်။

ခင်ထွေးငယ်အမည်အရင်းက ခင်ထွေးငယ်ဆွေပါ။ သူ့အဖေဦးဘဆွေက သမီးထွေးလေးကို ချစ်လွန်း၍ သူ့အမည်ပါအောင် အမည်လေးလုံးဆင့်ပြီး မှည့်ထားခြင်းဖြစ်သည်။ ခင်ထွေးငယ်တစ်ယောက် အရွယ်လေးရောက်၍ မြီးကောင်ပေါက်အရွယ် လှသွေးကြွယ်ချိန်တွင် ခင်ထွေးငယ်ဆွေအဖေ ဦးဘဆွေ၏ သူငယ်ချင်း ဦးကျော်လှိုင်နှင့်လိုက်ပြေးသွား၍ ဦးဘဆွေက သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ထိုအချိန်မှစ၍ ခင်ထွေးငယ်ဆွေအမည်ပျောက်ပြီး ခင်ထွေးငယ်လှိုင် ဖြစ်သွားရခြင်းပါ။ အမှန်တော့ တစ်ရွာလုံးက ချစ်စနိုးခေါ်သည့်အမည်ပါ။ ခင်ထွေးငယ်ကလည်း ချစ်စရာကောင်းသည်။ အပျိုဖော်ဝင်စ အိမ်ထောင်ကျ၍ မျက်လုံးပြူးပြူး၊ ပါးကလေးဖောင်းအိအိမှာ ကလေးရုပ်လေးပြယ့်တပြယ်နှင့် သွက်လက်ချက်ချာသူလေးဖြစ်သည်။ ဖခင်နှင့် အသက်အရွယ်မတိမ်းမယိမ်း ဦးကျော်လှိုင်နှင့် လိုက်ပြေးလာ

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း စိတ်ပျက်အားငယ်နေတာမျိုးမရှိ။ တစ်ရွာလုံးနှင့် အသားကျအောင်နေသည်။ တကယ်ဆို ခင်ထွေးငယ်က သူဌေးသမီး၊ မိဘက ဖူးဖူးမှုတ်အခြေအနေမျိုးမှာ အိမ်၏ကူဖော်လောင်ဖက်၊ ဖခင်၏ လက်အောက်ငယ်သားလည်းဖြစ်သော ဦးကျော်လှိုင်ကို နိုင်စားသင့်သည်။

"ဦးကျော်နဲ့နေချင်လို့ ဦးကျော်နောက် လိုက်လာတာ။ သူတို့မခေါ်လည်း ဘာအရေးလဲ။ ဦးကျော်ရှိရင် ပြီးတာပဲ"

"ဦးကျော်ကလွဲပြီး ယောက်ျားရယ်လို့လည်း မမြင်မိပါဘူး"

ခင်ထွေးငယ်က သူ့စကားအတိုင်း ဦးကျော်လှိုင်နှင့် ဒိုးတူပေါင်ဖက် ရုန်းကန်သည်။ ဦးကျော်လှိုင်ဘက်မှ အမွေရသော လယ်ဆယ်ဧကကို ဦးကျော်လှိုင် ဦးဆောင်လုပ်နေချိန်မှာ ခင်ထွေးငယ်က မိဘ အမွေပြတ်ပေးလိုက်သော ရွှေတိုရွှေစလေးများကို ရောင်းချပေါင်နှံ၍ ဈေးဆိုင်တည်သည်။ လင်မယားနှစ်ယောက် တက်ညီလက်ညီ အလုပ်လုပ်၍ စီးပွားရေးက အဆင်ပြေသည်။ ကုန်စုံဆိုင်ကြီးက တစ်စတစ်စ ကြီးလာသည်။ တစ်ရွာလုံး ခင်ထွေးငယ်ဆိုင်ကိုသာ အမှီသဟဲပြုကြရသည်။ ညနေတိုင်လျှင် ဈေးဝယ်သူကျလွန်း၍ ခင်ထွေးငယ်တစ်ယောက် အကူပင်ခေါ်ထားရသည်။ ဦးကျော်လှိုင်က ခင်ထွေးငယ်ဈေးဆိုင်ကို မကူအားဘဲ တိုးချဲ့ထားသည့်လယ်တွေနှင့်သာ လုံးလည်ချာလည်လိုက်နေသည်။

ဤမျှ အလုပ်လုပ်၍ စီးပွားရေး အဆင်ပြေနေသော်လည်း လင်မယားနှစ်ယောက်လုံး အသုံးအစွဲစေ့သည်။ ခြံထဲမှာ



မွေးထားသော ကြက်၊ ဘဲကိုပင် ဟင်းလျာအဖြစ်စားဖို့ စိတ်မကူး။ တောဓလေ့သဘာဝ ရပ်ကွက်ထဲမှာ ဟင်းကျွေးစီစဉ်သည့်တိုင် အလွယ်ဝယ်စားလေ့မရှိတာ ခင်ထွေးငယ်အကျင့်။ တစ်ခါတစ်ရံ မလွှဲမရှောင်သာမှ အစိတ်သား၊ ငါးဆယ်သားဆိုတာ အလွန်အကျွံပါ။

"အစ်မရေ အစိတ်သားပဲနော်။ အသားကောင်းကောင်းလေး လုပ်ပါ။ ဦးကျော်တစ်ယောက်စာနော်"

ဝက်သားအစိတ်သားနှင့် အထပ်ထပ်ချေးများပြီး တစ်ခါတစ်ရံ မကြိုက်လျှင် ပြန်ပေးတတ်သော ခင်ထွေးငယ်ကို ဘယ်သူမှလည်း နှုတ်လှန်မထိုးရဲပါ။ တစ်ရွာလုံးက သူ့ဆိုင်နှင့်လွတ်ကင်းသည်မရှိ၍ သူ့ကို သည်းခံနေကြရသည်။ လူငယ်သော်လည်း ခင်ထွေးငယ်က ဤလိုမိန်းမစားမျိုးပါ။ ကြွေးတောင်းတော့လည်း ကြည့်၊ သူများဆီမှာ ရစရာရှိလျှင် အားမနာတတ်သော ခင်ထွေးငယ်က ရှူးသလိုဆါသလိုနှင့် နေ့ညမရှောင် တရကြမ်းတောင်းသည်။ ကြာတော့ အတောင်းခံရသူက မျက်နှာပူပြီး ပေးလိုက်ရတော့သည်။ ငယ်ပေမယ့် အစွယ်လေးနဲ့ဟူသောစကားက ခင်ထွေးငယ်အတွက် ဖြစ်သည်။ ဒါကိုပင် ဦးကျော်လှိုင်က သဘောအကျကြီးကျနေသည်။

"ငယ်ပေမယ့် တော်ပါတယ်ဗျာ"

ဦးကျော်လှိုင့် လက်သုံးစကားအဖြစ် တစ်ရွာလုံးက သိနေသည်။ အရွယ်ကွာဟမှုက သူတို့အတွက် ဘာမှမထူးခြားသလို

www.burmeseclassic.com

www.burmeseclassic.com

ထင်ရသည်။ အချိန်တိုင်း 'ဦးကျော်ရေ အငယ်ရေ' နှင့် စိတ်ချမ်းမြေ့စရာပင် ကောင်းနေတော့၏။ သို့သော်လည်း ကံကြမ္မာက ဘယ်အငြိုးနှင့် ယိုးမယ်ဖွဲ့သည်မသိ။ မကြာမီ ဦးကျော်လှိုင်နေမကောင်းဖြစ်သည်။ ဖြစ်စက သာမန်ဖျားရုံလေးပါ။ ပဲစိုက်ရာသီ ပဲခင်းဆေးဖြန်းပြီး အပြန် ရေချိုးလိုက်ရာမှ အဖျားဝင်သွားခြင်းဖြစ်သည်။ ဖျားသော်လည်း ဦးကျော်လှိုင် အငြိမ်နေသူမဟုတ်။ မတ်တတ်ဖျား၊ မတ်တတ်နာလိုဖြစ်သည်။ အလုပ်သမားရှိသော်လည်း ဦးကျော်လှိုင်က နေရာတကာ သူပါရမှ ကျေနပ်သူ။ လယ်ထဲဖြန်းသည့် ပိုးသတ်ဆေးကိုတောင် သူများလို အဆင်သင့်စပ်ပြီးသားဝယ်မသုံး။ သူကိုယ်တိုင် အမျိုးမျိုးစမ်းသပ်ပြီးမှ သုံးတတ်သူဖြစ်သည်။ တကယ့် ပြင်းပေ့ဆိုသော အင်ဒရင်းလိုဆေးမျိုးကိုပင် အကျအနစပ်ပြီးမှ ဆေးဖြန်းတတ်သည်။ ဖြန်းတော့လည်း သူကိုယ်တိုင် ဝင်ပါလိုက်သေးသည်။ ဦးကျော်လှိုင် အသက်အရွယ်က ပြောရလျှင် ငယ်တော့သည်မဟုတ်။ မိန်းမငယ်ငယ်လေးယူထားၡသာ သူကိုယ်သူ နုပျိုသည်ဟုထင်နေရခြင်းပါ။ အလုပ်ပင်ပန်းသည့်ဒဏ်ကလည်း ဆိုးလှသည်။ နောက်ဆုံး ဦးကျော်လှိုင် ဝေဒနာက ကြီးထွားလာခဲ့သည်။ သာမန်အဖျားမှ အကြောအားနည်းသလိုဖြစ်ပြီး ဦးကျော်လှိုင် ခြေလက်များကောက်ကွေးလာသည်။ ခေါင်းကလည်း တစ်ချက်လေးမျှ အငြိမ်မနေဘဲ မေးထိုးသလိုမျိုးဖြစ်လာသည်။ ဦးကျော်လှိုင် တုန်လှုပ်သွားသည်။ ခင်ထွေးငယ်လည်း မျက်ကလဲဆန်ပျာဖြစ်ရသည်။



"ဦးကျော်ထက် ဘာမှပိုအရေးမကြီးဘူး။ ဦးကျော်ကောင်းမယ်ဆို ဘယ်လောက်ကုန်ကုန်"

ခင်ထွေးငယ် ပြောသည့်အတိုင်းလုပ်သည်။ ဦးကျော်လှိုင်ကိုခေါ်ပြီး ရန်ကုန်မှာသွားပြသည်။ နာမည်ကြီးပေ့ဆိုသော ဆေးခန်းကြီးတွေမှာပြသည်။ ဆေးသောက်၊ ဆေးစားလုပ်ခိုင်းသည်။ ဘာရောဂါဟုတော့ တိတိပပမသိဘဲ တဖြည်းဖြည်းနှင့် လူက ပုံစံပြောင်းလာသည်။ ဦးကျော်လှိုင်ကိုကြည့်လျှင် ဆယ့်နှစ်ရာသီက,နေသော မင်းသားတစ်ယောက်နှင့်တူနေသည်။ မေးကလေးထိုး၊ ခေါင်းကလေးငုံ့၊ ခြေလက်တွေက အပေါ်မြှောက်၊ အောက်ရောက်နှင့် ဦးကျော်လှိုင်ကိုကြည့်ရသည်က ရယ်စရာလည်း ကောင်း၊ သနားစရာလည်း ကောင်းလှသည်။ ဒါတောင် တစ်ခါတစ်ရံ တက်လျှင် လိမ်ကောက်ကွေးပြီး လူစင်စစ်မှ လူလုံးကြီးဖြစ်သွားတတ်သည်။ လူက အလုံးလိုက်ကြီးဖြစ်နေပြီး ဆေးအမြန်တိုက်ပါမှ ပြန်လည်ဆန့်သွားပြီး အိပ်ရာထက်မှာ မလှုပ်မယှက်ဖြစ်နေတတ်သည်။ ဆေးပတ်လည်ပြီဆိုလျှင်တော့ ယခင်လို ကောက်ကောက်ကွေးကွေးနှင့် က,ပြန်သည်။ ခင်ထွေးငယ်တစ်ယောက် အရှူးမီးဝိုင်းဖြစ်နေရှာသည်။ ကောင်းသည်ဟု ကြားဖူးနားဝရှိသော ဆရာမှန်သမျှ အိမ်ပေါ်တင်ထားသည်။ ငွေဘယ်လောက်ကုန်ကုန်၊ အကြောင်းမထား။ ဦးကျော်လှိုင်ပျောက်လျှင်ပြီးရော၊ သဘောထားမိုးတူရှာသည်။ အနားမှ တစ်ဖဝါးမခွာဘဲ ထမင်းကျွေး၊ ရေတိုက်၊ ရေချိုး၊ ရေပတ်တိုက်၊ အချိန်တိုင်း မညည်းမညူလုပ်ပေးရှာသည်။

www.burmeseclassic.com



သို့သော်လည်း ဦးကျော်လှိုင် က,နေမြဲပါ။ ကြာလေ ရောဂါရင့်လေဖြစ်ပြီး ထူးခြားသောလူတစ်ယောက်အဖြစ် အိမ်တွင်းအိမ်ပြင်မထွက်ဝံ့အောင် ဖြစ်နေခဲ့သည်။ ကြာတော့လည်း ဦးကျော်လှိုင် မနေနိုင်။ လူကြီးက အကောင်းပတိရှိနေပါလျက် ဘဝသေသလိုဖြစ်ရသည့်အတွက် အိမ်တွင်းပုန်းမနေဘဲ အိမ်ပြင်ထွက်လာသည်။ ဦးကျော်လှိုင်မို့ ရွာထဲထွက်လျှင် ကလေးတွေ တကောက်ကောက်လိုက်ကြည့်သည်။ လမ်းသွားလျှင် ဖြောင့်ဖြောင့်တန်းတန်းမရှိသော ဦးကျော်လှိုင်ကိုကြည့်ရင်း ကလေးတွေ ကြိတ်ရယ်ကြသည်။ အဆိုးဆုံးက ထမင်းစားသည့်အခါပါ။ ဦးကျော်လှိုင် ထမင်းစားလျှင် ထမင်းလုတ် ပါးစပ်ထဲရောက်အောင် အကြာကြီးစောင့်ရသည်။ ထမင်းလုတ်က ပါးစပ်ထဲရောက်မလိုနှင့် တစ်ခါတစ်ရံ နားဆီရောက်လိုက်နှင့် အပေါက်အလမ်းတည့်အောင် အကြာကြီးစောင့်ရသည်။ သနားလည်း သနားစရာပါ။

ခင်ထွေးငယ်တစ်ယောက် မျက်ရည်မျက်ခွက်ကြားမှ ဝတ္တရားကျေအောင်ပြုစုသည်က အရွယ်နှင့်မလိုက်အောင် ပြည့်စုံလှသည်။ စီးပွားရေးလည်း မလစ်ဟင်းစေရ။ အလုပ်သမားနှင့် စည်းဝါးကိုက်လုပ်သည်။ သည်လိုနှင့် အချိန်တွေကြာခဲ့ပြီ။ ဦးကျော်လှိုင်လည်း ဝေဒနာမပျောက်။ တစ်ခါတစ်ရံ လူကောက်ကွေးဖြစ်လိုက်၊ တစ်ခါတစ်ရံ လူလုံးကြီးဖြစ်လိုက်နှင့် ဝဋ်ကြွေးဆပ်နေရသလိုဖြစ်နေသည်။ အချို့က ဦးကျော်လှိုင်တစ်ယောက် အင်ဒရင်းရှမိ၍ဖြစ်ကြောင်း ပြောကြသည်။ ကြာတော့လည်း ခင်ထွေးငယ်အဖို့ ရိုးသွားပြီ။



ယောက်ျားကို ထိုက်သင့်သလောက်ပြုစုရင်း စီးပွားရေးဘက် ဦးလှည့်သွားသည်။ ဦးကျော်လှိုင်က က,လို့ကောင်းဆဲ။ ရွာထဲမှာ တုတ်တစ်ချောင်းနှင့် မင်းသားဖိုးစိန်လို မေးကလေး ထိုးကာ၊ ခြေကလေး မြှောက်ကာမြှောက်ကာဖြင့် သွားလာနေဆဲ။

◈ ◈ ◈

ခင်ထွေးငယ်က ချီးကျူးထိုက်သည့်ဇနီးမယားပါ။ ကိုကျော်လှိုင် နေမကောင်း၍ စီးပွားရေးလစ်ဟင်းသည်မရှိ။ ယောက်ျားကို ပြုစုသလို စီးပွားရေးကိုလည်း ဖိဖိစီးစီးလုပ်သည်။

"ဦးကျော်ကို သနားလို့ ကျွန်မ အလုပ်ကြိုးစားနေတာ။ ဝိုက်ဆံရှိမှ ဦးကျော်ကို ဆေးမှန်မှန်တိုက်နိုင်မှာ"

အမရာ၊ ကိန္နရီ၊ မဒီ၊ သမ္ဘူလဟုပင် ချီးကျူးရလောက်အောင် ခင်ထွေးငယ်က အပြောလေးလည်း ကောင်းသည်။

"ကျွန်မ အခုလို အဆင်ပြေပြေလုပ်နိုင်တာလည်း ဦးကျော် မျက်နှာနဲ့ပါ။ ဦးကျော်ကြောင့် ကျွန်မကို ကူညီကြတာ။ အားလုံး ကျေးဇူးဆပ်ရမှာပေါ့"

အပြောလေးသဘောကျ၍ ခင်ထွေးငယ်အိမ်မှာ ကူညီချင်သူတွေ ဝိုင်းဝိုင်းလည်နေသည်။ ခင်ထွေးငယ်က ကူညီသမျှကိုလည်း တစ်ဖန် ပြန်ကြည့်လေ့ရှိ၍ အားလုံးက အားတက်သရော ကူညီကြခြင်းပါ။ အစားအသောက်၊ အနေအထိုင်လည်း ဦးကျော်လှိုင့်အတွက် အားလုံးပြောင်းလဲပစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးကျော်က အားရှိမှဖြစ်မှာလေ။ အစားများများစားမှ ရောဂါဒဏ် ခံနိုင်မှာ"

အစားအသောက် ကောင်း၊ မကောင်းမပြောနှင့်၊ ဖရဲသီးလေး တစ်စိတ်ကိုပင် ပါးစပ်ထဲရောက်အောင် မနည်းကြိုးစားနေရသော ဦးကျော်လှိုင်အဖို့ မျက်တွင်းဟောက်ပက်နှင့် အကြည့်ရဆိုးလှသည်။ တစ်ခါတစ်ရံ သူ့လယ်ကွက်တွေဆီရောက်လိုက်၊ တစ်ခါတစ်ရံ ဘယ်သူမှမသွားရဲသော ညောင်ပင်ကြီးအောက်မှာ ငေးငေးငူငူ ထိုင်လိုက်နှင့် ဦးကျော်လှိုင်ကိုကြည့်ရသည်က သနားစရာကောင်း လှသည်။

"ခင်ထွေးငယ် ဦးကျော်ကို ညောင်ပင်ကြီးအောက် မသွားစေနဲ့နော်။ အခုတလော လူပြောများနေတယ်။ ညောင်ပင်အောက်မှာ ညညဆို မည်းမည်းအလုံးကြီးတဲ့"

"ကျွန်မလည်း ပြောတာပါပဲ။ ဒါပေမယ့် ဦးကျော်က ခြေဦး တည့်ရာသွားတာ"

ထိုအခါမျိုးမှာ ဦးကျော်လှိုင်တစ်ယောက် သတိပေးသူ၏ မျက်နှာကို တစ်လှည့်၊ ခင်ထွေးငယ်မျက်နှာကို တစ်လှည့် မျက်ရည် ပြည့်လျှံနေသော မျက်လုံးများဖြင့် ပြန်ကြည့်နေတတ်သည်။ စကား ပြောလျှင်လည်း ပီပီသသမရှိ၍ တော်ရုံလည်း ဦးကျော်လှိုင် စကား ပြောခဲသည်။

"တစ်နေ့တစ်နေ့ သူ့ဝေယျာဝစ္စ နည်းလားအစ်မရယ်။ ရေချိုး ထမင်းကျွေးအပြင် ဆေးကလည်း အချိန်မီတိုက်ရသေးတာ။ ကျွန်မလည်း တစ်နေ့တစ်နေ့ ဖတ်ဖတ်ကိုမောရော"



ဟုတ်ရှာမှာပဲဟုတွေးရင်း ခင်ထွေးငယ်ကို သနားကြသည်။ သူ့ခမျာ ငယ်ငယ်ရွယ်ရွယ်နှင့် မိဘပစ်၊ ဖပစ်၊ ဆွေမျိုးပစ်ကြား ယောက်ျားဖြစ်သူကလည်း အားကိုးအားထားမဖြစ်သောအခါ တစ်ရွာလုံးလိုလို ခင်ထွေးငယ်ကို ပုံလွှတ်သနားကြသည်။ မကြာ သေးမီကတော့ ခင်ထွေးငယ် ဝမ်းကျွတ်သွားပါ၏။ ကိုကျော်လှိုင် တစ်ယောက် ညောင်ပင်အောက်မှာ ကွေးကွေးလေးသေနေ ရှာသည်။ ဘယ်အချိန်က သေဆုံးနေသည်မသိရဘဲ နံနက်ဝေလီ ဝေလင်းမှ လူတွေ့ပြီး တအံ့တဩဖြစ်ကုန်ကြသည်။ ခင်ထွေးငယ် တစ်ယောက် ပဋ္ဌာမြေလူး ဖြစ်ရှာလိမ့်မည်ဟု တစ်ရွာလုံး ထင်နေဆဲ ခင်ထွေးငယ်က တည်တည်ငြိမ်ငြိမ်သာရှိနေ၍ အားလုံး အံ့ဩ ကြသည်။ ထို့ထက် အံ့ဩစရာကောင်းသည်က ကိုကျော်လှိုင်သေပြီး လေးလအကြာ ကောက်ခါငင်ကာဖြင့် ခင်ထွေးငယ် သမီးလေး တစ်ယောက် မွေးသောအခါ ပိုပြီးအံ့အားသင့်နေကြတော့သည်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## မရှိ ဝမ်းစာ၊ ရှိ တန်ဆာ

ရေချိုးခုံမှာ နေရောင်စူးစူးကျနေသည်။ ဝေရည် နာရီကြည့်လိုက်သည်။ ဆယ်နာရီမတ်တင်း။ ဘီးကျော်ပတ်ထားသော ဒူးခေါက်ခွက်ဆံပင်တွေကို ဖြေချရင်း ဘီးဖြင့် ခပ်သွက်သွက် ဆွဲချသည်။

"ဝေရည် ခေါင်းလျှော်မလို့လား"

"ဟုတ်ကဲ့ အဘွား"

"ဒီနေ့ ဘာနေ့တုန်း"

"တနင်္လာပါ အဘွား"

ဝေရည် ကိုယ့်ပါးစပ်ကိုယ် ရိုက်ပစ်လိုက်ချင်သည်။ ဘာဖြစ်လို့များ နေ့လွဲမပြောမိပါလိမ့်။ သည်အဘွားအကြောင်းကို သိနေပါလျက် ဝေရည်ကိုက ထူအလွန်းသည်။

"ဟဲ့ ကရင်သားမွေး ခေါင်းမဆေးနဲ့လေ၊ ဒီကလေးတွေ ပြောထားလျက်နဲ့ မဆင်မခြင်လုပ်ပြန်ပြီ"

သွားပြီ၊ ထင်သည့်အတိုင်းပါပဲ။ တဖျစ်တောက်တောက် ပြောမဆုံးတော့မှန်း ဝေရည် သိနေသည်။ မလျှော်လို့လည်း မဖြစ်





နံနက်က ထမင်းချက်အပြီး မီးကျည်ခဲရဲရဲတွေပေါ် ရေလောင်းချမိသည်။ ပြာတွေက လွင့်ခနဲတက်လာပြီး ဝေရည့်ခေါင်းပေါ် ဖွေးခနဲကျသည်။ လက်ဖြင့်သပ်ချစဉ် ချွေးကြောင့် ဆံပင်မှာ ကပ်ကုန်သည်။ ထိုခဏ ဦးရေပြားက ယားကျိကျိနှင့် ချက်ချင်း ခေါင်းလျှော်ချင်စိတ်ပေါ်လာသည်။ သည်အဘွားက ရေချိုးခေါင်းလျှော်တောင် သူ့အဆုံးအမနှင့် လွတ်ကင်း၍မရမှန်း သိနေပါလျက် ဝေရည် မဆင်ခြင်မိ။ မလျှော်မဖြစ်သည့်အဆုံး ခေါင်းလျှော်ရည်ဘူးကို ဂုက်ယူရင်း ရေချိုးခုံဆီ ထွက်လာသည်။

ဝေရည်က ဆံပင်ရှည်သမားဖြစ်၍ မကြာခဏ ခေါင်းလျှော်ချင်စိတ်ဖြစ်မိသည်။ ယခုလို နွေရာသီမှာ ပိုဆိုးသည်။ ဖုန်နှင့်ချွေးက ဝေရည့်ဆံပင်ရှည်ကြီးကို မကြာခဏ စေးကပ်ကပ်ဖြစ်စေသည်။ ဝေရည့်ဆံပင်က ထူလည်းထူ၊ အုံလည်းကောင်း၍ လျှော်တိုင်းလည်း ကရိကထများလွန်းသည်။ အဘွားကိုကြောက်၍ ခေါင်းလျှော်ရက် ရွေးရသည်ကလည်း အလုပ်တစ်ခုပါ။ ကင်ပွန်းသီးခေါင်းလျှော်ရည်ဖြင့် မလျှော်ပြန်လျှင်လည်း အဘွားက မကြိုက်ချင်။ ဝေရည်က လူငယ်သဘာဝ တီဗီမှလာသော ခေါင်းလျှော်ရည်တစ်မျိုးပြီးတစ်မျိုးကို သုံးကြည့်ချင်မိသည်။ အဘွားက ကင်ပွန်းတရော်လောက် မကောင်းဟုပြောမြဲ။ အမှန်လည်း တချို့ခေါင်းလျှော်ရည်များ ကင်ပွန်းတရော်လောက် မကောင်းပါ။ လျှော်လိုက်သည်နှင့် ဗောက်ထလွန်း၍ ရုပ်ပစ်ရသော ခေါင်းလျှော်ရည်မျိုးလည်းရှိသည်။ ဝေရည်က မျိုးစုံအောင်လျှော်ကြည့်ပြီးမှ အဆင်ပြေသော

www.burmeseclassic.com



ခေါင်းလျှော်ရည်တစ်မျိုးတည်းကိုသာ စွဲစွဲမြဲမြဲ သုံးဖြစ်ခဲ့သည်။ အဘွားက သမားရိုးကျအဘွားပါ။ အသက်ရှစ်ဆယ်ကျော်၍ ကွမ်းသီးလုံးလောက်သာရှိသော သူ့ဆံပင်လေးကို ငြီကာခဲ့လွန်းသည်။ အဘွားဆံပင်လျှော်တော့မည်ဆိုလျှင် တစ်အိမ်လုံး အလုပ်များတော့သည်။ ပါးစပ်ကလည်း ဗျစ်တိဗျစ်တောက်ပြောသေးသည်။

"ဟဲ့ မိမြင့်၊ ဒီနေ့ ဘာနေ့တုန်း"

ဝေရည်အမေ ဒေါ်ခင်မြင့်က သူ့အမေအကြိုက် အလိုက်သိသည်။

"ဒီနေ့ စနေ အမေ။ အိုးစည်တီး ပြီးအောင်လျှော်ဆို၊ လျှော်လို့ရတာပေါ့ အမေရဲ့"

"အေး. . . အေး၊ ဒါဆို အမေ့အတွက် ကင်ပွန်းသီးလေး ပြုတ်စမ်း။ မြေအိုးနဲ့ပြုတ်နော်၊ ဒန်အိုးနဲ့မပြုတ်နဲ့။ တရော်လေးလည်း လုပ်ဦး"

သည်လောက် စတီးအိုးတွေ ခေတ်စားနေသည့်အချိန်မှာ အဘွားပြောသည့် မြေအိုးက ဝေရည်တို့တစ်အိမ်သာ ရှိမည်ထင်သည်။ အဘွားက မြေအိုးမှမြေအိုး။ တို့စရာပြုတ်လည်း မြေအိုး ပဲပြုတ်လည်း မြေအိုး။ ဝေရည်တို့အိမ်က လျှပ်စစ်မီးဖိုနှင့် ပေါင်းအိုးကို အသုံးများသော်လည်း အဘွားစိတ်ကြိုက် လုပ်ပေးနေရ၍ မြေအိုးပေါက်စိလေးတွေ ဝယ်ထားရသည်။ နွေဆိုလျှင် ဝေရည်တို့ အရပ်မှာ တံခွန်တိုင်ဘက်မှ အိုးလှည်းတွေလာသည်။ အိုးတွေ



တစ်နင့်တစ်ပိုးနှင့် ဝါးတိုင်တွေထောင်ပြီး ကောက်ရိုးညှပ်တင်လာသော အိုးလှည်းတွေလာတိုင်း ဝေရည်တို့သားအမိ အိုးဝယ်ထွက်ရမြဲ။ အမေ့အတွက် ပန်းအိုး၊ ဝေရည့်အတွက် အိုးပုတ်၊ အဘွားအတွက် အိုးပေါက်စိလေးတွေ ထွက်ဝယ်ပြီး ခေါက်တုံ့ခေါက်ပြန်သယ်ရသည်။ ဝေရည်က ကစားစရာရ၍ ပျော်သလို အဘွားလည်း ပျော်သည်။ သူ့အိုးလေးတွေကို ခေါက်ကြည့်ရင်း ဒါက ဖျဉ်းအိုး၊ ဒါက အတာအိုး၊ ဒါက တို့စရာပြုတ်အိုး၊ ဒါက ကင်ပွန်းသီးပြုတ်အိုး ခွဲခြားရင်း အဘွားတစ်ယောက် အလုပ်များနေတတ်သည်။ စိတ်မကျေနပ်လျှင် ဝေရည့်ကိုခေါ်ပြီး အိုးသည်တွေထံ သူကိုယ်တိုင်သွားတတ်သည်။ အိုးသည်တွေက ဝေရည်တို့ရပ်ကွက်အနီး တန်ပေါင်ကြီးမှာ နှစ်ရက်၊ သုံးရက် စခန်းချရောင်းတတ်သည်။ ပြီးမှ အနီးဝန်းကျင်ရွာတွေ လှည့်လည်ရောင်းသည်။

"အိုးဆိုတာ ခေါက်ကြည့်ရတယ်အေ့။ တင်ခနဲ တင်ခနဲ မြည်မှ အိုးကောင်း။ ညည်းတို့ ကြားဖူးသားပဲ၊ ဒေါင်ဒေါင်မြည်မှ အိုး၊ သုံးလွန်းတင်မှ ကြိုးဆိုတာအေ။ ခုခေတ်အိုးတွေ ခေါက်ရတာ အားမရပါဘူး"

အိုးသည်တွေက အဘွားကို အကြောင်းသိနေကြသည်။ အဘွားရွေးသမျှ သည်းခံနေကြသည်။ စိတ်မရှည်သူက အဖေပါ။ အဘွားမို့ အိုးတွေ တစ်ပွေ့တစ်ပိုက်နှင့် ပြန်လာလျှင် -

"အမေကလည်း ဒီခေတ်မှာ ဒီအိုးတွေဘာလုပ်ဖို့ အများကြီး ဝယ်လာလဲမသိဘူး၊ ချက်တော့ဖြင့် ပေါင်းအိုးနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆက်လည်း အဖေမပြောရဲပါ။ ယောက္ခမဖြစ်၍ ပြောထွက်သည်ထင်မှာ အဖေစိုးသည်။ အဖေက အဘွားကို လေးလေးစားစားသာ ဆက်ဆံသည်။

"မင်းတို့နှယ် မြေအိုးထမင်းမစားဘူးလို့ပါ။ မင်းတို့ပေါင်းအိုးလို မဟုတ်ဘူး၊ မြေနံ့လေးကိုသင်းလို့၊ တစ်ခေါက်လောက်တော့ ချက်ကျွေးဦးမယ်"

အဖေက အတိုက်အခံမပြော၊ ချက်ဆိုချက်လိုက်သည်။ ကင်းပွန်းသီးပြုတ်ဆိုပြုတ်လိုက်သည်။ တကယ်ဆို ကင်ပွန်းသီးခေါင်းလျှော်ရည်ထုပ်တွေ ဝေရည်တို့လမ်းထိပ်မှာရောင်းပါသည်။ အချိန်ကုန်မခံဘဲ ဝယ်ပေးလိုက်လျှင်ပြီးသည်။ သို့သော်လည်း အဘွားနဲ့ကမဖြစ်။

"ကင်ပွန်းသီးတွေက မလတ်ဆတ်၊ သရော်ကလည်း မကောင်း၊ ဘယ်နှစ်ရက် ဘယ်နှစ်ကာလကမှန်းမသိဘူး။ လျှော်နိုင်ပါဘူး"

တစ်ချက်လွှတ်ပြောတော့ သူ့အမေစိတ်ချမ်းသာအောင် အမေ ပျာယီးပျာယာထလုပ်ပေးမြဲ။ အဘွားက ဖွတ်အဘွားပါ။ ယခုလည်း ကြည့် ဝေရည်နားမှာ ရစ်သီရစ်သီလုပ်နေသည်။

"ကရင်သားမွေးပါဆိုမှ ဘယ်နှစ်ရက်များ ရှောင်ရလို့လဲ၊ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ ကြာသပတေးပေါ့တော်"

"အဘွားဟာက တစ်ပတ်မှာ ခုနစ်ရက်ရှိတာ လေးရက် မလျှော်ရဘူးဆိုတော့ ဘာများကျန်လို့လဲ၊ ခေါင်းကညစ်ပတ်ပါတယ်



ဆိုမှ ဘယ်လိုလုပ်စောင့်နိုင်မှာလဲ၊ အဖေကပြောတယ် မင်္ဂလာရှိအောင်နေရင် မင်္ဂလာရှိတယ်တဲ့၊ အစွဲအလမ်းမထားရဘူးတဲ့"

"ဟဲ့ဝေရည် အဘွားကို ဘာလို့ပြန်ပြောနေတာလဲ၊ သူပြောသလိုလုပ်လိုက်တော့ ဘယ်လောက်ပင်ပန်းသွားမှာလဲ"

အမေကအော်ပြီး သူ့အမေထိလျှင် သည်လိုပါပဲ။ အဖေ့လည်း ပြောနေကျ၊ အဖေကသည်းခံနိုင်၍ တော်သေးသည်။ သည်နေ့တော့ သည်းမခံနိုင်၍ ဝေရည်ဖွတ်မိုတ်လျှော်ဖြစ်သည်။ အဘွားက ဝေရည့်နားမှာ ရစ်သီရစ်သီလုပ်နေသည်။ အဘွားမျက်နှာ မကြည်မလင်က ဝေရည့်ကို မကျေနပ်မှန်းသိသာစေသည်။ ဝေရည် သီဟန်ဆောင်နေလိုက်သည်။

"မြန်မြန်လည်းလျှော်ဦး၊ နေကပူနေပြီ၊ တော်ကြာ လတ်လတ်ဖြစ်နေဦးမယ်"

အဘွားက မပြောသာပြောသာ ပြောလိုက်သေးသည်။ လတ်လတ်ဆိုတာ ဝေရည်တို့အမျိုးထဲကပါ။ အသက်လေးသုံးဆယ်လောက်နှင့် မွန်းတည့်ရှိန်ရှိန် ခေါင်းလျှော်ပြီး ခဏအကြာခေါင်းမူးသည်ဆိုကာ သေဆုံးသွားခဲ့ခြင်းဖြစ်သည်။ သည်အထိ ပြောလာပြီးမှ အဘွားစိတ်ထဲ အတော်ချည်းစိတ်မချမ်းမသာဖြစ်နေမှန်းသိသာသည်။ အဘွားပြောသလိုနေကလည်း ပူလှသည်။ ရေချိုးခုံသည်း အရင်လို အရိပ်အာဝါသမရှိလှ။ ကိုယ့်အရပ်နှင့်ကိုယ့်ဇာတ်နှင့် အရိပ်ကောင်းသောနေရာမှာ ရေချိုးခုံလုပ်ထားခြင်းတော့မဟုတ်မလေ့ ဖြစ်နေသည်။ ဝေရည်ကျောက်စည်ပိုင်းတွင်းမှရေတို

www.burmeseclassic.com



လက်ဖြင့်နှိုက် ကြည့်လိုက်သည်။ ယခင်လိုအေးစိမ့်မနေဘဲ ရေက
ခပ်နွေးနွေး ဖြစ်နေသည်။

နာဂစ်မုန်တိုင်းပြီးကတည်းက ဝေရည်တို့ခြံထဲမှာ အရိပ်အာဝါသ
ကင်းသွားသည်။ ရာသီမရွေး ဝေဆာနေသော သစ်ပင်ကြီးတွေ
အတုံးအရုံးပြိုလဲကုန်သည်။ ရေချိုးခုံကို အုပ်မိုးထားသော လုံးပတ်
ထွာဆိုင်ရှိသည့် ပိတောက်ပင်ကြီးလည်း သခ်ါရသဘောဆောင်
သွားသည်။ ခရေပင်ပုလေးလည်း အနိစ္စသဘောပြသွားသည်။
ကုက္ကိုပင်ကြီးများနှင့် မန်ကျည်းပင်ကြီးများလည်းဖြစ်ပျက်ကို မလွန်
ဆန်နိုင်ကြ။ အဘွား၏လက်သုံးစကား အဆုံးအမများကြောင့်
ထိုအပင်ကြီးတွေအတွက် စိတ်မကောင်းဖြစ်မိသော်လည်း ဝေရည်
ဖြေသာသည်။ မန်ကျည်းပင်တန်းမှာအသိုက်လုပ်နေသော ဗျိုင်း
မိသားစု၊ ချိုးမိသားစုလေးတွေကိုတော့ ဝေရည်လွမ်းသည်။ နှစ်စဉ်
လာနေကျဖြစ်၍ သူတို့၏လှုပ်ရှားမှုကို စောင့်ကြည့်ရသည့် အရသာ
ကို ဝေရည်သဘောကျသည်။ ဝေရည်တို့ခြံထဲမှာ သူတို့အတွက်
အန္တရာယ်မရှိ၍ စိတ်တိုင်းကျနေနေကြသည်။ နွေရာသီလေကလေး
တဖြူးဖြူးနှင့် ချိုးကူသံချွဲနွဲ့နွဲ့ကိုကြားလျှင် ဝေရည်တစ်နေရာရာက
လွမ်းတတ်မြဲ။ ထိုအလွမ်းသည် အမျိုးအမည်မကွဲပြား၍ လွမ်းရတာ
အရသာရှိလှသည်။ ကြေကွဲလွမ်းဆွတ်ခြင်းမျိုးမဟုတ်ဘဲ ကြည်နူး
ဆွတ်ပျံ့စွာ လွမ်းမောခြင်းဖြစ်သည်။ ယခုတော့ ထိုအရသာလည်း
မရှိတော့။ ကျီကျီကျာကျာအော်တတ်သော စာဝတီးတစ်သိုက်သာ
အိမ်ကိုဝင်လိုက်ထွက်လိုက်လုပ်နေသည်။ အိမ်မှာ အစီအရီ ထော



ထားသောဆန်အိတ်တွေကို နှုတ်သီးနှင့်ထိုးဖောက်စားလိုက်၊ ချေး
ပါသွားလိုက်လုပ်နေ၍ ဝေရည်နှင့်စာတစ်သိုက် မကြာခဏရန်ဖြစ်
ရသည်။ သူတို့ခမျာလည်း အပြစ်ပြောလို့မရ။ အရိပ်ခိုစရာသစ်ပင်
ကြီးကြီးမားမားမရှိတော့၍ ဝေရည်တို့နှစ်ထပ်အိမ်ကြီးသည် သူတို့
အတွက် နားခိုရာဘူမိနက်သန်ဖြစ်နေခဲ့သည်။ သည်အတွက်
ဝေရည် နာဂစ်ကို စိတ်နာသည်။ ဝေရည်တို့နိုင်ငံ့ဂုဏ်ရည်ဆောင်
ပေါးကျိုကို ဖျက်ဆီးပစ်ရုံသာမက အသက်အိုးအိမ်စည်းစိမ်များစွာ
လည်း ပျက်စီးခဲ့ရသည်။ သမိုင်းတစ်လျှောက်လုံး မမေ့နိုင်သော
အတိတ်ဆိုးကြီးကို နာဂစ်ကချန်ထားရစ်ခဲ့သည်။

နာဂစ်အကြောင်းပြောလျှင် စိတ်အဆိုးဆုံးက ဝေရည့်ဘကြီး
[illegible]မ်းကွဲ ဦးကျော်အောင်ဖြစ်သည်။ နာဂစ်ဟုစကားစလိုက်သည်နှင့်
မျက်နှာကြီးနီ၊ စကားစဖြတ်ပြီး စကားဝိုင်းမှ ဝုန်းခနဲထပြေးတတ်
[illegible] သူဇနီး ကြီးတော် မလှအေးက အခါအခွင့်သင့်တိုင်း နှစ်သိမ့်ရှာ
သည်။

"တော်ကလည်းတော် သူများတွေ အသက်တောင်သေရသေး
[illegible] တော့်က ဒီလောက်လေးဖြစ်တာ ဆန်းသလား"

အားသာပေးရသည်။ ကြီးတော်မျက်နှာကြီးကလည်း ပြုံးစိစိ
[illegible]ပါ။ ဘကြီးကျော် မျက်နှာကြီးပိုရဲသွားသည်။

"နင်မှအပြောကောင်း၊ သေတာကမှ ကောင်းသေး၊ လူဆိုတာ
[illegible]သက်နဲ့လူလုပ်တာမဟုတ်ဘူး၊ အရှက်နဲ့လူလုပ်တာဟ"

www.burmeseclassic.com

www.burmeseclassic.com



ငိုသံပါကြီးနှင့်ဘကြီးပြောမှ ကြီးတော်မျက်နှာပိုးသတ်သည်။
သူ့ခမျာ ရှက်မည်ဆိုလည်း ရှက်စရာပါ။ နာဂစ်တိုက်သည့်နံနက်တ
သူတို့အိမ်မှာ လင်မယားနှစ်ယောက်တည်းရှိသည်ဟုဆိုသည်။
သူတို့အိမ်က ရွာအရှေ့ဘက် လယ်ကွင်းများအလယ်မှာဖြစ်သည်
အပြင် အိမ်ကုန်းကလည်းမြင့်လိုက်သေးသည်။ သစ်ပင် အကာ
အကွယ်လည်းမရှိ၍ နာဂစ်က ကျီစယ်ချင်တိုင်းကျီစယ်ခွင့်ရနေ
သည်။ လေအပြင်းထန်ဆုံးအချိန်မှာ တဲခေါင်မိုးသွပ်ပြားကြီးက
ဟစိ ဟစိဖြစ်နေ၍ ဘကြီးကျော်က တွဲခိုထားရသည်ဟုဆိုသည်။
တစ်နာရီနီးပါး တွဲခိုထားသည့်နောက် လေကလည်း ပြင်းသထက်
ပြင်းလာသည်။ နောက်ဆုံး လေတစ်ချက်က ပြင်းပြင်းထန်ထ
ဆောင့်အတွန်းမှာ သွပ်ပြားချပ်ကြီးလန်ထွက်သွားပြီး လူပါ လေဟု
စီးသလို ပါသွားရသည်။ ကံဆိုးချင်တော့ ပုဆိုးကကျွန်နေခဲ့သည်
ဘကြီးခမျာ သည်းထိတ်ရင်ဖိုနှင့် သတိလက်လွတ်ပါသွားပြီ
တစ်ခေါ်လောက်ဝေးသည့် ဘုန်းကြီးကျောင်းဝင်းထဲရှိ သဲပုံပေါ်
တလိမ့်ခေါက်ကွေးကျသွားခဲ့ရှာသည်။ အရေးထဲ ဘုန်းကြီးကျောင်
ဝင်းထဲမှာ အလှူလုပ်နေ၍ လူတွေတစ်စုတစ်ဝေးရှိနေသည်
ရပ်ကွက်တွင်းမှ လေခိုနေသူတွေလည်းရှိသည်။ ဘကြီးအဖြစ်
မြင်တော့ လူတွေ တအံ့တသြဖြစ်ပြီး ဝိုင်းဝန်းကြည့်ကြသည်တဲ့
ဘကြီးက ခဏတဖြုတ် သတိလစ်ပြီး မကြာခင်သတိရလာခဲ့သည်
သူ့ခမျာ မေးစေ့ကွဲ၊ ဒူးပြဲရုံ ဒဏ်ရာရသော်လည်း ရှက်စိတ်ကြော
အိပ်ရာ ထဲလဲခဲ့ရသည်။ ဘကြီးကြောင့် လူတွေလည်း ငိုအားထ



ရယ်အားသန်ခဲ့ရသည်။ ဘကြီးအကြောင်းတွေးလျှင် ဝေရည် ရယ်ချင်သည်။

"ဝေရည် သွက်သွက်လျှော်လေ၊ သမီးအဘွား စိတ်ဆိုးနေ တယ်"

အဲဒါပဲကြည့်။ ခေါင်းလျှော်တာ စိတ်ဆိုးစရာလားလို့။ အဘွားနှင့်တော့ခက်ပြီ။ သည်ဆံပင်ရှည်ကြီးကို သူပဲထားခိုင်းခဲ့သည်။ ဝေရည့်မှာ အသက်ကလေးငယ်ငယ်နှင့် ဆံပင်မနိုင်မနင်းကြီးတို သယ်ပိုးထားရသည့်ဒုက္ခကို အဘွားကြောင့်သည်းခံနေရသည်။ အဘွားက ဆံပင်နှင့်ပတ်သက်လျှင် အစွဲအလမ်းကြီးသည်။ ဝေရည်ငယ်ငယ်က နားထောင်ခဲ့ရသော အိပ်ရာဝင်ပုံပြင်များထဲမှ အဘွား၏ဆံတုကြီး အကြောင်းက ဝေရည့်ကို အထိတ်တလန့်နှင့် စွဲလမ်းစေခဲ့သည်။ ထိုဆံတုကြီးက အဘွားထံမှာ ယခုတိုင်ရှိနေဆဲ ဖြစ်သည်။ ဂုဏ်ယူမြတ်နိုးစရာအဖြစ် သားစဉ်မြေးဆက် ထိန်းသိမ်း ခဲ့ခြင်းလည်း ဖြစ်သည်။

"မိန်းမတို့ဘုန်း ဆံထုံးတဲ့၊ ငါတို့တစ်မျိုးလုံး ဆံပင်ကောင်းကြ တယ်။ ဆံပင်ဆို အမြတ်တနိုးနဲ့ တရိုတသေထားကြတာ။ ငါတို့ အဒေါ်တွေဆို ခေါင်းဖြီးလို့ ဆံပင်လေးတစ်ပင်ကျွတ်ရင်တောင် ငိုရတာအမော၊ ဒီတုန်းက ငါတို့က ကလေးရှိသေးတာ၊ အဒေါ်တွေ ခေါင်းဖြီးရင် ဆီလူးရင် ငေးကြည့်ရတာ အမော၊ တို့အဘွားဆို ဆံပင်ရှည်တာတစ်ရပ်ကျော်ပြီး မြေကြီးမှာပုံနေတာပေါ့။ ခေါင်းလျှော် ရင် လူတစ်ယောက်အကူခေါ်ရတယ်။ အဘိုးက အဲ့ဒီဆံပင် အရှည်

www.burmeseclassic.com

www.burmeseclassic.com



ကြီးကို သဘောကျလို့ မြင်းတွေ၊ မြေတွေအများကြီးနဲ့ တင်တောင်းခဲ့တာတဲ့။ ဒါပေမဲ့ အဘွားခမျာ ကံမကောင်းပါဘူး။ ကလေးသုံးယောက်ရတော့ ဂျပန်ခေတ်ကြီးထဲမှာ သေရော၊ သေတော့လည်း အခေါင်းပျဉ်ဝယ်မရလို့ ဖျာလိပ်နဲ့ချရတယ်။ လူတွေက ဖျာနဲ့လိပ်ထမ်းသွား၊ ဆံပင်တွေကမနိုင်လို့ လမ်းမှာတစ်တွေကြီးပြေကျတော့ အဘိုးက မျက်ရည်ဆက်လက်နဲ့ ဆံပင်တွေပွေ့ပိုက်ပြီးလိုက်သွားသတဲ့လေ။ သင်္ချိုင်းရောက်တော့လည်း သူ့မိန်းမဆံပင်တွေ မပစ်ရက်ဘူးဆိုပြီး ဖြတ်ယူခဲ့တာ၊ အိမ်ရောက်တော့ ကင်ပွန်းတရော်နဲ့လျှော်ပြီး ယွန်းအစ်ကြီးထဲထည့်သိမ်းခဲ့တာ၊ သူ့မိန်းမသတိရတိုင်းလည်း ထုတ်ကြည့်ရတာ အမော၊ ယွန်းအစ်ကြီးဆေးသားကွာနေတာသာကြည့်တော့"

"အဘိုးက နောက်အိမ်ထောင်မပြုဘူးလား"

"ကြံကြီးစည်ရာအေ၊ အဘွားသေတော့ သုံးဆယ်ဆိုလားရှိသေးသတဲ့၊ သမီးလေးတွေနဲ့ သေတဲ့အထိနေသွားတာပဲ၊ စီးပွားဉစ္စာလည်းရှိပ့ါ။ အဘိုးက သူ့မိန်းမအမွေကို သမီးတွေထဲကတော်အကြီးဆုံးကို လွှဲခဲ့တာ။ အဲဒါတို့အမေပေ့ါ။ အမေကလည်း ငါ့ပြန်လွှဲခဲ့တော့ ငါထိန်းသိမ်းခဲ့ရတာ"

အဘွားကဆံတုကြီးထိန်းသိမ်းရသည်ကို ဂုဏ်ယူနေသလောက် ဝေရည်ဆံတုထည့်ထားသည့် ယွန်းအစ်ကိုမြင်တိုင်း လန့်နေခဲ့သည်။ ထုံးစံအတိုင်းဆိုလျှင်တော့ အမွေဆက်ခံရမည့်သူက ဝေရည်ဖြစ်နေသည်။ ဘာဖြစ်လို့များ သည်ဆံပင်ကြီးကို သားစဉ်မြေးဆက်



ထိန်းသိမ်းစေပါလိမ့်ဟု ဝေရည်မကြာခဏတွေးမိသည်။ မြေးကြီးဖြစ်ရသည့် ဘဝကိုကလည်း မလွှယ်ကူလှ။

"ဝေရည် သွက်သွက်လုပ် အဘွားစိတ်ဆိုးနေတယ်"

ရေကိုတဖြန်းဖြန်းလောင်းချလိုက်ရင်း ခေါင်းလျှော်ခြင်းကိုလက်စသတ်လိုက်သည်။ ဝေရည့်အဖြစ်ကလည်းကြည့် ဘယ်နေရာမှ မလွတ်လပ်သည့်ဘဝပါ။ အိမ်ပေါ်တက်တော့ အဘွားမျက်စောင်းက ဒိုင်းခနဲရောက်လာသည်။ ဆံပင်တွေကို ရေအပြေအလွှားသုတ်ရသည်။ ယခင်ဆိုလျှင် အဘွားကူသုတ်ပေးနေကျပါ။ သည်နေ့မှာတော့ သည်ဆံပင်ရှည်ကြီးနဲ့ ဝေရည်လုံးလည်လိုက်ရင်း အမြန် အခြောက်ခံရသည်။ တစ်ခါတလေတော့လည်း ဝေရည် ဆံပင် အတိုလေးနှင့်နေချင်သား။

◈ ◈ ◈

ဆိုင်ထဲကိုရောက်ချိန်မှာ လူတွေပြည့်ကျပ်နေသည်။ သူငယ်ချင်းသန္တာက ဆံပင်ညှပ်နေရင်းမှ ခေါင်းညိတ်နေရာပေးသည်။ ဆိုင်တွင်းမှာ ရှိနေသူအားလုံး ဝေရည့်ကိုကြည့်နေကြသည်။ မကြည့်ခံနိုင်ရိုးလား။ ဆံပင်ရှည်တစ်ထွေးကြီးကို သိမ်းဖယ်ထိုင်လိုက်၍ ပေါင်ပေါ်မှာ အပုံလိုက်ကြီးဖြစ်နေသည်က ဝေရည့်ထူးခြားမှုပါ။

"ခုမှပဲပေါ်လာတော့တယ်။ မျှော်နေတာကြာပြီ၊ ဘယ်နှယ်လဲ အဘွားရောပိုင်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



ငယ်သူငယ်ချင်းဖြစ်၍ သန္တာက အတွင်းသိ၊ အစဉ်းသိ ဖြစ်နေသည်။

"အဖျားလေးပဲဆိုတော့ သူမသိနိုင်ပါဘူး။ အများကြီးလည်း မလုပ်ရဲဘူး"

"အေးပါ၊ ငါလည်းမလုပ်ပေးရဲပါဘူး၊ နင့်အဘွားကလွယ်တာ မဟုတ်ဘူး၊ ဒါပေမဲ့ အဖျားတီလိုက်ရင် နင့်ဆံပင်ပိုပြီး အရှည်မြန်မှာ၊ အဲဒါကြောင့်တိုက်တွန်းတာ၊ ဒါပေမဲ့ ဒီခေတ်ထဲမှာ နင့်ဆံပင်ကြီးက မမိုက်ပါဘူး"

သန္တာပြောလည်းပြောစရာပါ။ ဆံပင်တိုပုံစံအမျိုးမျိုးခေတ်စားနေချိန်မှာ ဝေရည့်ဆံပင်ကြီးက သီးသီးခြားခြားဖြစ်နေသည်။ သွားသုတ်သုတ်၊ စားသုတ်သုတ်ဆိုလျှင် ဆံပင်ကြီးက အလုပ်တစ်ခုဖြစ်နေ၍ ဝေရည်လည်းစိတ်ကုန်လှပါပြီ။ အဘွားကြောင့်သာ မဟုတ်လျှင် ဝေရည်နှင့်ဆံပင်က လမ်းခွဲခဲ့တာကြာခဲ့ပြီ။

"မိန်းမတို့ဘုန်း ဆံထုံးတဲ့၊ ကျက်သရေဘယ်လောက်ရှိတယ်မှတ်လဲ၊ မိန်းမတန်ဖိုးမြင့်တယ်"

အဘွားက ထင်ရာပြောမြဲ၊ ဝေရည်ကလည်း လစ်လျှင်လစ်သလို ပြန်ပြောမြဲ။

ဒီခေတ်မှာ ဆံပင်က အဓိကမဟုတ်ဘူး၊ သက်သောင့်သက်သာနဲ့ပေ့ါပေ့ါပါးပါးရှိဖို့က အရေးကြီးတာ၊ အဓိကအလုပ်အကိုင်နဲ့ပညာအရည်အချင်း အဘွားရဲ့"

မြေးအဘွားနှစ်ယောက်ကြား အမြဲစေ့စပ်ပေးရသူက အဖေပါ။ ကြာတော့ အဖေ့ကိုအားနာ၍ ဝေရည်သည်းခံနေဖြစ်လိုက်သည်။



ဆံပင်ဆိုင်ရောက်တော့ ဆံပင်ပုံစံအမျိုးမျိုးကိုကြည့်ရင်း ဝေရည်စိတ်တွေ မရိုးမရွဖြစ်လာသည်။ အသက်အရွယ်နှင့်လိုက်ဖက်သော ဆံပင်ပုံစံတစ်မျိုးမျိုးကို ဝေရည်ထားကြည့်ချင်သည်။ သန္တာက အမျိုးသမီးကြီးတစ်ဦးကို ဆံပင်ကောက်ပေးနေရင်း မကြာခဏ စကားလှမ်းလှမ်းပြောနေသည်။ သူဆံပင်ကောက်ပေးနေသော အမျိုးသမီးကိုကြည့်ရင်း ဝေရည်အံ့ဩနေသည်။ ညိုပြီးညစ်နေသော အသားအရေက ခန္ဓာကိုယ်မှာကပ်နေသည်။ ဟောက်ပက်ဖြစ်နေသော မျက်တွင်း၊ ကွမ်းစားထား၍နီရဲသောသွားတို့က အလှပြင်ဆိုင်နှင့်နည်းနည်းလေးမှ မအပ်စပ်။ သူ့မျက်နှာသည် အလှအပထက် သောကတို့သာ ကြီးစိုးနေမှန်း သိသာသည်။ ဒါနှင့်များ သူ ဆံပင်ကောက်နေသေးသည်။ ဝေရည်စိတ်ထဲ အလိုမကျစွာ အပြစ်တင်နေမိသည်။ ကတုံးသာသာဆံပင်တိုစိလေးကို ကတ်ကတ်သတ်သတ်ကောက်ပေးနေသော သန္တာကိုလည်း အံ့ဩသည်။ မလှဘူး၊ မလိုက်ဖက်ဘူးဟု မပြောဘဲ ပိုက်ဆံရလျှင်ပြီးရောများသဘောထားနေသလားမသိ။ မကြာခင် ထိုအမျိုးသမီးဆံပင်ကိစ္စပြီးသွားသည်။ ပြားချပ်နေသော ရင်ပုံအတွင်းမှ ကတ်သီးကတ်သတ်နှိုက်ယူ၍ ပိုက်ဆံလိပ်လေးထွက်လာပြီး သန္တာကိုပေးသည်။ သန္တာကလှမ်းယူပြီး စားပွဲပေါ်တင်ထားလိုက်သည်။ ရေတွက်ခြင်းပင်မရှိ။ ဆိုင်အတွင်းမှ ထိုအမျိုးသမီးနှင့် ကောင်မလေးသုံးယောက်ထွက်သွားသည်။ သူတို့က တစ်ဖွဲ့တည်းဖြစ်ပုံရသည်။ ကောင်မလေးတွေက ဆံပင်ပုံစံဆင်တူလေးတွေဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟူး မောလိုက်တာ"

သန္တာချိုကညည်းရင်း ဝေရည့်ဘေးမှာဝင်ထိုင်သည်။

"ညပ်လေ၊ ငါ့ကိုအားမနာနဲ့၊ ငါက အေးအေးဆေးဆေးပါ"

"ရတယ်၊ ငါခဏနားဦးမယ်၊ ကျန်တာတွေက ကိုယ့်ဖောက်သည်တွေ၊ ကိစ္စမရှိဘူး၊ ဟိုအဖွဲ့သာအဝေးကြီးပြန်ရမှာမို့ လုပ်ပေးလိုက်တာ"

"ဘယ်လိုဖြစ်တာလဲ၊ ဒီလောက်ဆံပင်တိုနံ့နံ့လေးကို ဒီအရှယ်ကြီးနဲ့ ကောက်နေတယ်"

စောစောပိုင်းကအမျိုးသမီးကို မကျေနပ်စိတ်နှင့် ဝေရည်ပြောလိုက်သည်။

"သူ့ခမျာ ဘယ်ကောက်ချင်ပါ့မလဲ ဝေရည်ရယ်၊ တကယ်တော့ အဲဒီအမျိုးသမီးက ဆံပင်အရှည်ကြီးတဲ့၊ သူ့ယောက်ျားလေဖြတ်သွားလို့ ဆေးကုစရာမရှိလို့ သမီးတွေရော၊ သူရော ဆံပင်ဖြတ်ရောင်းလိုက်တာ လေးသောင်းကျော်ရတယ်တဲ့၊ ဒါနဲ့ယောက်ျားကို ဆေးသွင်းပေးပြီး သူ့ယောက်ျားသိရင် စိတ်မကောင်းဖြစ်မှာစိုးလို့ ဆံပင်ကိုလှချင်လို့ဖြတ်တဲ့ပုံစံမျိုး လာလုပ်တာ"

"ဟောတော်ရေ"

ဝေရည် ပါးစပ်အဟောင်းသားဖြစ်သွားသည်။

"သူက ပြောသွားသေးတယ်၊ သူ့ယောက်ျားက သမီးတွေရောသူရော ဆံပင်ညှပ်တာ လုံးဝမကြိုက်ဘူးတဲ့၊ ခုဆို သူနေမကောင်းမှ လှချင်ရမလားဆိုပြီ သားအမိတစ်တွေကို ပြောဦးဆိုဦးမှာတဲ့၊



အမှန်အတိုင်းပြောပြန်ရင်လည်း စိတ်မကောင်းဖြစ်ဦးမယ်တဲ့။ သူ့ခမျာဆံပင်သာလုပ်နေရတယ် မျက်ရည်စက်လက်၊ အဲဒါကြောင့် ဆံပင်ညှပ်ခတောင် ဆေးဖိုးပဲယူထားလိုက်တာ"

"ဪ"

ဝေရည် ဪက သံရှည်ဆွဲသွားသည်။

"ကဲ ဘယ်လိုလဲ၊ အဖျားတစ်ထွာလောက်တိလိုက်မလား"

ဝေရည်ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ဆံပင်တွေကိုမှကြည့်လိုက်တော့ ခွေခွေနွဲ့နွဲ့နှင့် လေးလေးပင်ပင်ရှိလှသည်။ ဒါဆို နည်းမှာမဟုတ်။ ခုနေတော့ တန်ဆာပေ့။ အင်းလေ . . . တစ်ချိန်ချိန်မှာ ဝေရည်လည်း ဒီဆံပင်နဲ့ အဘွားအတွက် တစ်ခုခု လုပ်ပေးနိုင်ကောင်းပါရဲ့။ မပြောကောင်း၊ မတွေးကောင်း ကိုယ့်အတွေးကို ဝေရည် အံ့သြသွားသည်။

"ဒီလိုလုပ်ပါလား ဝေရည်၊ နင် ဒီဆံပင်ကြီးကိုရောင်းပြီး နင့်အဘွားအတွက် ဝါဆိုသင်္ကန်းဖြစ်ဖြစ် ကပ်ပေးလိုက်ပါလား။ နင်လည်း ဆံပင်အတိုထားလို့ရတာပေါ့"

ကောက်ခါငင်ခါပြောလိုက်သော သန္တာ့စကားကြောင့် ဝေရည် တွေဝေသွားသည်။

"ဟုတ်တယ်နော်"

ဆံပင်တွေကို ဆုပ်ကိုင်ရင်း ဝေရည်စဉ်းစားနေသည်။ ထိုခဏ ဆရာတော့်စကားကို ကြားယောင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အလှူဒါနဆိုတာ စိတ်ကလေးကြည်လင်ပြီး ပီတိလေးနဲ့ အဖန်ဖန်ပွားများပြီးလှူမှ ကုသိုလ်ပိုရတာ"

အဘွား အမြတ်တနိုးရှိတဲ့ သည်ဆံပင်တွေရောင်းပြီး လှူတဲ့ အလှူကို အဘွားကြည်ဖြူပါ့မလားမသိ။ ဒါဆိုလည်း ဆံပင်ဆုံးရှုံးရုံသာ အဖတ်တင်တော့မည်။ ဝေရည် စိတ်တုံးတုံး ချလိုက်သည်။

"တော်ပြီ၊ အဖျားလည်းမတိတော့ဘူး သန္တာ၊ ငါ့အဘွားကို စည်းရုံးလိုက်ဦးမယ်၊ သူကျေနပ်တယ်ဆို ငါ့ဆံပင်ရော၊ ဟိုဆံတုကြီးရော ရောင်းပြီး အဘွားအတွက် ကုသိုလ်လုပ်ပေးမယ် . . . နော်"

"အေး . . . ဒါလည်း ကောင်းတယ်"

ပြောလို့သာပြောရ အဘွားက သဘောတူပါ့မလားမသိ၊ တစ်ခါတလေတော့လည်း လူကြီးတွေက ကလေးတွေထက် တစ်ယူသန်တစ်ဖွတ်ထိုး ဆန်လှသည်။ ဝေရည်စည်းရုံးရဦးမည်ပေါ့။

❖ ❖ ❖ ❖ ❖

## သောင်ယံကမ်းမှ အလွမ်းလက်ကျန်

နံနက် ဝေလီဝေလင်းကတည်းက ရွှေခင်ခြေလှမ်းတပြင်ပြင် ဖြစ်နေသည်။ အိမ်ရှေ့နှင့်အိမ်နောက်ဖေးကို ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၍ ယောက်ျားဖြစ်သူက မျက်စောင်းထိုးလှပြီ။ တယ်လီဖုန်းဆီလည်း မကြာခဏအကြည့်ရောက်သည်။ ဖုန်းသံ ကလင်၊ ကလင်များကြားရလိမ့်မလားဟု ရင်ခုန်ရသည်ကလည်း အမောတစ်မျိုးပါ။

"ရွှေခင် ဘယ်လိုဖြစ်နေတာလဲ၊ လာမယ်ဆိုလာမှာပေါ့၊ သည်တိစ္ဆက မသွားလို့မဖြစ်တဲ့ကိစ္စကို သည်လောက်တောင် လောကြီးနေတယ်" စိတ်မရှည်သလိုပြောလာတော့ ရွှေခင်မျက်စောင်းပြန်ခဲလိုက်သည်။ သင်းက ဘယ်ကိုယ်ချင်းစာတတ်ပါ့မလဲ။ အနှစ်အစိတ်နီးပါး ခွဲခွာခဲ့ရတဲ့ ဇာတိရပ်ရွာကို တစ်ကျော့ပြန်သွားရမယ့်အဖြစ်က ရွှေခင့်ကို စိတ်လှုပ်ရှားစေသည်။ ညကလည်း တစ်ရေးတစ်မောသာ အိပ်နိုင်ခဲ့သည်။ မကြာခဏ နာရီကြည့်မိ၍ ခင်ပွန်းသည်နှင့် စကားများရသေးသည်။ သုံးနာရီထိုးတော့ ရွှေခင်မနေနိုင်တော့။ အိပ်ရာထပြီးကိုယ်လက်သန့်စင်၊ ဘုရားဝတ်ပြု၊ အကူကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



ကို မှာစရာရှိတာမှာပြီး ရွှေခင်ပြင်ဆင်ရသည်။ သွားရမည့်ခရီးစဉ်ကလည်း ဆရာတော်ပြောပြထား၍ အကြောင်းစုံသိနေသည်။ သည်အတွက်ပို့ပြီး ရင်ခုန်ရသည်။

"ဒကာမတို့လိုက်ကြည့်တာ ပိုကောင်းတာပေါ့၊ ကျုပ်လည်း အတတ်နိုင်ဆုံးကြိုးစားထားတာ၊ ခုလိုလုပ်ပေးရမှ ကျုပ်လည်းစိတ်ချမ်းသာသွားတာ၊ မဟုတ်ရင် တာဝန်မကျေသလို"

BURMESE CLASSIC .com

သည်လိုပြောတော့ ရွှေခင်မျက်နှာပူရှိန်းရှိန်းဖြစ်သွားသည်။ ရွှေခင်တို့နေစိမ့်နိုင်သည်ဟုပင် ဆရာတော်ထင်မည်လား မပြောတတ်။ ဆရာတော်က ဇာတိရပ်ရွာအပေါ် သံယောဇဉ်ကြီးရှာသည်။ မကြီးဘဲရှိပါ့မလား။ သည်မြေ၊ သည်ရေပေါ်မှာ ဘိုးစဉ်ဘောင်ဆက် အခြေချ နေထိုင်ခဲ့ကြသည်။ သည်မြေ၊ သည်ရေမှာပဲ လုပ်ကိုင်စားသောက်ခဲ့ကြသည်။ သည်မြေ၊ သည်ရေမှာပဲ ရိုးမြေကျ နေထိုင်သွားဖို့ စိတ်ကူးရှိခဲ့ကြသည်။ သို့သော်လည်း ကံကြမ္မာက တစ်မျိုးတစ်ဖုံပြောင်းလဲပေး၍ ပျော်ရာမှာမနေ တော်ရာမှာနေခဲ့ကြရသည်။ ဒေသသစ်မှာ မပျော်မွေ့ပါဘဲ ကြိုးစားရုန်းကန်ခဲ့ရသည့်အဖြစ်က ယနေ့ အတိတ်အိပ်မက်လို ဖြစ်နေသည်။ ဖြစ်နိုင်လျှင် ဇာတိမြေကို တစ်ခါတစ်ခေါက် အရောက်သွားချင်စိတ်က အစဉ်အမြဲ ကြီးစိုးနေပါ၏။ ကိုယ့်အလုပ်၊ ကိုယ့်တာဝန်ကြောင့်သာ ဖြေသိမ့်မေ့ပျောက်နေရခြင်းပါ။

မလွမ်းရိုးခံနိုင်ပါ့မလား။ မုတ္တမပင်လယ်ကွေ့စီးဝင်ရာ စစ်တောင်းမြစ်ဝတစ်ဖက်ကမ်းခြေရှိ သာစည်၊ ကံရ၊ ငှက်ကြီးရေကျော်၊



အောင်ဇေယျ၊ ဒမသတ်၊ ခနန်စသောရွာကြီးများက တကယ့်နေချင်စရာကောင်းသော ရွာကြီးများပါ။ လုပ်ကိုင်စားသောက်ရေးလည်း အဆင်ပြေလှသည်။ ကိုယ့်မြေ၊ ကိုယ့်ယာ၊ ကိုယ့်ချောင်း၊ ကိုယ့်တာနှင့် သောကဒုက္ခဟူသည် မြူမျှမရှိဟု ထင်ခဲ့ကြသည်။ ရွှေခင်တို့ သာစည်ရွာက အောင်ဇေယျရွာနှင့်ပေါင်းထား၍ ရွာကြီးဖြစ်သည်။ ရွာအင်္ဂါရပ်နှင့်လည်းပြည့်စုံသည်။ ဘုရား၊ ကျောင်းကန်၊ စေတီ၊ ပုထိုး၊ ကျောင်း၊ ဆေးပေးခန်းအထိရှိသော ရွာကြီးဖြစ်သည့်အပြင်လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းလှသည်။ ပဲခူး၊ သတ္တလလို မြို့၊ ရွာကြီးတွေကို နေ့ချင်းပေါက် သွားနိုင်သည်။ အနီးဝန်းကျင်ရွာများသို့ စက်လှေများဖြင့် ကူးသန်းသွားလာနိုင်၍ စက်လှေဆိပ်လည်းရှိသည်။

ရွှေရောင်ဝင်းနေသော ရွာဦးကပ်ကျော်စေတီကြီးကို ၁၂၉၂ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်နေ့မှာ တည်ခဲ့သည်။ ထိုနှစ်က ပဲခူးငလျင်ကြီးလှုပ်၍ လူအများစိတ်ချောက်ချားနေဆဲ အားကိုးအားထားအဖြစ် တည်ခဲ့ခြင်းဖြစ်သည်ဟု လူကြီးသူမတွေ ပြောဖူးသည်။ ရွာသူရွာသားအများစုက လယ်ယာလုပ်ငန်းဖြင့် အသက်မွေးကြသည်။ မြေဆီမြေဩကောင်း၍ စပါးအထွက်လည်းကောင်းလှသည်။ စပါးကျီကြီးများ အိမ်တိုင်းလိုလိုရှိကြသည်။ မရှိဘူးဆိုသည့်အိမ်က အိမ်အောက်မှာ ရာဝင်စပါးပုတ်ကြီးများရှိကြသည်။ ဝမ်းစာပြည့်စုံ၍ လှူရေးတန်းရေးလည်း လက်မနှေးကြပါ။ ရွာဦးစေတီတည်စဉ်က ဆုတစ်ရပ်ကျော် ရွှေဆွဲကြိုးကြီးဌာပနာထားနိုင်ခဲ့သည်ဟု ရွှေခင်

www.burmeseclassic.com

www.burmeseclassic.com



ကြားဖူးသည်။ သစ်ရိုပ်၊ ဝါးရိပ်စိမ်းစိမ်းစိုစိုနှင့် ရေချိုကန်ကြီးများ
ကလည်းဟီးထနေသည်။ စားရေးသောက်ရေးလည်းမပူရ။ ငါး၊ ဖား
ပုစွန်က အပင်ပန်းခံစရာမလို၊ ငါးစင်း၊ ငါးပျံလို ငါးသားလေးများက
ပင်လယ်ထဲမှ ခပ်ယူရုံဖြင့်ရသည်။ ငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေး
သူတွေလည်း တင်းကျမ်းပါ။ ငါးရောင်၊ ငါးသလောက်လို အကောင်
ကြီးများလည်း အလျှံပယ်ပေါသည်။

သာမန်ဟင်းစားက လက်ထွန်တစ်ချက်ပစ်ရုံဖြင့် ရသည်။
လက်ထွန်လည်းအထွေအထူးလုပ်ရသည်မဟုတ်။ ထီးရိုးဝါးတံရှည်
ထိပ်ဖျားမှာ ချူတပ်ထားသော ငါးမျှားကြိုးဆယ်ခုတပ်ထားသည်
အဖျားမှာ ခဲတံတပ်ထားသော ငါးမျှားချိတ်တပ်ရသည်။ ထိုလက်
ထွန်ကို ပင်လယ်တွင်းချရုံဖြင့် ငါးတစ်ကောင်မိလျှင် ကြိုးတစ်ချောင်
အသံမြည်လာသည်။ ခဏအတွင်းမှာ ကြိုးဆယ်ချောင်းလုံးမိသည်
လက်ထွန်တစ်ချက်၊ နှစ်ချက်ပစ်လျှင် အိမ်ဟင်းစားက အလျှံပယ်
သည်။ ဒီတုန်းက ပင်လယ်ကြီး ကိုယ်နှင့်နီးလာသည်ကိုပဲ ပျော်စရာ
ဟုထင်ခဲ့မိသည်။ တစ်မျှော်တစ်ခေါ် ရေပြင်ကြီးနှင့် တစ်ဖက်ကမ်း
မှိုင်းညို့ညို့တောင်တန်းကြီးတွေကလည်း လွမ်းမောဖွယ်ကောင်း
သည်။ လူကြီးတွေပြောစကားအရ မွန်ပြည်နယ်မှ ကျိုက်ထီးရိုး
ဇင်းကျိုက်နှင့်ကေလာသတောင်များဟု သိရသည်။

ညညဆိုလျှင် ထိုတောင်ညို့ညို့ကြီးများဆီမှ မီးရောင်တလက်
လက်ကိုပင် တွေ့မြင်နေရသည်။ ထိုအချိန်က အပူသောကဟူသည်
ဘာမှန်းမသိ။ ရွှေခင်တို့အပျိုဖော်ဝင်စအရွယ်တွင်ပင် ညဘက်



လသာလျှင် အပေါင်းအဖော်များနှင့် ဆော့ကစားကောင်းတုန်း။ ယောက်ျား၊ မိန်းမမခွဲခြား၊ ထုပ်ဆီးတိုးတမ်းကစားကြပြီဆိုလျှင် အနုနည်းကစားလေ့မရှိ။ အကြမ်းနည်းဖြင့် တစ်ယောက်ကိုတစ်ယောက် လုံးထွေးသတ်ပုတ်ရင်း ကစားကြမြဲ။ ညဉ့်နက်သန်းခေါင်ကစားလို့လည်း ဘယ်မိဘမှလိုက်ခေါ်လေ့မရှိ။ စိတ်ချလက်ချလွှတ်ထားကြသည်။ ဤလိုလွှတ်ထား၍လည်း ဘာအကြောင်း၊ ဘာပြဿနာမှ မရှိ။ သွေးသားရင်းခြာတွေလို ရင်းနှီးကြသည်။ နှလုံးတုန်၊ ရင်ခုန်ဖို့ဆိုတာ ဝေလာဝေး။ တစ်ယောက်ကျောတစ်ယောက်ထုရင်း ကျီစယ်နောက်ပြောင်ကြမြဲ။ ပုဆိုးတိုတို ဇကတ်ဖားဖားကြီးများဖြင့် ကလေးမက လူကြီးမကျအရွယ်ကြီးတွေက ရင်းနှီးပွင့်လင်းစွာ ဆက်ဆံကြမြဲ။ ဒီအထဲမှာ ရွှေခင် အကဲဆုံး၊ အရပ်ထဲမှာလည်း ရွှေခင်၊ ကျောင်းမှာလည်း ရွှေခင်ပါပဲ။ ရွှေခင်မဆိုသောအမည်နှင့် မလိုက်အောင်ကစားရင်း အငြင်းထူ၍ရန်ဖြစ်လည်း အာသန်ပြဲနှင့် အော်နေကျ။ အားကစားထူးချွန်သည်မဟုတ်ပါဘဲ အားတိုင်းကစားနေ၍ အမေအရိုက်ခံရလည်း အာသန်ပြဲနှင့်ငိုနေကျ။ ကျောင်းမှာ ရန်ဖြစ်လွန်း၍ ကျောင်းပတ်ပြေးရင်း၊ မုန့်စားမပျက်၍ ဆရာရိုက်သည်ကလည်း ရွှေခင်ပါပဲ။ ကိုယ့်ဘဝကိုယ်ပြန်တွေးကြည့်လျှင် ရွှေခင်ရယ်ချင်သည်။ ရယ်လည်း ရယ်မိသည်။

× × × ကန်ပတ်လည် × × × ခရေရိပ် × × × ရွာထိပ်က ကျောင်းတော်ကန်နံဘေးဝယ် × × × မခွဲတမ်းကြင်မယ် × × × ဒီစကား × × × မေ့ပြီလားကွယ် × × × အချစ်ရယ် × × ×

www.burmeseclassic.com

www.burmeseclassic.com



တွံတေးသိန်းတန်၏ ကန်ပတ်လည်ခရေရိပ်သီချင်းသံကြား လျှင် ရွှေခင့်ရင်ထဲလှုပ်လှုပ်ခတ်ခတ်ဖြစ်ရမြဲ။ မခွဲတမ်းကြင်မယ်ရယ် လို့တော့ ရွှေခင်ဘယ်သူ့ဘယ်သူကိုမျှ သစ္စာပန္နက်ထားခဲ့ခြင်းမျိုး မရှိပါ။ သို့သော်လည်း ကန်ပတ်လည်ခရေရိပ်ဟူသော စကားစုလေး က ရွှေခင့်ရင်ကို လှမ်းဝင်ကလိတတ်မြဲ။ ရွှေခင်တို့ရွာထိပ်ရေကန် ကြီးပတ်လည်မှာ ခရေပင်တွေ စီတန်းပေါက်နေ၍ ခရေရိပ်၊ ခရေနံ့ တသင်းသင်းကို မွှေးပင်ရှူရှိုက်နားခိုမြဲ၊ ဆော့ကစားမြဲ၊ ကျောင်း ဆင်းအားလပ်ချိန်မှာ သူငယ်ချင်းများနှင့် ခရေပင်တန်းအောက် ပြေးလွှားကစားသည့်အရသာက ဘဝတစ်လျှောက်လုံး မေ့နိုင်မည် မထင်ခဲ့။ နံနက်စောစော ခရေဦးတွေရွေးသီကောက်ရင်း တစ်ဦး တစ်ယောက်မြင်သာအောင် ပန်ပြရသည်ကလည်း အငုံအဖူး နှလုံး သားဦးမှာ နူးနစ်စိမ့်ဝင်စေခဲ့ပါ၏။ ကြည်နူးခဲ့ရသည့်အဖြစ်တွေက မေ့ပစ်နိုင်စရာမရှိ။

"ရွှေခင်ရေ၊ ဆရာတော်ကားလာပြီ"

ရွှေခင့်အတွေးတွေ ရုတ်ခြည်းလွင့်ပြေးသွားသည်။ ခင်ပွန်း ဖြစ်သူလည်း အတူလိုက်ပါမည်ဖြစ်၍ အလျင်ဦးအောင်ဆင်းသွား သည်။ သူ့ကိုလည်း ရွှေခင်ကျေးဇူးတင်ပါ၏။ ဒီအချိန်မှာ ကိုယ့် စီးပွားရေးအပြင် ရပ်ကျိုးရွာကျိုးလေးပါ အလေးအနက်ထားဆောင် ရွက်လာသော အလေ့အကျင့်လေးကြောင့် ရွှေခင်ဝမ်းသာရသည်။ ယခုလို မိမိဇာတိမြေအတွက် လိုလိုလားလား လိုက်ပါကူညီမည် ဆိုသောအခါ ဆိုဖွယ်ရာမရှိပြီ။ အမှန်ပြောရလျှင် ယခင်ကထက်



ရွှေခင်ဆက်ဆံရေး ပြေပြစ်ထားမိသည်။ လင်မယားဖြစ်လာသည့် နောက် သူ့အရေး၊ ကိုယ့်အရေးခွဲခြားနေစရာမဟုတ်သည့်တိုင် လေးဖင့်အေးဆေးနေလျှင် ရွှေခင်စိတ်ကွက်မိဦးမည်။ ခုတော့ဖြင့် သူကပါ ဆရာတော်နှင့်ပေါင်းပြီး တက်တက်ကြွကြွ ဆောင်ရွက်ပေး နေ၍ ရွှေခင်ကျေးဇူးတင်ခြင်းပါ။

အိမ်ရှေ့မှာ ဂျစ်ကားနှစ်စီးရပ်လာသည်။ တစ်ဦးက ရွှေခင် တို့လိုက်ပါရမည့် မင်္ဂလာသာစည်ဆရာတော်ကားဖြစ်သလို နောက် တစ်စီးက ပဲခူး မင်္ဂလာရာမကျောင်းတိုက်ဆရာတော်ကားဖြစ်သည်။ ရွှေခင် ကားထဲငုံ့ကြည့်လိုက်သည်။ ရွှေခင့်သူငယ်ချင်း ဆရာမ သီသီစံက ကျုံ့ကျုံ့လေးထိုင်လာသည်။ သူလည်း လေ့လာရေးလိုက် မည်ဖြစ်၍ သူနှင့်အဖော်ရအောင် ရွှေခင်မဖြစ်မနေလိုက်ပါခဲ့ခြင်း ဖြစ်သည်။ အမှန်ဆိုလျှင် ရွှေခင်အတင်းကာရော လိုက်ချင်သည် ထားဦး။ ရွှေခင်တို့အိမ်၏လုပ်ငန်းသဘောတရားအရ တစ်ယောက် သွားလျှင် တစ်ယောက်ကျန်ရစ်ခဲ့ရမည်။ ယောက်ျားဖြစ်သူက တာဝန်အရ မဖြစ်မနေလိုက်ရမည်ဆိုလျှင် ရွှေခင်ကျန်ခဲ့သင့်သည်။ ယခုလို တစ်ဦးတစ်ယောက်ကပင် ဇာတိမြေကိုလေ့လာမည် ဆိုသောအခါ ရွှေခင့်စိတ်တွေ ထိန်းမနိုင်ခဲ့။ မဖြစ်မနေလိုက်ဖို့သာ ဆုံးဖြတ်ခဲ့သည်။

"ကဲ အားလုံးအဆင်သင့်ဖြစ်ရင် စထွက်မယ်၊ ကျန်တဲ့အဖွဲ့ တွေလည်း သူတို့နည်း သူတို့ဟန်နဲ့သွားကြပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော့်အသံက တက်ကြွနေသည်။ ကားရှေ့ခန်းမှာ ဆရာတော်နှင့်အတူ ခမ္ပန်ကံကြီးကျောင်းဆရာတော်လည်း လိုက်ပါလာခဲ့သည်။ နောက်ခန်းမှာ ရွှေခင်တို့ဇနီးမောင်နှံ၊ သူငယ်ချင်းဆရာမအပြင် အုပ်စုမှူးကျောင်းအုပ်ဆရာကြီးတစ်ဦးပါလိုက်သေးသည်။ ဂျစ်ကားလေးက ခဏချင်းလူတွေကျပ်ညပ်သွားသည်။ စထွက်သည်နှင့် ကားလေးက ချောင်းမကျယ်ကြီးအတွင်း မြွေလိမ်မြွေကောက်ပြေးနေသည်။ ရွှေခင်တို့အရပ်ကိုသွားသည့်လမ်းက ကတ္တရာလမ်းရယ်လို့ သီးသီးသန့်သန့်ရှိသည်မဟုတ်၊ မိုးအခါ ရေမောက်လျှံနေသော ချောင်းမကျယ်ကြီးက သီတင်းကျွတ်လရောက်သည်နှင့် ရေခန်းခြောက်သွားပြီး မိုးတွင်းက တရန်းရန်းသွားလာခဲ့သော စက်တပ်လှေများအစား ထော်လာဂျီများ၊ ကားများ၊ ထွန်စက်၊ ဆိုင်ကယ်များ ဝင်ရောက်နေရာယူလာကြခြင်းဖြစ်သည်။ ဤသဘာဝလေးက ရွှေခင်တို့အရပ်၏ ချစ်စရာသဘာဝလေးဟု တင်စားချင်သည်။ သက္ကလထွက်သည်နှင့် ချောင်းမကြီးက ပိုကျယ်လာပြီး ဖုန်လည်းပိုထူလာသည်။ မိုးအခါ ရေတဖွေးဖွေးနှင့် ဆည်များ၊ ပိုက်တဲများပြည့်နှက်နေသော ချောင်းမကြီးသည် ယခုအခါ ထော်လာဂျီများနှင့်ဆိုင်ကယ်များက နေရာယူလာကြသည်။ ဖုန်ကျင်းတွေကို ကွေ့ပတ်မောင်းနေရ၍ ကားလေးက လူးလူးလိမ့်လိမ့်ဖြစ်နေရှာသည်။ တကောကနုတ်ရွာ အနီးတစ်ဝိုက်မှာ အထူးအဆန်းမြင်ကွင်းကို တွေ့ရသည်။ မီးခိုးတအူအူနှင့် ဆားမီးဖို



များ၊ တန်းညှိထားသလို စီရရီ ဆားပုံလေးများက ရွှေခင့်ရင်ကို တစ်မျိုးတစ်မည်ထူးခြားစေသည်။

"ကြည့်ပါဦး၊ လှလိုက်တာ ဆားမြေပုံလေးတွေ ညီပြီးစီနေတာပဲ"

သူငယ်ချင်းဆရာမက ပါးစပ်ချီးကျူးလာပြီး လက်ကလည်း ရှုခင်းကို ဓာတ်ပုံရိုက်ရန် ပြင်ဆင်နေသည်။ ဒါလောက်များ အလှအပ ဟုတ်သေးလို့လား၊ ရွှေခင်တို့ဇာတိရပ်ရွာတွေမှာ ဒါတွေဟာ ရိုးပေါ့ဟု စိတ်ထဲက ရွှေခင်ပြောနေမိသည်။

"ဒီဆားမြေတွေကို ဘယ်လိုခြစ်ပြီး စီထားတာလဲ မသိဘူး"

"ပေါက်တူးနဲ့ ခြစ်တာပေါ့၊ ဆားပေါက်မြေကိုရှာပြီး လိုက်ခြစ်ထားတာ၊ ဒါတွေကို ရေနဲ့ဖျော်၊ အနည်ထိမ်စေပြီးမှ ဆားရေကြည်ကို ချက်တာ"

ဆရာတော်က လှည့်ရှင်းပြနေသည်။ တကောကနုတ်အထွက် ပေါက်ပင်ပေါက်ကံအနီးတစ်ဝိုက်မှာတော့ ဆားမီးဖိုတွေကို တရကြမ်းတွေ့ရသည်။ ကြည့်လေရာ မီးခိုးလေးတအူအူ၊ ဆားတူးနံ့လေးတသင်းသင်းနှင့် မြင်ကွင်းက တကယ့်ကို ကဗျာဆန်လှသည်။ လေးတိုင်စင်နှင့် ဆားမီးထိုးသည့်အရိပ်ရအောင် ဆောက်ထားသော ကနားဖျင်းတဲလေးများကလည်း မျက်စိတစ်သတ်ကြီး ကွနေရသည်။ ဆားရေကြည်ခံရန် တမံတုတ်ထားသော ဆားချောင်များကလည်း မှိုလိုပေါက်နေသည်။ ဆားမြေပုံကလေးများက အရှေ့အနောက် ဖြောင့်တန်းညီညာအောင် ပုံထား၍ စီစီရီရီနှင့် ခြင်းတွင်း ရှင်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com



"နဝဂစ်ကြောင့် ဆားရှားလိမ့်မယ်လို့ တွက်ထားခဲ့တာ မှားပြီပေါ့"

"ဒါပေါ့၊ အပျက်ရှိရင် အဖြစ်လည်းရှိတယ်ဆိုတာ ဒါမျိုးပေါ့" ရွှေခင်လည်း မြင်ကွင်းကို တအံ့တဩကြည့်နေမိသည်။ ရွှေခင်တို့ငယ်ငယ်က ဆားချက်လုပ်ငန်းရှိပါ၏။ ဤမျှလောက် မတွင်ကျယ်ပါ။ ပဲခူးဆားဟု နာမည်ကျော်ကြားလှသော်လည်း ဆားချက်သူနည်းပါးသည်။ ယခုလို တစ်မျှော်တစ်ခေါ် ဆားမြေပုံများကို တစ်ကြိမ်တစ်ခါမျှ ရွှေခင်မမြင်ဘူးခဲ့။ ဆရာတော်က သူ့ဒစ်ဂျစ်တယ်ကင်မရာလေးဖြင့် မှတ်တမ်းတင်နေသည်။

"အရင်တုန်းက ဆားချက်ရင် ဆားရေစင်ဆိုတာ ဆောက်ရတယ်၊ ဝါးသိပ်ကုန်တာ၊ ခုတော့ မြေကြီးထဲမှာပဲ ဆောက်ထားတော့အေးရော"

"ကဲ ဘယ်လိုလဲ နဝဂစ်၊ ဇရာဝတီကို ညစ်လည်းလုပ်တဲ့ နည်းတွေအများကြီး"

သူငယ်ချင်းစကားကြောင့် ရွှေခင်ရယ်ရသေးသည်။ သည်လိုနှင့် ကားလေးက ဆားမြေပုံတွေကြားမှာ ကွေ့ဝိုက်မောင်းရင်း သရက်ကုန်းရောက်လာသည်။ ဆရာတော်က သရက်ကုန်းရွာ ဘုန်းတော်ကြီးကျောင်းကို သတင်းထောက်ရန်မိန့်သည်။ ယခုပွဲမှာ တစ်နယ်လုံးရှိ သံဃာအကြီးအကဲများ ကြွရောက်မည်ဖြစ်၍ သရက်ကုန်းဆရာတော်က သူ့ကားနှင့်ကြွခဲ့မည်ဖြစ်ကြောင်း သတင်းရသည်။ တကယ့်ကို စည်စည်ကားကားကျင်းပနိုင်သည့်



ပွဲပါပဲ။ ရွှေခင်စိတ်ထဲ ငယ်ဆရာရင်း ဆရာတော်ဦးဒေဝိန္ဒတို့ အကြိမ်ကြိမ်ဦးချနေမိသည်။ ဆရာတော့်ကျေးဇူးတွေပါပဲ။ ဘုရားသားတော်တစ်ပါးဖြစ်ပါလျက် သူ့ခမျာ တရားဓမ္မနှင့် အေးအေးလူလူ မနေရှာ။ ရပ်ကျိုးရွာကျိုးကို ရွှေခင်တို့ထက် ပိုပြီးစိတ်ဝင်စားအလေးထားသည်။ ကိုယ်ကမြို့မှာ ပူပင်ကြောင့်ကြမဲ့စွာနေနိုင်ပြီဖြစ်ပါလျက် ဇာတိရပ်ရွာအတွက် ရတက်မအေးနိုင် ဖြစ်နေရှာသည်။ သူ့ကြောင့်သာ ရွှေခင်တို့ဇာတိမြေက ယခုလို တခမ်းတနားခိုးမြောက်ခြင်းခံရသည်ပဲ။ မဟုတ်လျှင် ရေပြင်အောက်မှာ ဘွားခနဲပေါ်ထွက်လာသော ဟိုတစ်ခု၊ သည်တစ်ခု တဲအိမ်စုစုလေးများကရှာငယ်ဇနပုဒ်၊ မီးကလေးမှိတ်တုတ်ဆိုသလိုဖြစ်မှာ အသေအချာပါ။ ယခုတော့ ဇာတိမြေက အသစ်တစ်ဖန် နိုးထလာခဲ့ပြီ။

သရက်ကုန်းဘုန်းတော်ကြီးကျောင်းရှေ့မှာ ဝါပဖြစ်ပါလျက် ဉပုသ်သိမ်တင်းဆောက်တည်ရန် လာသူတွေတွေ့မြင်ရသည်။ ဆရာတော်ဆုံးမဩဝါဒကောင်းလှသည်။ ဆွမ်းချိုင့်ကိုယ်စီနှင့် သိတင်းသည်တွေကို ကြည်နူးစွာ ရွှေခင် ငေးကြည့်နေမိသည်။ ထိုခဏ သံဝေဂတရား ရင်ထဲဝင်လာသည်။ ဘဝသက်တမ်းက ဘိုတိုလေးရယ်ပ။ ရွှေခင်တို့တွေ ကုသိုလ်ကောင်းမှုဟူ၍ မည်မည်ရရ မပြုရသေး။ အခါအခွင့်သင့်၍ ကိုယ့်စိတ်က နှစ်နှစ်ကာကာ ပြုရသောအလှူအတန်းမျိုးသာ တစ်ကြိမ်တစ်ခါရှိပါ၏။ ဒါလည်း သံသရာခရီးအတွက် မလုံလောက်သေး၊ ဝိပဿနာတွေအားထုတ်ရမည်ဟု သိနေပါလျက် စိတ်ကရောက်သည်။ လက်တွေ့မှာ ခန္ဓာ

www.burmeseclassic.com



ကိုယ် စားဝတ်နေရေးကို ဖြည့်ဆည်းပေးနေရသည်။ ကြာတော့ စိတ်ကပါ စီးပွားရေး၊ ကြီးပွားရေးမှာ လုံးလည်လိုက်ရင်း နစ်မြုပ်နေရသည်။ ဝိပဿနာဆိုတာ တကယ်တော့ စိတ်ကလေးကိုစောင့်ကြည့်နိုင်ဖို့ပါပဲဟု ဆရာတော် ပြောဖူးတာ ရွှေခင်သိပါ၏။ သို့သော်လည်း ကိုယ့်စိတ်ကိုယ်မနိုင်၍ အလျှော့ပေးရသည်က အကြိမ်ကြိမ်။ လောကမှာ စိတ်ခွန်အားကအကြီးဆုံးဟု ရွှေခင်ထင်သည်။ ကိုယ့်စိတ်ကိုယ်မနိုင်၍ တရားစခန်းတွေ အကြိမ်ကြိမ်ဝင်ပြီး ချုံးနှိမ်နေရသည်က ပုထုဇဉ်သဘာဝပါ။ ငယ်ငယ်ကအဖြစ်တိုပဲကြည့် အချိန်တိုင်းကစားလျှင် အမေရိုက်မည်ဟုသိနေပါလျက် အချိန်ပြည့်ကစားချင်နေသောစိတ်ကို ချုံးနှိမ်မရ၍ အမေ့အရိုက်တို့ အကြိမ်ကြိမ်ခံရသည်။

"ဒီမှာလည်း ဈေးရှိတာပဲ"

မြေပြင်မှာ ဖြန့်ခင်းရောင်းချနေသော သရက်ကုန်းဈေးတန်းအတွင်းကို ကားကွေ့ဝင်၍ သူငယ်ချင်းတပြောသည်။

"ရှိတာပေါ့။ ပင်လယ်မပြီခင်ကဆို သရက်ကုန်းဈေးက နာမည်ကြီးပဲ၊ မော်လမြိုင်ဘက်ကမ်းက အသစ်အဆန်းမှန်သမျှ ဒီဈေးမှာ ဈေးချိုချိုနဲ့ရတယ်"

"ဪ"

သူက အံ့ဩနေပုံရသည်။ ဈေးမှာ အသားငါးတွေမြေမှာပုံခင်းရောင်းချနေသည်။ အောက်မှာ ပလတ်စတစ်အခင်းပါးပါးလေးသာ



ရှိသည်။ ညှီစို့စို့အနံ့ကို ကားပေါ်မှပင်ရသည်။ ထမင်းဝိုင်းမှာ တင့်တောင့်တင့်တယ်နေရာယူနိုင်သည့် ဟင်းမယ်တွေက ယခုလိုကြည့်တော့ စားချင့်စဖွယ်မရှိ။ ရွာထိပ်မှာ တိုက်နယ်ဆေးရုံသစ်ကို တွေ့၍ သူငယ်ချင်းက တအံ့တဩဖြစ်နေသေးသည်။

"အိမ်ထဲကအိမ်ပြင်မထွက်ဘဲ စာပဲကုန်းရေးနေ၊ ခုမှ အံ့ဩနေတာပေါ့" ရွှေခင်သူ့ကို စ,တော့ သူရယ်သည်။ ကျောင်းမှာဆိုလျှင်တော့ ဆတ်ဆတ်ထိခံမှာမဟုတ်။

ငါ့မှာ မိအို၊ ဖအိုတွေနဲ့ဟဲ့ဟု နှုတ်တုံ့ပြန်မှာသေချာသည်။ သူက မိဘနှစ်ပါးနှင့်နေရသူ၊ မိဘတွေက အသက်ရှစ်ဆယ်ကျော်ပြီဖြစ်၍ အမြဲမပြတ်ဂရုစိုက်နေရသူ၊ ယခုလိုခရီးမျိုးက သူ့အတွက် မဟာစွန့်စားခန်းပါ။ တစ်ခါတလေ သူနှင့်ရွှေခင်တို့စကားများရသေးသည်။ သူက မိဘအရေးကြီးကြောင်းပြောသလို ရွှေခင်ကလည်း သားသမီးကအရေးကြီးကြောင်းပြော၍ ငြင်းခုံကြသည်။ နောက်ဆုံး ဘေးလူကဝင်ပြီး နင်တို့ဘာငြင်းနေလဲ၊ မိဘရှိရင် မိဘအရေးကြီးတယ်၊ သားသမီးရှိရင် သားသမီးအရေးကြီးတာပေါ့ဟု ပြော၍ အငြင်းအခုံရပ်သွားကြသည်။ ရွှေခင်တို့သူငယ်ချင်းတွေက သည်လိုပါပဲ။ တစ်ယောက်နှင့်တစ်ယောက် ငြင်းကြ၊ ခုံကြပြီးလျှင် စည်းစည်းလုံးလုံးနှင့် အလုပ်လုပ်ကြ၊ ပျော်စရာလည်းကောင်းပါ၏။ ရွှေခင်တို့ထဲမှာတစ်ယောက်ရှိသေးသည်။ ရွှေခင်တို့အားလုံးက 'သာရေးနာရေးမလေး'၊ 'ကူညီပါရစေမလေး'၊ 'အလိုက်သင့်လေး'

www.burmeseclassic.com

www.burmeseclassic.com



ဟု အမည်ပေးထားသော မလေးတစ်ယောက်ကပိုဆိုးသည်။ သူက ပြဿနာကို သဘောကောင်းကောင်းနှင့် သယ်လာသူ။ ပြီးလျှင် သူငယ်ချင်းတွေပါ တစ်နွယ်ငင်တစ်စင်ပါ ဝိုင်းဝန်းဖြေရှင်းကြရမြဲ။

ဤလိုစိတ်စေတနာကြောင့်လည်း ကမ္ဘာ့ဆရာများနေ့မှာ ထူးချွန်ဆရာဆုကိုရခဲ့ခြင်းပါ။ သူ့အဖြစ်က ရယ်စရာလည်းကောင်း၊ အံ့ဩစရာလည်းကောင်းသည်။ ကျောင်းရှေ့တံတားမှ ရေထဲပြုတ်ကျသွားသောကျောင်းသူလေးနှစ်ယောက်ကို ချောင်းထဲမှ အမိအရ သူလိုက်ကယ်နိုင်ခဲ့သည်။ ထိုအချိန်က ရေကြီးနေချိန်ဖြစ်၍ ချောင်းထဲမှာရေကမောက်လျှံနေသည်။ ချောင်းက နှစ်ခွဖြစ်၍ရေဆွဲအား ကောင်းပြီး ရေစီးကလည်း သန်လှသည်။ တံတားကပင် ဆယ့်ခုနစ်ပေအမြင့်ရှိသည်။ ပြီးတော့ သူကိုယ်တိုင်က ကိုယ်ဝန်ကြီးနှင့်၊ ကလေးများရေထဲကျသည်ဆိုသည်နှင့် ရေထဲခုန်ဆင်းပြီး လိုက်ဆယ်သည့်သူက သူ့ကိုယ်ဝန်ကိုပင် မေ့နေခဲ့သည်တဲ့။ နောက်ဆုံး ကလေးတွေကို သူဆယ်နိုင်ခဲ့သည်။ သူ့စေတနာကြောင့် သူ့ကိုယ်ဝန်လည်းမပျက်စီးဘဲ ဉာဏ်ရည်ထက်မြက်ပြီး အလွန်ချစ်စရာကောင်းသော သားလေး "ကောင်းကောင်း" ကိုမွေးနိုင်ခဲ့သည်။

"ကဓာတ်စိန်၊ ကံအေးပြီးရင် ဟိုဘက်မဝေးတော့ဘူး"

သူငယ်ချင်းတွေအကြောင်းတွေးနေသော ရွှေခင်တစ်ယောက် ဆရာတော်စကားကြောင့် အတွေးရပ်ပြီး ရင်ဖိုသွားသည်။ ဘာလို့မျှ နှင့် ရောက်တော့မှာပဲ။ ကဓာတ်စိန်ရွာအထွက် အလယ်တန်း



ကျောင်းရှေ့အရောက် သာသနာ့အလံစိုက်ထိုးထားသော ဆရာတော့်ကားကိုမြင်သည်နှင့် ကလေးတွေ မြေပြင်မှာဝပ်ပြီး ဦးချကြသည်။ ရွှေခင် သည်တစ်ကြိမ်တော့ အံ့ဩကြည်နူးရသည်။ ကလေးသူငယ်အရွယ်ဖြစ်ပါလျက် ဘာသာ၊ သာသနာကို လေးစားကြည်ညိုကြသည်။ ဆရာတော့်ကားက ဖြတ်မောင်းလာခဲ့သည်။ ကလေးတွေ ကဦးချနေဆဲ။ ခဏအတွင်း ကျောင်းတက်ခေါင်းလောင်းထိုးသံ သဲ့သဲ့ကြားရသည်။ ကလေးတွေ မြေပြင်မှလူးလဲထပြေးသွားသည်။ ဩော် . . . မင်္ဂလာရှိလိုက်သည့်မြင်ကွင်း။ ကံအေးရွာထဲအရောက် ဆရာတော်ကားရပ်ပေးစဉ် ကံအေးဆရာတော်လည်း ကြွသွားပြီဟု သိရသည်။ ကားကရှေ့ဆက်မောင်းလာခဲ့သည်။ ကံအေးမှအထွက် လေကထူးထူးခြားခြား ပြောင်းလဲသွားသည်။

အင်အားပါပြီး အေးရှရှအရသာကိုခံစားမိသည်။ ပင်လယ်နှင့် နီးလာပြီပဲ။ လမ်းဘေးဝဲယာ စိမ်းစိုစိုစိုက်ခင်းတွေက လူကိုလန်းဆန်းစေသည်။ ပဲတီစိမ်းနှင့်မြေပဲခင်းတွေက မျက်စိတစ်သိုက်ကြီး မြင်တွေ့နေရသည်။ ထူးခြားသည်က ကန်သင်းရိုးများပါ။ ရွှေခင်တို့ ငယ်စဉ်ကမြင်တွေ့နေကျ ကန်သင်းရိုးမျိုးမဟုတ်ဘဲ ခါးစောင်းနီးပါး မြင့်သောကန်သင်းရိုးကြီးများဖြစ်သည်။

"ကန်သင်းရိုးအမြင့်ကြီးတွေ တွေ့တယ်မဟုတ်လား"

"မှန်ပါ့ဘုရား"

"အဲဒါ ပင်လယ်ရေဝင်မှာစိုးလို့ ဝိုင်းတားကြတာ"

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်က မကြာခဏရောက်နေကျဖြစ်၍ ရှင်းပြသည်။

"ပင်လယ်ပြန်ကာစက လူတွေပြောင်းလာကြပြီး လယ်မြေတွေရှိပါလျက် ကန်သင်းရိုးမပိုင်းနိုင်လို့ လက်မှိုင်ချနေရတဲ့ဘဝတောင်ဖြစ်လိုက်သေးတယ်။ နောက်ပိုင်းမှ တဖြည်းဖြည်းပိုင်းယူလာကြတာ"

သောင်ထွန်းလာသည်ကို ပင်လယ်ပြန်သည်ဟုဆိုရိုးရှိ၍ ဆရာတော်စကားကို ရွှေခင်နားလည်နေသည်။ ထိုသို့သောင်ထွန်းလာသည့် ပင်လယ်မြေစုကို လယ်အဖြစ် ကန်သင်းရိုးပိုင်းကြခြင်းဖြစ်သည်။ တတ်နိုင်သလောက် ပိုင်းခွင့်ရှိ၍ ပြေလည်သူများကဧကများစွာ ပိုင်းထားကြသည်။

"ရှေ့မှာကားခဏရပ်မယ်၊ နောက်လာမယ့် ဆရာတော်တွေကို စောင့်ရအောင်"

ရွာခြေနှင့်နီးလာပြီဖြစ်၍ တဲအိမ်စုစုလေးများကို လှမ်းမြင်နေရသည်။ သစ်ပင်ကြီးကြီးမားမားဟူ၍လည်း မတွေ့ရပါ။ ယခင်ကလိုစိမ်းညို့ဝေဆာသော ရွာအရိပ်ကိုမတွေ့ရ၍ ရွှေခင်ဝမ်းနည်းချင်သည်။ ကိုင်းပင်များ၊ ချုံနွယ်ပင်များ မင်းမူနေသော လှည်းလမ်းကလေးပင် သိပ်သိပ်သည်းသည်းရှိမနေ၍ အသွားအလာနည်းမှန်းသိသာသည်။ ယခင်က သည်အရပ်၊ သည်ဒေသက တတယ်ရွာကြီးရခိုင်ရယ်ပါ။ ရွှေခင်အတိတ်ကိုမှန်းဆရင်း ရွာစုစုလေးကိုမျှော်ကြည့်နေဆဲ နောက်ကားနှစ်စီးရောက်လာသည်။

"ကဲ ဆက်ထွက်ကြမယ်ဟေ့"



ဆရာတော်က ဆော်ဩလိုက်သည်နှင့် နောက်ကားနှစ်စီးပင်မရပ်တော့ဘဲ ရှေ့ဆက်မောင်းလာကြသည်။ ရွာခြေနီးလာသည်နှင့်အမျှ မြင်ကွင်းကို ထင်ထင်ရှားရှားမြင်လာရသည်။ ရွာထိပ်မှာ လူစုစုကိုတွေ့ရသည်။ အလို . . . ဘာသံပါလိမ့်၊ ရွှေခင် ရင်ခုန်စွာနားစွင့်လိုက်မိသည်။ အိုးစည်၊ ဒိုးပတ်သံပါပဲ။ အလွမ်းပြေလိုက်သည်ဖြစ်ခြင်း။ ဒီအသံတွေနှင့်ဝေးကွာခဲ့တာ ကြာပြီပေါ့။ လမ်းဘေးဝဲယာမှာ အဖြူ အစိမ်းဝတ် ကျောင်းသားလေးတွေ တန်းစီနေသည်။ လက်ထဲမှာ သာသနာ့အလံလေးတွေကိုယ်စီနှင့် ဆရာတော်ကိုကြိုဆိုနေကြသည်။

"မင်္ဂလာသာစည်ဆရာတော်ဘုရားကြီး × × × ကျန်းမာပါစေ × × × ချမ်းသာပါစေ × × × အသက်ရာကျော်ရှည်ပါစေ × × × သာသနာ့အကျိုး × × × ဆထက်တိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေ × × ×

ညီညီညာညာသီဆိုရင်း ဆုတောင်းပေးနေကြသည်။ ကလေးတို့၏ အသံစာစာလေးများက ရွှေခင့်ရင်ကို ကြည်နူးလှိုင်းထန်စေသည်။ ဆုတောင်းပေးကြမည်ပေါ့။ မရှိနွမ်းပါး၊ ဘဝကမ်းပါးအခြေအနေမျိုးမှ ဆရာတော်ကြောင့် မေတ္တာရေစင် ဖျန်းသည့် ဝန်းတလေးတွေလို လန်းဆန်းလာရသည်ပဲ။ အိုးစည်၊ ဒိုးပတ်သံတွေကလည်း နားထောင်ကြည့်ပါဦး။

× × × မင်္ဂလာသာစည်ဘုရားရဲ့ စေတနာအားနဲ့ × × × နိုးကြား × × × ကြိုးစားတည်ထောင်ကာ × × × ဘုန်းတော်ကြီးသင်

www.burmeseclassic.com

www.burmeseclassic.com



ပညာရေးနဲ့ × × × မနေ့းတည်ဆောက် × × × ကျောင်းတော်မဟာ × × × × မကြာခင် ပေါ်ထွက်လာတော့မှာ × × × × ဆရာတော်၏ မေတ္တာ၊ စေတနာကို သူတို့လိုက်လှဲစွာ အသိအမှတ်ပြုကြသည်။ အသိအမှတ်ပြုကြပေမပေါ့။ ရေပြင်ထဲမှဘွားခနဲ ပေါ်ထွက်လာသည့် မြေပြင်မှာ စုရုံးနေထိုင်ကြရရှာသည့်အပြင် အရပ်ဒေသကလည်း ဝေးလံသီခေါင်သော နေရာဒေသသစ်မှာ ပညာရင်နို့ သောက်စို့ကြရသည်က ဆရာတော်ကျေးဇူးကြောင့်သာဖြစ်သည်။ ယခုပဲကြည့်၊ သာစည်ကျေးရွာအုပ်စု ဘ. က မူလွန်ကျောင်း၏ ခုနစ်ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ဆုချီးမြှင့်ပွဲအပြင် ဘုန်းတော်ကြီးကျောင်းအတည်ပြုပွဲ အခမ်းအနားပင် ကျင်းပနိုင်ခဲ့ပြီ။ ဆရာတော်က သူ့ဒစ်ဂျစ်တယ်ကင်မရာလေးဖြင့် မြင်ကွင်းစုံကို မှတ်တမ်းတင်နေသည်။ ဆရာတော့်မျက်နှာမှာလည်း အပြုံးပန်းတို့ ဝေဆာနေသည်။ ကားက ရွာတွင်းဝင်ခဲ့ပြီ။ တဲအိမ်စုစုလေးများကို ဖြတ်ကျော်ရင်း ရွာထိပ်ဆီရောက်ခဲ့ပြီ။ ရွာထိပ်ကွင်းလယ်ခေါင်မှာ ဝါးထရံကာ မနီမိုးကျောင်းကလေးကို ထီးထီးမားမားတွေ့လိုက်ရသည်။ ကျောင်းရှေ့မဏ္ဍပ်ကြီးက ကျောင်းနှင့်မလိုက်ဖက်အောင် ဟီးထနေသည်။ ရွှေဝါရောင်နဖူးစည်းများကြောင့် မဏ္ဍပ်ကြီးက သစ်လွင်တောက်ပနေသည်။

မဏ္ဍပ်ရှေ့မှာ ကားများ၊ ဆိုင်ကယ်များ၊ ထော်လာဂျီများ လှည်းများက ရွာလေးနှင့်ပင်မလိုက်ဖက်အောင် ပြည့်ကျပ်နေခဲ့



သည်။ ရွှေခင်ရင်မှာ ဖိုလိုက်ကြည်နူးမှုနှင့် ဆွတ်ပျံ့လွမ်းမောမှုတို့ တစ်ပြိုင်တည်းခံစားရ၍ မျက်ရည်တို့ပင် လည်လာရသည်။

"ရွှေခင် ဆင်းလေ"

ခင်ပွန်းသည် သတိပေးလိုက်၍ ရွှေခင်ကားပေါ်မှဆင်းလိုက်သည်။ ဇာတိမြေကို တစ်ဖန်ခြေချခွင့်ရခဲ့ပြီ။ ခြေဖဝါးအောက်မှ ခိုင်မြဲနွေးထွေးအတွေ့ကို ခံစားမိပါလျက် စိတ်ကမရှံ့မရဲဖြစ်ချင်သည်။ တစ်ခါက သည်မြေတွေ ပင်လယ်ရေပြင်အောက် တဝုန်းဝုန်းပြိုကျသက်ဆင်းခဲ့ရသည်ပဲ။ ပင်လယ်အရှိန်ကြောင့် ဟူးဟူးရားရားတိုးဝင်လာသောလေက ရွှေခင့်ဆံစတွေကိုပင် ဖွရမ်းကျီစယ်သွားသည်။ ဟိုဝေးဝေးမှာ မှုန်ပျပျတည်ရှိနေသော အရာကြီး ပင်လယ်ကြီးတဲ့လား . . . ။ ရုတ်တရက်သတိရလိုက်သည်နှင့် ရွှေခင်ရင်ထဲ စူးရှနာကျင်သွားခဲ့သည်။ တစ်ချိန်က သူ့ကြောင့်ပဲ ဇာတိမြေနှင့် ခွဲခွာခဲ့ရသည်။ သူ့ကြောင့်ပဲ စီးပွားဥစ္စာများစွာ ဆုံးရှုံးခဲ့ရသည်။ သူ့ကြောင့်ပဲ ချစ်ခင်သူတို့ ကွေ့ကွင်းခဲ့ရင်း ဒုက္ခသုက္ခမျိုးစုံကို ခံစားခဲ့ရသည်။ ချက်ချင်းဆိုသလို ရွှေခင့်နားထဲ ပင်လယ်ပြို့သံတွေ တဝုန်းဝုန်းတဒုန်းဒုန်း ကြားယောင်လာမိသည်။ မချိတင်ကဲငိုရှိုက်သံတွေ၊ ပြေးလွှားသံတွေ၊ အိမ်တွေပြိုကျသံတွေ။ လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်က အတိတ်ပန်းချီကားက ရွှေခင့်မျက်ဝန်းအိမ်ထဲ ဘွားခနဲပေါ်လာသည်။ တစ်ချိန်က . . .

◈ ◈ ◈

www.burmeseclassic.com



တပေါင်းလ၏ ပူပြင်းသောနေရှိန်အောက်မှာဖြစ်သည်။ ရွာထိပ်မှာ လူတွေ ကမ်းလုံးညွတ်နေသည်။

“လာကြဟေ့ ရေတွေလာကြည့်ကြဟေ့ အထူးအဆန်းဟေ့”

ရွာဆော် ကိုတောအသံက စီစီလူ့ပ်နေသည်။ ကလေးလူကြီး မကျန်ပြေးထွက်လာကြသည်။ ရိတ်သိမ်းပြီးစ ရိုးပြတ်ငုတ်တွေကြား တရိပ်ရိပ်လာနေသော ရေတွေကို တအံ့တသြကြည့်နေကြသည်။ ရေနှင့်အတူ တွင်းအောင်းသတ္တဝါများဖြစ်သော ဖား၊ ကြွက်၊ မြွေတွေလည်း အလိပ်လိုက်ပါလာကြသည်။ တချို့က ခြေထောက်အောက်မှပင် ဖြတ်သန်းတိုးဝင်ကြ၍ အလန့်တကြားနှင့် ကျော်လွှားရှောင်ကြရသည်။ အစားကြူးသူတချို့က ခဲနှင့်ထုပြီး ကောက်ဖမ်းကြသည်။ အမှန်တော့ ပင်လယ်ရေငန်နှင့် ထိတွေ့ပြီး မျက်စိစပ်၍ ကစဉ့်ကလျားထွက်ပြေးလာကြသော သတ္တဝါငယ်များပါ။

“ဒါ ပင်လယ်ရေဝေတယ်လို့ခေါ်တယ်၊ နိမိတ်မကောင်းလှဘူး”

ရှေ့မီနောက်မီ ဘကြီးသာဒင်က ဖေးဖေးမမပြောသည်။ အားလုံးက အမှတ်တမဲ့သာ ရေတွေကြည့်ပြီး ပြန်သွားခဲ့ကြသည်။ ရေနှင့်ပါလာသော ကြွက်၊ ဖားတွေရ၍ပင် ပျော်ခဲ့ကြသေးသည်။ ထိုနိမိတ်ကြုံပြီး မကြာမီ အရှေ့ပင်လယ်ဘက်ဆီမှ တဒိုင်းဒိုင်းအသံတွေကြားရသည်။ ပင်လယ်အနီးတစ်ဝိုက် ချုံပုတ်များဆီမှ တောကြောင်များ၊ သမင်၊ ဒရယ်လိုအကောင်လေးများပင်



ပြေးထွက်လာကြသည်။ ထိုစဉ်က ရွာကို အန္တရာယ်ပြုမည့်သူများ ရောက်လာမည်အထင်နှင့် ညဆိုလျှင် မအိပ်နိုင်ကြဘဲ ရွာလူကြီးတချို့က ရွာတွင်ကင်းလှည့်နေကြသည်။ တကယ်တော့ မကြာခင် ဝါးမျိုတော့မည့် ပင်လယ်ကြီး၏ အချက်ပေးခေါင်းလောင်းသံများပါ။ သို့သော်လည်း အတွေ့အကြုံမရှိ၍ မည်သူမျှ မတွေးဆဖြစ်ခဲ့။ နောက်ဆုံးတော့ ရွာနှင့်အနီးဆုံးသို့ ပင်လယ်ကြီးက တစ်စတစ်စ ချဉ်းကပ်လာခဲ့သည်။ သည်အချိန်အထိလည်း ရွှေခင်တို့ရွာသားတွေ ပျော်နေခဲ့ကြသည်။ ပင်လယ်နှင့်နီးလေ သားငါးပုစွန် ပိုစားရလေ ထင်မှတ်ခဲ့သည်။ ပင်လယ်ရေတက်ရေကျရှိ၍ ဒီခေါင်းရိုက်ရသည် တပဲ အလုပ်တစ်ခုပါ။ ဒီခေါင်းရိုက်ရသည်က တကယ်တော့ လွယ်လှသည်မဟုတ်။ ဒီဦးနှင့်အတူပါလာသော ငါးတွေကို အပြေးအလွှားလိုက်၍ ပလိုင်းနှင့်ကောက်ထည့်ခြင်းဖြစ်သည်။ အန္တရာယ်တော့ ကြီးလှန်းသည်။ မတော်တဆ ခြေခေါက်လဲခြင်းမျိုး၊ ချိုင့်၊ ကျင်းထဲကျ၍ ခြေချော်ခြင်းများရှိလျှင် နောက်က ဒီလုံးရိုက်၍ အသက်ဆုံးရှုံးနိုင်သည်။ အသက်နှင့်ရင်းရသော်လည်း ကျွမ်းကျင်မှုပေါ် မူတည်၍ တပျော်တပါးလုပ်ကိုင်ကြသည်။

ဒီတက်ချိန်တွင် ရေကြမ်းလွန်း၍ ငါးရှာမထွက်ကြသော်လည်း ရေငြိမ်သည်နှင့် လှေကလေးတွေ အလျှိုအလျှိုထွက်လာကြသည်။ တစ်နေ့တာ ငါးရှာရင်း ရောင်းချစားသောက်ရင်း ရွှေခင်တို့ရွာလုံးကျွတ် စားသောက်နေထိုင်ရေးအဆင်ပြေကြသည်။ ဒီလိုနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ကြီးနှင့် ရွှေခင်တို့ရွာက နေသားတကျရှိနေခဲ့သည်။ မမျှော်လင့်သောအဖြစ်ဆိုးကြီးက မကြာခင် ရောက်လာတော့မည်မှန်း ဘယ်သူကမျှ ကြိုတင်မှန်းဆမထားခဲ့။

"ဟိုဘက်ရွာတွေ ရေစားကြမ်းပြီး ပင်လယ်ပြိုလို့ ရွှေ့ကြပြောင်းကြတယ်တဲ့"

သတင်းဆိုးကို သယ်ဆောင်လာချိန်မှာ ပင်လယ်ကြီးက ရွှေခင်တို့ရွာကို မေးတင်လာခဲ့ပြီ။ သည်တော့မှ အထိတ်တလန့်နှင့် မှည့်ဝင်းနေသော စပါးခင်းတွေကို အပြေးအလွှားရိတ်သိမ်းကြသည်။ ရှေ့ကစပါးရိတ်၊ နောက်က ဒီရေဝင်နှင့် စပါးတွေမည်းကုန်သည်။ အနီးအပါးရွာမှ ကျောင်းထိုင်ဆရာတော်ကြီးများ ကြွလာပြီး ကမ်းနားတွင်ထိုင်၍ ပရိတ်တရားများရွတ်ဖတ်ကြသည်။ ပင်လယ်ပြို ရပ်စေရန် ယပ်တောင်ပေါ်တွင် 'ရပ်' ဟူသော စာလုံးကြီးများ ရေး၍ ကိုင်ထားကြသည်။ သို့သော်လည်း သဘာဝတရားကြီးက ဘယ်သူ့ကိုမျှ ငဲ့ညှာထောက်ထားခြင်းမရှိခဲ့။ ပင်လယ်ကြီးက ဒေါသထနေသော ဘီလူးကြီးလို တစ်ဖွတ်ထိုးဆန်လှသည်။ ရေငန်တွေကို ရေချိုတွေထဲ ဖွတ်တွန်းပို့သည်။ ရေချိုကလည်း သူ့မာနနှင့်သူ တင်းခံနေသည်။ ရေငန်တွေကို သူတို့အစုထဲ အဝင်မခံဘဲ ရှိသမျှ အားလေးနှင့် တွန်းလှန်နေသည်။ သဘာဝတရားက ဆန်းကြယ်ပေစွ။ နောက်ဆုံးတော့ အင်အားကြီးသူကို ရှုံးနိမ့်ရသည့် အင်အား [illegible]ကိုင်း ရေချိုတို့ လက်လျှော့ပေးလိုက်ရသည်။ ရေချိုကန်တွေထဲ ရေငန်တွေလှိမ့်ဝင်လာသည်။ သောက်ရေအတွက်



အခက်အခဲဖြစ်ကြရပြီ။ ပင်လယ်ကြီးကလည်း တဝုန်းဝုန်းနှင့် ညာသံပေးနေခဲ့ပြီ။ ပင်လယ်ရေပြည့်ချိန်တွင် လေကြမ်းလွန်း၍ အိမ်တွေလည်း ဂျုတ်ရိုက်ထားရသည်။ ဒါတောင် အမိုးတွေ ပွင့်ထွက်၊ အကာတွေပွင့်ထွက်သည်။ ကြာရှည်မှာ ဒုက္ခကို လက်မြှောက်အရှုံး ပေးချင်လာသည်။

မျက်ရည်ဆက်လက်ဖြင့် ကျွဲနွားတချို့ ရောင်းပစ်၊ တချို့ကို ချန်ထားပြီး နီးစပ်ရာပြောင်းရွှေ့ရန် စီစဉ်ကြရတော့သည်။ စီးပွားဥစ္စာ လယ်ယာမြေထက် ရွာဦးရွာထိပ်မှာ တည်ထားကိုးကွယ်သော စေတီတော်ကို ချန်ထားရစ်ဖို့ခက်နေကြသည်။ ရေပြင်အောက် နစ်မြုပ်မည့်အတူတူ ဌာပနာကိုဖောက်ယူ သယ်မ,သွားရန် ရွာသားများ တိုင်ပင်ကြသည်။ သို့သော်လည်း ညဘက်မှာ ဆရာတော်အား အိပ်မက်ပေးလာသည်။ ဌာပနာကိုဖောက်ယူခွင့်မပြုကြောင်း၊ ဖောက်လျှင်အန္တရာယ်ပြုမည့်အကြောင်း သတိပေး၍ ထိုအစီအစဉ်ကို လက်လျှော့ကြရသည်။ နောက်ဆုံးတော့ ပင်လယ်ကြမ်းပြင်အောက် ဒုတ်ဒုတ်ထိကျသည်ကို ကြေကွဲဝမ်းနည်းစွာ ကြည့်မြင်ခဲ့ရသည်။ ထိုညက ပင်လယ်ဘက်ဆီမှ ဆိုင်းသံ၊ ဗုံသံများ ဆူညံနေသည်ကို အံ့ဩတုန်လှုပ်ဖွယ် ကြားကြရသည်။ လှည်းသံ၊ လူသံတွေကလည်း ဆူညံနေခဲ့သည်။ ထိုညက တစ်ရွာလုံး မအိပ်နိုင်ဘဲ မိုးလင်းသည်နှင့် ပြောင်းရွှေ့ရန်ပြင်ဆင်ခဲ့ကြသည်။ သမင်လည်ပြန် စောင်းငဲ့ကြည့်ရင်း ချန်ရစ်ခဲ့ရသော ရွာကြီးက နောက်ရက်များ မကြာမီ ပင်လယ်ကြမ်းပြင်အောက် ရောက်ရှိသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲဖွယ်ဖြစ်ရပ်တွေကို နှလုံးအိမ်တွင်း သိမ်းဆည်းလျက် မျက်ရည်စက်လက်ထွက်ခွာခဲ့ကြရသည်။ ဇာတိမြေကို အမျှင်မပြတ်သော သံယောဇဉ်ကြောင့် ကံအောင်ဆိုသောရွာကြီးမှာ တစ်နှစ်တာခိုအောင်းရင်း ပင်လယ်ပြန်နိုးစောင့်ကြည့်ခဲ့ကြသည်။ သို့သော်လည်း ပင်လယ်ကြီးက ရှေ့တိုးရန်သာရှိပြီး နောက်ဆုတ်ရန်မရှိ၍ သက်ဆိုင်ရာ၏ မြေနေရာသတ်မှတ်ပေးရာသို့ ရွှေ့ပြောင်းခဲ့ကြရသည်။ ထိုအချိန်မှစပြီး ဘဝ၏ခါးသီးမှုကို ရွှေခင်တို့ ရွာသူရွာသားတွေ မျှဝေခံစားကြရသည်။ သူများအရပ်ဒေသမှ အသားမကျသောနေထိုင်မှုမျိုးနှင့် ဘဝကိုအန်တုရင်ဆိုင်ကြရသည်။ ဆရာတော်ကိုယ်တိုင်လည်း အခက်အခဲကို ရင်ဆိုင်ရပါသည်။ သို့သော်လည်း ဆရာတော့်မေတ္တာ၊ စေတနာကြောင့် ရွှေခင်တို့ရွာကလေးတွေ ပညာရေး မျက်ခြည်မပြတ်ခဲ့။ ကံအောင်ကြီးမှာ တစ်နှစ်တာခိုအောင်းစဉ်ကလည်း ကလေးများကို ဆရာတော် စာသင်ပေးခဲ့သည်။ မြို့ရောက်၍ မြေနေရာသစ်မှာ အထာမကျ၊ အသားမကျဖြစ်နေစဉ်မှာလည်း ဆရာတော်က ဘ. က ကျောင်းဖွင့်၍ စာသင်ပေးခဲ့သည်။

ယခုလို နှစ်တွေကြာ၊ ပင်လယ်ပြန်၍ သောင်တွေပြန်ထွန်းလာသည့်နောက် ရွာသားတွေ အားရဝမ်းသာပြန်လာကြသည်။ ရွှေခင်တို့လို အခြေတကျဖြစ်နေသူတွေလောက်သာ ကျန်ရစ်ခဲ့ကြသည်။ သူများဒေသမှာ ဒုက္ခ၊ သုခခံစားနေရမည့်အစား ကိုယ့်အရပ် ကိုယ့်ဒေသမှာ တစ်ကပြန်စချင်သူတွေ ရွာခြေပြန်ကပ်ကြသည်။ လယ်မြေတွေပိုင်းဝေပေးချိန်မှာ ပြောင်းရွှေ့သူတွေ အတော်လေးများလာသည်။ ကျားကြီးသောင်နှင့် ဗိုလ်မထားကျွန်းများလည်း လာရောက်အခြေချသူတွေရှိလာသည်။ ဟိုတစ်စု၊ ဒီတစ်စုတဲ့ အိမ်စုလေးတွေမှာ မိသားစုလည်းရှိပါ၏။ လုပ်ကိုင်စားသောက်စရာလည်းရပါ၏။ ကလေးတွေ ပညာရေးက ခက်ချေပြီ။ မိဘများနှင့်အတူ လိုက်ပါလာသော ကလေးများက ဟိုမရောက် ဒီမရောက်နှင့် လယ်တောကွင်းပြင်မှာ လမ်းပျောက်နေကြပြီ။ ဆရာတော်မနေသာတော့ဘဲ ဇာတိရပ်ရွာဆီ တစ်ကျော့ပြန်လည်ရောက်ရပြန်သည်။

"ဘ. က ကျောင်းလေးကို စပြီးတည်ထောင်တော့ ကျောင်းဆိုတာ အမည်ခံသက်သက်ပဲ။ ပင်လယ်လေတဟူးဟူးမှာ ကနားဖျင်းထိုးပြီး စာသင်ရတာ။ ကလေးတွေကလည်း ဘယ်လောက်များစာသင်ချင်နေလဲဆိုတာ ရေတက်ရေကျချောင်းကြီးတွေကို သက်စွန့်ဆံဖျားကူးပြီးလာတက်ကြတာ။ ခုဆို တဖြည်းဖြည်းနဲ့ မူလွန်အထိဖြစ်လာခဲ့ပြီ"

ဆရာတော်ရှင်းပြစဉ်က ရွှေခင်သာမန်လောက်သာ ထင်ခဲ့သည်။ လက်တွေ့မြင်လိုက်ရချိန်မှာ ကိုယ်တာကိုယ်ကျိုးသာ ကြိုးပမ်းနေခဲ့မိသော ကိုယ့်ကိုယ်ကိုပင် ရှက်နေမိတော့သည်။ ရပ်ဝေးရပ်နီးမှ အလှူရှင်များကလည်း လိုအပ်သမျှလှူတန်းကြပါ၏။ ကျောင်းအဆောက်အဦလေး လိုအပ်သည်မှအပ အစစအဆင်ပြေခဲ့ပါပြီ။ ခုဆိုလျှင် ခုနစ်တန်းအထိပင် သင်ကြားပေးနိုင်ခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကစဉ့်ကလျား အတွေးတို့ဖြင့် ရွှေခင်လွင့်မျောနေဆဲ အသံချို့စက်က နှိုးဆော်လိုက်ပါပြီ။ ပညာရည်ချွန်ဆုပေးပွဲနှင့် ဘုန်းတော်ကြီးကျောင်း အတည်ပြုပွဲအခမ်းအနားဆိုပါလား။

"ဟဲ့ မိရွှေခင်၊ အမလေးဟယ် တစ်သွေးတစ်မွေးလှနေလိုက်တာ၊ မြင်ရတာ စိတ်ချမ်းသာစရာပါအေ၊ ငါ့နှယ် ညည်းရောက်တယ်ဆိုလို့သာ အမောတကောပြေးလာရတာ"

ခေါင်းပေါ်မှတဘက်ကြီးကို ဖြုတ်ချရင်း မျက်ရည်စမ်းစမ်း ပြောလာသူက ကြီးတော်မယ်မြညွန့်၊ ကြီးတော်က ရွှေခင့်ကို ဟိုဒီစမ်းရင်း မျက်ရည်ကျရှာသည်။ ရွှေခင်ရောက်စကလည်း အမျိုးတွေ ဆူဆူညံခဲ့ပြီးပြီ။ အမျိုးတစ်သိုက် ကျွတ်လောရိုက်သည်ဟုပဲ ပြောရပါမည်။ မကြီးစန်းတို့ညီအစ်မတွေက မဏ္ဍပ်ရှေ့မှာ ခုန်ပေါက်နေကြသည်။

"ရွှေခင်ကြီးတော့၊ ရွှေခင်ကြီးတော့"

ထိုအသံတွေက ခေတ်စက်သံကိုပင် တစ်ချက်၊ တစ်ချက် အုပ်သွားသည်။ ငါးပိချက်ကိုင်လက်ကြီးဖြင့် ရွှေခင်ကျောကို တဗုန်းဗုန်းထုသည်။ ခင်အေးစိန်ကတော့ မျက်နှာမသာယာလှပေမယ့် ရွှေခင်ကို နှုတ်ဆက်ရှာသည်။ ရှေ့သွားတစ်ချောင်းကျိုးနေ၍ တကယ့်အဘွားကြီးပေါက်စလေးနှင့်တူနေသည်။ သူ့ခမျာ ဘယ်မျက်နှာသာနိုင်ပါ့မလဲ။ ငယ်တုန်းကပြိုင်ဘက်တွေပဲ၊ ကစားလည်း ပြိုင်၊ အကြွားလည်းပြိုင်လို့ ပြောရမှာပါပဲ။ တခြား ဘာညာသာရကာ လေးတွေလည်း ရှိတာပေါ့။ ရွှေခင်စိတ်ထဲမှာတော့ ဘာမှမရှိတော့။



ငယ်စိတ်၊ ငယ်ဘဝတွေကို ခုချိန် အာဃာတတွေထားနေလျှင် ကိုယ့်လောက်မိုက်တဲ့သူရှိနိုင်ပါ့မလား။ အောင်နိုင်သူမို့ပြောသည့် စကားဟုထင်နေလျှင်တော့ မတတ်နိုင်။ ရွှေခင်သူ့ကို အားပါးတရ ပြန်နှုတ်ဆက်ဖြစ်သည်။ ရွှေခင်ခေါင်းမှာထိုးထားသော ကျောက်စီဆံညှပ်လေးကိုပင် လက်ဆောင်ပေးခဲ့သည်။ သူကတော့ မချိသွားဖြဲလေးနှင့် ပြုံးနေခဲ့သေးသည်။ အားလုံးကတော့ ရွှေခင်ကိုယ်တိုင် လိုက်လာ၍ ဝမ်းပန်းတသာကြိုဆိုကြသည်။ မဏ္ဍပ်တွင်းမှာလည်း လူတွေပြည့်ကျပ်နေသည်။ မကျပ်ခံနိုင်ပါ့မလား။ သာစည် ဘ.ဂ ကျောင်းအုပ်စုဝင် အောင်ဇေယျ၊ ငှက်ကျော်၊ ချစ်တီးစွန်းရွာများတကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမများအပြင် မိဘများပါ တက်ရောက်လာ၍ ဤမျှပြည့်ညပ်နေခြင်းပါ။ မဏ္ဍပ်က နှစ်ထပ် မဏ္ဍပ်ဖြစ်သည်။ သံယာစင်လည်းပါသည်။

"ညည်းတို့မျက်မြင်ပါပဲအေ၊ ကျုပ်တို့မှာ ကျောင်းဆိုလို့ ဒါပဲ၊ ဘုန်းကြီးကျောင်းဆိုလည်း ဒါပဲ၊ ဒီနေရာ၊ ဒီကျောင်း ကျဉ်းကတုတ် လေးကိုပဲ ဟန်လုပ်နေနေရတာ၊ ဒါပေသိ ကျေးဇူးတင်ပါတယ်။ ဆရာတော့်ကျေးဇူးနဲ့ ဒီကျောင်းကလေးဖြစ်လာတော့ ကျောင်းမှန်း တန်မှန်းသိရတာပေါ့"

ကြီးတော်မကျေးက ရွှေခင်ကိုအားပါးတရပြောပြနေသည်။ သူတို့ခမျာလည်း ရှေ့မီနောက်မီ လူကြီးများဖြစ်၍ အတိတ်တို့ သွမ်းတရှာမည်ပေါ့။ ဘာပဲဖြစ်ဖြစ် ရွှေခင်ကတော့ ကျေးဇူးတင်သည်။ ဝင်လယ်ပြို၍ ကစဉ့်ကလျားပြေးခဲ့ရသော ဆွေမျိုးသားချင်းတွေ

www.burmeseclassic.com

www.burmeseclassic.com



သည်နေရာမှာ ပြန်လည်စုစည်းမိနေ၍ ရွှေခင်ကျေနပ်ရပါသည်။ ရွှေခင့်သူငယ်ချင်းကတော့ မဏ္ဍပ်တွင်းမှာရှိသော ကလေးတွေကြားထဲတိုးဝှေ့ဝင်ရင်း ဘာတွေမေးနေသည်မသိ။ မကြာမီ မြို့နယ်သံဃာ့နာယကဆရာတော်နှင့် မြို့နယ်အကြီးအကဲတချို့ ရောက်လာသည်။ အခမ်းအနားစတင်ပြီး မြို့နယ်အကြီးအကဲမှ ဘုန်းတော်ကြီးကျောင်း အတည်ပြုသတ်မှတ်ခြင်းကို ရှင်းလင်းပြောပြပြီး ဆရာ၊ ဆရာမများကို ဂုဏ်ပြုငွေချီးမြှင့်သည်။ နောက်ဆုံးအစီအစဉ်အနေဖြင့် ကျောင်းသား ကျောင်းသူများအတွက် ပညာရည်ချွန်ဆုပေးပွဲကျင်းပသည်။ ပညာရည်ချွန်ဆုပေးပွဲက အားရစရာကောင်းလှသည်။ ကနဦးစီစဉ်ထားသောဆုငွေများ တက်ရောက်လာသောဧည့်သည်များကပါ ထပ်ဆင့်ချီးမြှင့်လာ၍ ကလေးတစ်ဦးချင်းစီအတွက် ဆုငွေအတော်များများရသည်။ အသားအရောင် တင်းပြောင်ပြောင်နှင့် သျှောင်ကြီးဗွေ၊ ဆံရစ်ဝိုင်းတွေပင် ပါလိုက်သေးသည်။ ရွှေခင်တူမဝမ်းကွဲတစ်ယောက်က ခရီးရောက်မဆိုက် ပြောလိုက်သေးသည်။

“ကြီးခင်ရယ်၊ ကျောင်းတက်ရတာ ပင်ပန်းလိုက်တာ ပြောမနေနဲ့ ဒီရေတက်တော့လည်း ကြောက်စရာကြီး၊ မကူးရဲလို့၊ ဒီရေကျတော့လည်း နုံးထဲမှာလဲကျလိုက်၊ ကုန်းထလိုက်နဲ့ ဖတ်ဖတ်မောရော၊ ဒါပေမဲ့ နေ့တိုင်းဆိုတော့လည်း ရိုးသွားတာပါပဲ ကြီးခင်ရယ်”



ကိုးနှစ်သမီးကပြောလိုက်သည့်စကား၊ ရွှေခင်ပင် သဲဝေဝေရချင်သည်။ ကလေးပြောသလိုပဲ။ ဘဝဆိုတာ လဲကျလိုက် ထုန်းထလိုက်နဲ့ ဘဝနွံထဲမှာ ရုန်းကန်နေကြရတာပါပဲ။ အားတင်းထားသမီးတို့၊ ဒါဟာ ဘဝအတွက် အလေ့အကျင့်ပေါ့။

“ရွှေခင် ရေ ရှိသေးလား”

ယောက်ျားဖြစ်သူက အားရပါးရ လှူကောင်းနေတော့ ရွှေခင်ပိုက်ဆံအိတ်ထဲမှာပါသမျှ ပါလျှားကုန်သည်။ ကုန်ပေလေ့စေပေါ့။ ကိုယ့်ဆွေမျိုးသားချင်းတွေရတာပဲ။ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ဆိုသည့်စကားတောင် ရှိသေးသည်။ ဆုအမျိုးအစားတွေကလည်း စုံလင်လှသည်။ စာရိတ္တဆု၊ ကျောင်းတက်မှန်ဆု၊ ပညာရည်ချွန်ဆု၊ ဘက်စုံထူးချွန်ဆု၊ အားကစားဆု စုံလို့ပါပဲ။ လက်ခုပ်သံတွေကလည်း တဖြောင်းဖြောင်း ဆူညံဟီးထနေသည်။ တဲ ဘာတတ်နိုင်သေးလဲ။ ပင်လယ်ကြီးရေ သင့်ရဲ့လှည့်ဖြားမှုတွေကြောင့် နာကျင်ခဲ့ရတဲ့ ငါတို့ရဲ့နှလုံးသားတွေ တစ်ကျော့ပြန်လည်လန်းဆန်းလာခဲ့ရပြီပေါ့။ နိုးကြားရှင်သန်ခဲ့ရပြီပေါ့။ ခုတော့လည်း သောင်ယံကမ်းက အလွမ်းလက်ကျန်တွေ ရုပ်သိမ်းခွင့်ရခဲ့ပြီပေါ့နော်။

ကျေးဇူးတင်ပါတယ် ပင်လယ်ကြီးရယ်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# နွမ်းတစ်လှည့် ပန်းတစ်လှည့်

နေလုံးစုပ်စုပ်မြုပ်၍ ကိုလူမောင်အိမ်ပြန်အလာ အိမ်ပေါက်ဝမှ ရှင်ထွေးကြည်တစ်ယောက် သကာဆွတ်သောမျက်နှာနှင့် ဆီးကြိုနေသည်။

"မနက်ဖြန် အမတော်ငွေထုတ်သွားရမတဲ့တော့"

ရှင်ထွေးကြည်စကားမဆုံး ကိုလူမောင် ရေကပြင်ပေါ် လှမ်းအတက် 'စိန်နိုင်ကျော်' ဗီဒီယိုရုံမှ ရွာဥက္ကဋ္ဌကျော်နိုင်အောင် အသံကြားရသည်။ ဒီကောင်ဘာတွေပေရှုပ်ဦးမည်မသိ။ ကျော်နိုင်အောင်က ကိုလူမောင့်တူအရင်းပါ။ ရွာထဲမှာ ပညာတတ်၊ အရွယ်အသင့်အတင့်ဆို၍ သူတစ်ယောက်သာရှိသောကြောင့် သူက ရွာဥက္ကဋ္ဌဖြစ်နေခဲ့သည်။ ပင်ကိုက ပညာလေးတတ်၊ စီးပွားရေးလည်းသင့်သလောက်ရှိ၍ ဘဝင်လေဟပ်ချင်မှာ ဥက္ကဋ္ဌရာထူးလေးဝါဆင့်ထားသည့်နောက် လေပေါက်က အတော်ကြီးမြင့်သွားခဲ့သည်။ ရွာထဲမှာ အကြောင်းကိစ္စလေးတစ်ခုရှိပြီဆိုမှဖြင့် မိုက်ကလေးတပြင်ပြင်၊ ချောင်းကလေးတဟန့်ဟန့် ကျော်နိုင်အောင်ကို





ကိုလူမောင် မြင်ပြင်းကတတ်ချင်ချင်ဖြစ်ရသည်။ ဟောကြည့် ပြောရင်းဆိုရင်း အော်ပြီ။

"ကျေးရွာအတွင်းမှာ မှီတင်းနေထိုင်ကြသော ရပ်မိ၊ ရပ်ဖ၊ မောင်ရင်းနှမ၊ ဒွေးတော်မိကြီး ဆွေမျိုးသားချင်းတို့ခင်ဗျား၊ မနက်ဖြန် စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးမည်ဖြစ်ပါ၍ ကဝမြို့စိုက်ပျိုးစရိတ်ချေးငွေရုံးသို့ လယ်သမားစာအုပ်ပါတစ်ပါတည်းယူဆောင်၍ လူကိုယ်တိုင် အဲ အိမ်ထောင်ဦးစီးကိုယ်တိုင် လိုက်ပါထုတ်ယူကြပါရန် လေးစားစွာ ပန်ကြားနိုးဆော်အပ်ပါတယ် ခင်ဗျာ"

"ကြားတယ်မဟုတ်လား၊ တကယ်ကျပြီတော့၊ တကတဲမှပဲ အမတော်နဲ့အမတော်နဲ့ မျှော်လိုက်ရတာ၊ ခုမှပဲ သေချာတော့တယ်"

ရှင်ထွေးကြည်အသံက သွက်နေသည်။ အမတော်ငွေကျ၍ ပျော်နေသည့်ပုံပါ။ ပြတ်လတ်နေသည့် ယခုလိုအချိန်မျိုးမှာ ဒီအသံဟာ နိဗ္ဗာန်ဆော်အသံထက် ကြည်နူးစရာကောင်းမှန်း ကိုလူမောင်လည်း သိပါ၏။ သို့သော်လည်း တူဖြစ်သူ ကျော်နိုင်အောင့်အသံကိုတော့ နားကြားပြင်းကတတ်ချင်သည်။

"အသံကိုက ညောင်နာနာနဲ့ ဒီကောင် မိုက်အားနဲ့သာတျယ်တာ အော်ပုံလည်းကြည့်ဦး"

"တော်ကလည်း ကဲ့ရဲ့စရာမရှိ တူကိုကဲ့ရဲ့နေတယ်။ ဒီလိုအော်လို့ ဘယ်လိုအော်မလဲတော့"

ယောကျာ်းဘက်ကတူပေမယ့် ရှင်ထွေးကြည်က အကောင်းမြင် တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လယ်သမားအပေါင်းတို့ခင်ဗျာဆို ပြီးပြီပေါ့ဟာ ခုဟာက ဆွေမျိုးသားချင်းတွေရော၊ ဒွေးတော် မိကြီးတွေရော စုံလို့ပဲ။ လျှာအရိုးမရှိတိုင်း"

"ဩော် . . ဒါက တော်ပြောတာပဲ၊ မနှစ်က ဒီလိုရိုးရိုးရှင်းရှင်း အဖော်ကောင်းလို့ မယ်ခင်မြတို့ မုဆိုးမတစ်သိုက်က သူတို့မလိုက်ရဘူးလားဆိုပြီး လာရန်တွေ့ပါရောလား"

ဒါလည်းဖြစ်သင့်သည်။ ယခင် အမတော်ငွေထုတ်သည့် ကိစ္စက ကဝသို့ ကိုယ်တိုင်လိုက်စရာမလိုဘဲ ကျေးရွာဘဏ်အဖွဲ့ဝင်များမှ ကိုယ်စားထုတ်ယူလာသည်။ နောက်တစ်နေ့မှ ကိုယ့်ရပ်ကိုယ့်ရွာမှာ တစ်ဦးချင်းထုတ်ပေးသည်။ ဘာပြဿနာမှမရှိ၊ ကိုယ့်အစုလေးနှင့်ကိုယ်ထုတ်ပြီး ပြန်လာခဲ့ရုံသာ။ ယခုလို ကဝသို့ ကိုယ်တိုင်ကိုယ်ကျ လိုက်ထုတ်ရမည့်အဖြစ်မျိုးက စိတ်လှုပ်ရှားစရာကောင်းသည်။ သွားရလာရ၊ ပြင်ရ၊ ဆင်ရမည့်စရိတ်စကက တစ်မျိုး၊ တစ်ရပ်တစ်ရွာအထိ သွားရမည့်ဒုက္ခကလည်း မသေး။ လယ်နှင့်အိမ်၊ အိမ်နှင့်တဲမှလွန်ပြီး သွားရမှာလည်း ဝန်လေးကြသည်။

"ကျော်နိုင်အောင်က အိမ်ထောင်ဦးစီးကိုယ်တိုင်လို့ ကြေညာတော့ ကြီးမယ်ခင်မြက မုဆိုးမဆိုတော့ သူမလိုက်ရဘူးလားလို့ လာမေးတာတဲ့တော့။ ဒီကြားထဲ ရိုးရိုးမေးရုံတင်မဟုတ်ဘူး။ အမလေး . . . ကိုထွန်းတင်ရဲ့ ရှင်မရှိမှ ကျွန်မတို့အမတော်ငွေလေးတောင် မသုံးရတော့ဘူးတော့ ဆိုပြီး ငိုသေးတာတဲ့"



"ဟုတ်လား . . . မယ်ခင်မြကတော့ လုပ်မယ်"

ကိုလူမောင်က ယခုမှသိပြီး အံ့ဩနေသည်။

"ဒါနဲ့ ကိုကျော်နိုင်အောင်က အဘွားလေးရယ်၊ အိမ်ထောင်ဦးစီးဆိုတာ ယောက်ျားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် ရှိတဲ့လူလိုက်လို့ရတယ်။ လူကြုံသာပေးလိုက်လို့မရတာလို့ ရှင်းပြရတာ။ ဒါတောင် တားမစီးရဲဘူးလို့ မော်တော်နဲ့ပါလို့ အာမခံခေါ်သွားရတော့တာ"

"ဟား . . . ဟား ဟုတ်မယ်ဟ၊ ကြီးတော်မယ်ခင်မြအကြောင်း ငါလည်းကောင်းကောင်းသိတယ်၊ တို့ငယ်ငယ်က အမေရယ်၊ ငါရယ်၊ ကြီးတော်မယ်ခင်မြရယ် သက္ကလသွားတာ ဦးဖိုးလှတံတားသည်းရောက်ရော ကြီးတော်မယ်ခင်မြ ငိုပါလေရော။ အမေက ဘာဖြစ်လို့လဲမေးတော့ တံတားမကူးရဲလို့တဲ့။ မိုးတွင်းဆိုတော့ ချောင်းကလည်း ရေအပြည့်ဟာ ရေစီးကလည်းသန်၊ တံတားကလည်းမြင့်တော့ ကြီးတော်က ကြောက်နေတာ သနားစရာ"

"နောက်တော့ ဘယ်လိုကူးလဲ"

ရှင်ထွေးကြည်က သိချင်ဇောဖြင့်မေးသည်။

"အော် . . အမေက ဉာဏ်ကောင်းတယ်ဟ၊ သူ့အကြောင်းကို သိနေတော့ အမေဒီတံတားက နှယ်နှယ်ရရတံတားမဟုတ်ဘူး၊ ဇာတ်ရှင်မင်းသားကြီး ဦးမြင့်အောင်ယောက္ခမ ဦးဖိုးလှဆောက်ထားတဲ့တံတား၊ အစ်မပဲ မင်းသားမြင့်အောင် ကြိုက်လှချည်ဆို၊ လာပါ။ တက်စမ်းပါဆိုပြီး မြှောက်ပေးတာ သူခမျာ ကြိုးစားပမ်းစားတက်ရှာ

www.burmeseclassic.com



တယ်ဟာ၊ ဒါပေမဲ့ အပေါ်လည်းရောက်ရော တံတားလက်ရမ်းကြီး ကလှုပ်နေတော့ လန့်ပြီး သေးတွေပြန်းပြန်းထွက်ကျပါရော"

"ဟား . . . ဟား . . . ဟား"

ရှင်ထွေးကြည်က အားပါးတရ ရယ်သည်။ အမတော်ငွေ အကြောင်းနှင့် ဆက်စပ်ပြီး လင်မယားနှစ်ယောက် ရောက်တတ်ရာ ရာ ပြောဖြစ်ကြသည်။ ကျော်နိုင်အောင်က ထပ်ခါတလဲလဲအော် ကောင်းဆဲ။ ရှင်ထွေးကြည်ရယ်လို့ အားရမှ ထမင်းပွဲထပြင်သည်။ ကိုလူမောင်ထမင်းစားတော့ သူယောင်လည်လည်ထွက်သွားသည်။ ကိုလူမောင်ထမင်းစားအပြီး ရေနွေးကြမ်းတစ်ခွက်နှင့် ထမင်းလုံး စီသည်အထိ ရှင်ထွေးကြည် ပြန်မလာသေး။ တစ်စတစ်စနှင့် ကိုလူမောင် ငိုက်မြည်းလာသည်။ မှေးခနဲကျပြီး အချိန်မည်မျှ ကြာသည်မသိ။ ကိုလူမောင် နွားစာထထည့်လိုက်သေးသည်။ နွား ခြင်ထောင်တွေ ကျ၊ မကျ ကြည့်လိုက်သေးသည်။ ဖိသင့်သည့် နေရာကို ဖိ၊ ချသင့်သည့်နေရာ ချ၍ ကိုလူမောင် အိမ်ပေါ်ပြန် တက်လာသည်။ ဟိုဟိုဒီဒီ လိုက်အကြည့် ရှင်ထွေးကြည်မတွေ့၍ မလှမ်းမကမ်းမှာစာကျက်နေသော သမီးစုမွန်ကို လှမ်းမေးလိုက် သည်။

"သမီး နင့်အမေ ဘယ်သွားလဲ"

"ဈေးဆိုင်သွားတယ်အဖေ၊ ခဏလို့ပြောသွားတယ်"

"နင့်အမေကလည်းခဏသာဆိုတယ်ငါထမင်းစားကတည်းက ထွက်သွားတာ၊ ပေါ်ကိုမလာတော့ဘူး"



စုမွန်က စာအုပ်ပိတ်ပြီး အဖေလုပ်သူကို လှမ်းကြည့်သည်။

"အဖေကလည်း အမေက အဖေ့အတွက် ပုဆိုးသွားဝယ်တဲ့ ဟာ"

"ဟာ ဒီမိန်းမ တော်တော်ရှုပ်တယ်။ ကဝသွားတာများ ဘယ် ပုဆိုးဝတ်ဝတ်ရတဲ့ဟာ၊ ခက်ပါဘိနဲ့"

"မခက်နဲ့တော်ရေ့၊ တော်ကသွားနိုင်ပေမယ့် ကျုပ်က မလွှတ် နိုင်ဘူး။ ပုဆိုးတွေက နွမ်းဖတ်ဖတ်ရယ်။ လူကြားထဲသွားတာ ဖြစ်ကတတ်ဆန်းသွားလို့ရမလား"

ရှင်ထွေးကြည်က အိမ်ပေါ်လှမ်းအတက် ပုဆိုးထုပ်ကို ဘုတ် ခနဲပစ်ချပြီးပြောသည်။

"နင် ဘယ်ကပိုက်ဆံရလို့လဲ"

"ဘယ်ကရမလဲတော်၊ အမတော်ကျပေးပဲပေါ့"

"ဟား . . ဟား ငါ့မိန်းမကတော့ အမတော်ကျပေးနဲ့ပဲ လုပ်စားနေတော့တာပဲ"

"ဒါပဲ မျှော်လင့်စရာရှိတာ၊ ဒါပဲ ပြောရတော့မှာပေါ့။ သိပ်တော့ လည်းမရှိပါဘူး။ ခနိုဖိုးရယ်၊ မျိုးစပါးဖိုးရယ်၊ ဈေးကြွေးလေးအနည်း အပါးရယ်ပဲ ရှိတာပါတော်"

"ဒါက ကြိုတင်ကြွေးလေ၊ ကောက်စိုက်စရိတ်၊ မျိုးနုတ်စရိတ် တွေက ဘယ်သွားထားဦးမလဲ။ အမတော်ငွေဆိုတာ လယ်စရိတ်ဟ"

"ဒါတော့ ရှင်ပြောမှလား ဝတ်မှာသာဝတ်၊ စကားမများနဲ့"

ရှင်ထွေးကြည်တစ်ချက်လွှတ်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝတ်တာတော့ဟုတ်ပါပြီဟာ၊ တံဆိပ်တွေလည်းခွာပါဦး။ တော်ကြာ မနှစ်ကဖိုးပိန်လို တံဆိပ်ကြီးတန်းလန်းနဲ့ မြို့ထဲလျှောက် သွားနေရပါဦးမယ်"

"ဟား ဟား ရှင်တို့အတူပါတဲ့သူတွေကလည်း မပြောဘူးလား။ ဒီလောက်တောင်ဖြစ်ရတယ်လို့ ပြောရင်းဆိုရင်း ခွာဦးမှပါ"

ရှင်ထွေးကြည်က ရေတစ်ခွက်ယူပြီး တံဆိပ်ကို ရေစွတ်ခွာ သည်။ စက္ကူအစအနတွေကို ပွတ်တိုက်ပစ်သည်။

"နင့်ဟာကြီး ငါဝတ်ရမှာ စိတ်မပါပါဘူးဟာ အသစ်ဆိုတော့ ထိုးထိုးထောင်ထောင်နဲ့ ငါစိတ်မလုံပါဘူး"

"ရှင်ဟာလေ ချေးကိုများတယ်။ ဒီမှာကြည့်"

ရှင်ထွေးကြည်က ပုဆိုးအသစ်ကို လုံးထွေးပစ်လိုက်သည်။ သူလုံးထွေးပုံကတစ်မျိုး၊ ပုဆိုးအခေါက်ကိုမဖြည်ဘဲ တလိမ့်တုံးလို့ သလိုမျိုး လိမ့်ပစ်လိုက်ခြင်းပါ။

"ရော့ ရှင်မာချင်သပဆိုလို့တောင် မမာတော့ဘူး"

"ဟုတ်တယ်ဟ၊ ငါ့မိန်းမတော်သားပဲ"

"ဒီလိုပဲပေါ့ မိန်းမဆိုတာတော့ အစစအရာရာ ကြိုတွေးပြီး သားပဲ၊ ရော့ဒီမှာ၊ ကိုင်သွားရမယ့်ပိုက်ဆံလည်း တစ်ခါတည်း ချေးလာခဲ့တယ်"

ရှင်ထွေးကြည်မျက်နှာကို ကိုလူမောင်တအံ့တဩကြည့်လိုက် သည်။ ဒီမိန်းမ အရှာအဖွေကောင်းလှချည့်ဆိုသည့် သဘော



"ထမင်းချိုင့်လည်းယူသွားမနေနဲ့တော့၊ ဟိုရောက်လည်း တော်တို့ဝယ်စားကြမယ့်ဟာ၊ ဆိုင်တက်ဖို့ကတော့ သေချာတာပေါ့"

ရှင်ထွေးကြည်က နှစ်စဉ်သွားနေကျဖြစ်၍ အထာနပ်နေ သည်။

"ဒီလိုမထင်ပါနဲ့မိန်းမရယ်၊ တစ်ခါတလေကျတော့လည်း ကဝမြို့က စားတဲ့သူများရင် ပြောင်သလင်းခါလို့ ဆိုင်မှန်သမျှ အိုး မှောက်ခွက်မှောက်ပါ"

"အော် ဒါကတော့ ဖြစ်မှာပေါ့။ မြို့လေးကကျဉ်းကျဉ်းလေးနဲ့ ဝန်ထမ်းကြီးနေတဲ့မြို့ဟာ၊ ရှင်တို့က အကြောင်းကိစ္စရှိမှ တစ်နယ် လုံးနီးပါး ဝရုန်းသုန်းကားတက်သွားတာကိုး"

"ဒါလည်း ဟုတ်တာပဲ"

မနှစ်က အမတော်ငွေထုတ်ရသည့်အဖြစ်ကိုလည်း လူမောင် သတိရလိုက်သည်။ မနှစ်က ကိုလူမောင်တို့မဂ္ဂဘင်းအုပ်စု နောက်ဆုံးမှထုတ်ရသည်။ ကြာရသည့်အကြောင်းရင်းကလည်း ကြည့်။ မဂ္ဂဘင်းသား ကြာဒိုးတို့အုပ်စုကြောင့် ဘဏ်လူကြီးနှာတင်း သွားခြင်းဖြစ်သည်။ တကယ်ဆို ဘဏ်လူကြီးက သဘောကောင်းရှာ ပါသည်။ မကောင်းသည်က သင်းတို့ မူးကြောင်ကြောင်အုပ်စု၊ ငွေပေးငွေယူကိစ္စ၊ အတိုးကိစ္စများကို ဘဏ်လူကြီးက အသေးစိတ် ရှင်းပြနေဆဲ ကြာဒိုးက ပရိသတ်ကြားထဲမှ ဝေါက်ခနဲထရပ်သည်။

"ဒီမှာ ဒီမှာ ခင်ဗျာ၊ ကျွန်တော်နဲ့ကျွန်တော့်ယောက္ခမပေါ့ ခင်ဗျာ၊ အဲ . . . ကျွန်တော့်မိန်းမရဲ့အဖေပေါ့။ ဦးပေသီး [illegible]

www.burmeseclassic.com



က ကျွန်တော့်ယောက္ခမပေါ့ခင်ဗျာ၊ ကျွန်တော်တို့အကြောင်းကို တင်ပြခွင့်ပြုပါ။" ဘဏ်လူကြီးက လက်ကာပြသည်။ ခဏနေပါဦး ဆိုသည့်သဘောပါ။ သူကလည်း လက်ပြန်ပြသည်။ ပြောပါရစေ ဆိုသည့်သဘော။ အပြန်အလှန် လက်ပြပြီး ဘဏ်လူကြီးက အလျှော့ပေးသွားသည်။ ကြာဒိုးက"မခေ၊ ဟန်ပါပါနှင့်ဆက်ပြော သည်။

"ကျွန်တော်နဲ့ကျွန်တော့်ယောက္ခမ ဦးပေသီးတို့ အခု အဆင် မပြေဖြစ်နေတော့ ကျွန်တော့်လယ်ကို သူ့လယ်ထဲကခွဲထုတ်ချင်ပါ တယ်။ သူ့နာမည်နဲ့ဆိုတော့ သူသေရင်လည်း အခြားသားသမီး တွေကရှိသေးတော့ ခုကတည်းက ရှင်းချင်ပါတယ်၊ ဟို ... ကျွန်တော့်လယ်က မြောက်ဘက်ထိန်ပင်ကွင်းမှာ ဒသမအစိတ်၊ အရှေ့ပယ်မှာ နှစ်ဧကနဲ့ဒသမ ... အဲ .. တစ်ဧက ... တစ်ဧ ကနဲ့ ဒသမ ...ဟ ....ဟ"

ကြာဒိုးစကားမဆုံးလိုက်။ အောက် စိန်တိုးတို့အဖွဲ့က ပုဆိုး ဆောင့်ဆွဲလိုက်၍ ပုဆိုးကျွတ်ပြီး ထိုင်ချလိုက်ရသည်။ ဘဏ်လူကြီး မျက်နှာအနည်းငယ်တည်ပြီး စကားဆက်ပြောသည်။ နောက်ဆုံး ရွာစဉ်အလိုက် ပိုက်ဆံထုတ်ချေးချိန်မှာ မဂ္ဂဘင်းအုပ်စုက နောက် ဆုံးဖြစ်သွားသည်။ ပိုက်ဆံထုတ်ပြီးချိန်မှာ ဗိုက်ကအလွန်အမင်း ဆာနေပြီဖြစ်၍ စားသောက်ဆိုင်ရှိရာ ချီတက်ခဲ့ကြသည်။ သို့သော် လည်း အချည်းနှီးသာ။ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်နှင့် ခြေညောင်း သည်သာ အဖတ်တင်သည်။ ဆိုင်မှန်သမျှ ပြောင်သလင်းခါအောင်



ရောင်းပစ်ကြသည်။ ဗိုက်ဟောင်းလောင်းကို လက်ဖက်ရည်တစ်ခွက် မုန့်တစ်ခုဖြင့် အာသာပြေရင်း ပြန်ခဲ့ကြရသည်။

"ပိုက်ဆံက သိပ်အများကြီးမလိုပါဘူးဟာ၊ ဟိုရောက်လည်း ရမှာပဲဟာ"

"တော်နော် ပိုက်ဆံအယားလေးရှိတယ်ဆိုပြီး ပရမ်းပတာ မသုံးနဲ့၊ ကိုယ့်လယ်သမားဆိုတာ တစ်မိုးလုံးကုန်မှ တစ်နွေလုံး ဖိုက်ပြည့်တာ။ ခုခေတ်က လယ်စရိတ်စကတွေကလည်း များပါဘိ သနဲ့"

ရှင်ထွေးကြည်ပြောတာလည်း မဆိုးပါဘူး။ ယခုနောက်ပိုင်း စိုက်ရေးပျိုးရေးခက်လှသည်။ ရာသီဥတုမမှန်၍ ပျိုးထောင်ရခက်၊ စိုက်ရခက်ကြားမှ အလုပ်သမားစရိတ်ကလည်း မပေါ့။ ယခင် ကောက်စိုက်သမားက တစ်ဧကရှစ်ယောက်စိုက်သော်လည်း ယခု အချိန်မှာ ဆယ့်နှစ်ယောက်၊ ဆယ့်သုံးယောက်စိုက်ကုန်ကြပြီ။ ဒါတောင် လယ်ရှင်က မျိုးဆွဲ၊ ကောက်ပင်ကျွတ်နိုပ်နှင့် ဂျင်ခြေ လည်အောင်လုပ်နိုင်ပါမှ အလုပ်သမားမျက်နှာ ကြည်သည်။ လယ်ရှင်ကလည်း အဆောတလျင်ပြီးရေးနှင့် အလုပ်သမား အလို လိုက်ကြသည်။ ကိုလူမောင့်ယောက္ခမ ဖိုးသာမောင်ပြောတာလည်း မဆိုး။

"ခုခေတ်လယ်လုပ်ရ အဆင်မပြေဘူးသာညည်းတာ၊ လူ့ဝ်နေ ဘာတွေကလည်း ငါးရံ့ပြာလူး၊ လောဘတွေကြီးနေကြတာ၊ စပါး

www.burmeseclassic.com

www.burmeseclassic.com



ဟယ်၊ ပဲဟယ်နဲ့၊ တို့ခေတ်စပါးတစ်သီးတည်းနဲ့ ငွေကိုလှဲ့လို့။ လောဘကြီး အီးလောက်ရဆိုတဲ့ကောင်တွေ"

ဖိုးသာမောင်ပြောလည်း ပြောစရာ၊ ခုခေတ်လယ်သမားတွေ အပြေးအလွှားအလုအယက်ကြီး လုပ်စားကြသည်။ ရသည့်နှစ်ရသလို၊ မရသည့်နှစ်လည်းရှိသည်။ အဓိကက ရာသီနှင့်မိုးပါပဲ။ မိုးမဖျက်၊ မိုးမပျက်လျှင် တိမ်တောင်ခတ်သည်။

"မျိုးအုပ်ထားတာရော၊ နင်ကြည့်သေးရဲ့လား ရှင်ထွေးကြည်"

ကိုလှမောင်သတိရပြီးမေးတော့ ရှင်ထွေးကြည် မျက်စောင်းထိုးသည်။

"တော့်လိုသာ သွေးအေးလို့ကတော့ ထမင်းအိုးကို အမြှောက်နဲ့ပစ်ချရမှာ၊ ကျုပ်အကုန်ကြည့်ပြီးလုပ်ထားပြီးပြီ တော်တော့ စကားမများနဲ့ အိပ်တော့ နံနက်သွားရမှာ"

ရှင်ထွေးကြည် ဖွတ်အိပ်ခိုင်း၍ ကိုလှမောင် ကြိုးစားအိပ်လိုက်ရသည်။ နံနက်ခရီးသွားရမည်ဖြစ်၍ မျက်လုံးကတော့ အကြောင်သားရှိလှသည်။

◈ ◈ ◈

"လာဟေ့လှမောင် လူစုပြီးမှသွားမယ်ကွ"

ရွာလယ်ရှိ အောင်ကြီးအိမ်မှာ လူစုစုရှိပြီဆိုမှဖြင့် ကိုလှမောင် ခြေလှမ်းကျဲလို့မရ။ ခြေဦးက အလိုလိုအိမ်ဝိုင်းထဲရောက်သွားသည်။



"ရော့ကွာ၊ ကြိုပေးတစ်ခွက်တစ်ဖလားလှော်သွားဦး ဒါမှ ခြေလှမ်းသွက်မှာ"

အောင်ကြီးက ဖင်မထိုင်ရသေးမီ ဆီးကြိုညှော်ခံသည်။ ညှော်ခံမည်ပေါ့။ ငွေယားလေးမြင်နေသည်ကိုး။ ယခင်နေ့များလို အောင်ကြီးမိန်းမ မိစန်း၏ အရက်ကြွေးတောင်းသံ ဖွာလောင်လောင်လည်းမကြားရ။ အစစအဆင်ပြေနေကြသည်။

"အမတော်ပေးလားကွ"

"ဘယ်လိုပေးပေးပါကွာ၊ ကိုယ့်လူတွေ သွားရေးလာရေး ဖြောင့်အောင်လို့ပါ"

အောင်ကြီးက အပြောကောင်းပြီး အလိုက်သိသည်။ အောင်ကြီးအိမ်မှာ လူမပြတ်ရသည့်အကြောင်းရင်းက ဒါလည်းပါသည်။ အလုပ်မည်မည်ရရမရှိဘဲ အောင်ကြီးတင့်တောင်းတင့်တယ် စားနိုင်သည်။ အောင်ကြီးနှုတ်ကလေးချိုသမျှ ရွာထဲက ဲဲ စပါး၊ ငရုတ် ပေါ်ဦးပေါ်ဖျားမှန်သမျှ အောင်ကြီးအိမ် တစ်ခွက်တစ်တောင်းရောက်ရမြဲ။

"ကဲ သွားကြမယ်ဟေ့၊ အောင်ကြီးရေ အပြန်မှကွာ"

"သွားမှာ သွားစမ်းပါကွာ"

ကိုဖိုးလုံး ဆော်သြလိုက်မှ ယောက်ျားတစ်အုပ် လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။ နို့မို့များ အောင်ကြီးဆိုင်မှာထိုင်ရလျှင် နေကုန်နေခန်းနေချင်သည့် အကောင်တွေပါ။

"မော်တော်က မစီးလည်း နှစ်ထောင်ပေးရမှာနော်"

www.burmeseclassic.com

www.burmeseclassic.com



"ကျော်နိုင်အောင်ပြောတော့ မော်တော်မထွက်သေးဘူးတဲ့၊ ကိုယ့်အစီအစဉ်နဲ့ကိုယ် သက္ကလမှာ ကားသွားစီးဆို"

သွားမည့်ဆဲဆဲ တစ်ယောက်တစ်ပေါက် ပြောကြပြန်သည်။ မနှစ်က မဂ္ဂဘင်းမော်တော် တစ်ယောက်နှစ်ထောင်နှုန်းနှင့် ထွက်ပေးသည်။ မော်တော်မမီ၍ ကားစီးသူတွေလည်း နှစ်ထောင်ပေးရ၍ စကားတွေများကြသည်။ တကယ်ဆို လယ်သမားနာမည်နှင့် တိုက်ဖြတ်ခြင်းဖြစ်၍ ပြေပြေလည်လည်ပြောလျှင် ရသော်လည်း သွေးကလေးကြွသည့်အရွယ်နှင့် အကော်အကတ်လုပ်နေကြခြင်းပါ။

"ထွက်ကြဟေ့၊ ထွက်ကြဟ"

တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင်အော်ဟစ်ရင်း ထွက်လာကြသည်။ သက္ကလအရောက် တစ်နာရီနီးပါး လမ်းလျှောက်ရဦးမည်။ ပြီးမှ ကားစီး၊ ကားစီးဆိုတော့လည်း ဇိမ်ကျသည်မထင်ပါနှင့်၊ ကဝထွက်သည့် ဒေါ်ဂျစ်ကြီးတွေက အမောဖောက်နေသည့် လူမမာကြီးတွေလို တကီးကီးတဂဲဂဲအသံပေးရင်း တရွေ့ရွေ့သွားကြသည်။ သက္ကလမှာ ကားပေါပါသည်။ ရန်ကုန်ဆွဲသည့် မှန်လုံကားကြီးတွေ အစီးပေါင်းများစွာရှိသည်။ အိမ်စီးကားအသေးလေးတွေလည်းရှိသည်။ ဗိုင်နာတွေဆိုတာ မိုးဦးကျမှိုတွေလိုပေါခြင်း၊ သောခြင်း ရှိရသည့်အထဲ ကဝဆိုပါမှ ဒေါ်ဂျစ်ကားကြီးတွေလွှတ်ပေးထားသည်။ ဒါလည်း အကြောင်းရှိပါ၏။ ကဝနှင့်သက္ကလသည် မြို့နယ်ဖြစ်၍ မလွဲမကင်းသာရုံကိစ္စ၊ ကျောင်းကိစ္စမှလွဲပြီး ခရီးအသွားအလာနည်းသည်။ ဈေးဝယ်စရာ၊ တခြားကူးသန်း



ရောင်းဝယ်စရာလည်း ဘာမျှမရှိ။ ဒီအတွက် ဒေါ်ဂျစ်ကြီးတွေက ဒီလမ်းကြောင်းကို အပိုင်ယူထားခြင်းဖြစ်သည်။

ကိုလှမောင်တို့က သက္ကလရောက်တော့ ရှစ်နာရီထိုးလုပြီ။ ကားဂိတ်မှာ လူတွေဖွေးလှုပ်နေသည်။ ကိုယ်လိုသူလို ဘဏ်ထုတ်သမားတွေ လွယ်အိတ်လေးတွေ ခါးထိုးပြီး လမ်းသလားနေကြသည်။ မိန်းမတွေက ထမင်းချိုင့်လေးတွေကိုယ်စီနှင့် ကားသမားတွေက စည်းရုံးရေးဆင်းနေကြသည်။

"ဒီမှာ ဦးကြီးတို့၊ ဒေါ်ကြီးတို့ ခင်ဗျားတို့ဆိုင်ကယ်ကယ်ရီနဲ့ သွားမယ်ဆို သုံးထောင်ဗျ၊ ဒီကြားထဲ မိုးမလုံ လေမလုံနဲ့ အန္တရာယ်ရှိသေးတယ်။ ကျွန်တော်တို့ကားက နှစ်ထောင်တည်းနဲ့ ပို့ပေးမယ်။ အကာအကွယ်လည်း အေးဆေးပဲ"

"အေးဆေးလို့တော့မပြောပါနဲ့တော် မနှစ်က မိုးယိုလို့ ကျုပ်တို့များ ကားထဲ ထီးဆောင်းသွားရတယ်။ အံ့ချက်တော့၊ ဒီကား၊ ဒီကားပဲ ကျုပ်မှတ်မိတယ်"

မယ်တင်လှက တိတိကျကျပြောတော့ ကားသမား ပါးစပ်ပြဲသွားသည်။ ဆိုင်ကယ်ကယ်ရီသမားတွေကလည်း အားတက်သရောခေါ်သည်။

"ဟေ့ကောင်တွေ ဘာလုပ်နေကြတာလဲ၊ တက်ကြကွ၊ ပိုက်ဆံတစ်ထောင်သက်သာနည်းလား၊ မိုးယိုတာများ ကြောက်နေရသေးတယ်။ မိုးထဲရေထဲရှန်းနေတဲ့ကောင်တွေကများ"

www.burmeseclassic.com

www.burmeseclassic.com



ဘကြီးသာအောင် ဘုတောလိုက်မှ ဝရုန်းသုန်းကား ကားပေါ်ပြေးတက်ကြသည်။

"မိုးထဲရေထဲရုန်းတာက ကိုယ့်စီးပွားရေးတော့၊ ခုဟာက ကိုယ်က ပိုက်ဆံပေးရတာ၊ ဇိမ်ကျကျစီးချင်တာပေါ့"

"ယောက်ျားလေးတွေ ကားခေါင်မိုးပေါ်တက်ကြပါ"

"ဟေ့ကောင်၊ မင်းပြောတာ မိုးလုံလေလုံဆိုကွ"

"ဟာ အစ်ကိုလေးတို့ရယ်၊ မိုးက လုံလိုက်သမှ ဘယ်မှာ အပေါက်ရှိလို့လဲ၊ ရှိရင်လည်း ကျွန်တော် ဒုံးကျည်နဲ့ တက်ဖာပေးမယ် ဟဲ . . ဟဲ"

"တော် . . . တော် . . . မင်း တော်"

စပယ်ယာအပြောကောင်း၍ အားလုံး ကားပေါ်ရောက်ကုန်ကြသည်။

"ကဲ ညနေအပြန် လူစစ်လို့ရအောင် နာမည်လေးတွေ ပြောပါမယ်"

ကားခလည်း အခုမပေးရသေးပါဘူး။ ငွေထုတ်ပြီးမှ ကျေးရွာအုပ်စုအလိုက် ငွေစုပါ့မယ်"

"ကဲ အမည်ပြော . . ."

"ဟိ . . . ခိုင်သင်းကြည်"

"အလဲ့"

ရွာအနောက်ပိုင်းသား ကုလားပြောင်သမီး မိညှက်က သူ့ကိုယ်သူ ခိုင်သင်းကြည်ပြော၍ ရယ်သံတွေ အုန်းခနဲထွက်လာသည်။



သူ့အဖေ ကုလားပြောင်စက်ခုတ်ရင်း စက်တုံးထိ၍ သူ့သမီးမိညှက်ကို ထည့်လိုက်ခြင်းဖြစ်သည်။ စပယ်ယာကြောင်စီစီကြည့်နေသည်။

"ခင်ဗျားတို့ ဟုတ်ရောဟုတ်လို့လားဗျာ"

"ဟုတ်ပါတယ်၊ ရေးပါ ရေးပါ"

"မဟုတ်ဘူးလေဗျာ၊ သူ့အဖေနာမည် ကုလားပြောင်ကိုမှတ်၊ ဒါမှ အဆင်ပြေမှာ"

"အော် ဟုတ်ပြီ၊ ဟုတ်ပြီ ကဲ နောက်တစ်ယောက်"

"ဖြူစိန်"

"ဟာ လုပ်ပြန်ပြီ၊ မနောက်ပါနဲ့ဗျာ"

"ဟဲ့ နောက်တာမဟုတ်ဘူး၊ ငါ့အမည် ဖြူစိန်မို့ ဖြူစိန်ပြောတာ ငါ့အမေပေးခဲ့တဲ့နာမည်ဟဲ့"

"ကြီးတော်တို့ပဲ အိမ်ထောင်ဦးစီးအမည်ပြောမယ်ဆို"

"အမလေးတော် ငါက အိမ်ထောင်ဦးစီးဟဲ့ ငါ့ယောက်ျား ဆောင်ချမ်းက သေတာကြာပေါ့။ အရိုးတောင်ဆွေးလုပြီ၊ တကာတဲ့ မိညှက်က ခိုင်သင်းကြည်ဆိုတော့ ယုံ၊ အဘွားကြီး ဖြူစိန်ဆိုတော့ မယုံဘူး၊ ငယ်ငယ်က ငါတဖြူဖြူဝိုလွန်းလို့ ဖြူစိန်လို့ပေး ထားတာဟဲ့"

ဇာစ်မြစ်လိုက်သလို ရှင်းပြနေ၍ စပယ်ယာခေါင်းကုတ်သည်။

"တဲဟေ့၊ သွက်သွက်လည်းလုပ်ကြဟ၊ တော်ကြာဘဏ်ထုတ်တဲ့ဆီမရောက်ဖြစ်ရော့မယ်"

"ဟုတ်ပတော်၊ သကောင့်သား ရစ်ချက်တော့ ရစ်လုံးက အဖေခေါ်ရတယ် တကာတဲ့မှပဲ. . ."

www.burmeseclassic.com

www.burmeseclassic.com



ကောက်စိုက်ခေါင်းမအေးလှကအော်ကျယ်၊ အော်ကျယ်ပြောမှ ကျော်နိုင်အောင် ပေါက်ချလာသည်။

"ကဲပါဗျာ၊ အားလုံးတက်ကြပါ၊ ကျွန်တော့်ရွာပြဿနာ ကျွန်တော်ပြေလည်အောင် ရှင်းပေးပါ့မယ်"

"ဒီလိုလည်းလုပ်ပါ ဥက္ကဋ္ဌရာ"

ကျော်နိုင်အောင်လောဆော်မှ ကားကဘီးစလိမ့်သည်။ မယ်ခင်မြမျက်နှာ စီးရွက်လောက်ရှိသည်။သူကကားစီးရဲသူ မဟုတ်။ တစ်ရွာတည်းသားတွေ တစ်ပုံတစ်ပင်ပါ၍ မဲတင်းစီးလာရခြင်းဖြစ်သည်။ တကယ်တမ်းစီးတော့လည်း ကားက ဒီလောက်ထိ မဟုတ်ပါ။ တအိအိတလိမ့်လိမ့်စီးလို့ပင် ကောင်းသေး၏။ ကိုးနာရီခွဲမှာ ကဝမြို့ထဲ ကားဝင်သည်။ ကိုယ့်လိုပဲ ဘဏ်ထုတ်သူတွေ လမ်းမပေါ်ဖွေးနေသည်။ ဆိုက်ကားပေါ်မှာ၊ ကယ်ရီယာပေါ်မှာ ဘယ်နေရာကြည့်ကြည့် လူတွေသာရှိသည်။ ကဝမြို့၏ အစည်ကားဆုံးနေ့ဟုပင် ပြောရမလိုဖြစ်သည်။ မကြာမီ ကားက ငွေထုတ်ချေးမည့် စုရပ်ဖြစ်သော ခန်းမဝင်းအတွင်း ဝင်လာပြီ။ ကိုယ့်ထက်ဦးပြီး ရောက်နှင့်နေသူတွေ ဝင်းအတွင်းမှာ ဝဲလည်နေကြပြီ။ ဝင်းထဲမှာ ဆိုင်တွေစုံလှသည်။ လယ်သမား အသုံးအဆောင်ပစ္စည်းတွေ ဖြန့်ခင်းရောင်းချနေသည်က တကယ့်ဘုရားပွဲကြီးနှင့်ပင် တူနေသေးတော့သည်။ လယ်သမားအသုံးအဆောင်ပင် ကရိုးလား။ ကက်ဆက်လို ဇိမ်ခံပစ္စည်းမှအစ ဒန်အိုးဒန်ခွက် အဝတ်အစား အသုံးအဆောင်အထိ ပါသည်။ သပြုမှာဒန်အိုးစက်ရှိ၍ ကဝမှာ



အကြောင်းရှိလျှင် တက်ရောင်းသည်က ထုံးစံပါ။ အသီးအနှံပေါသော ထုံးကြီးဘက်ကမ်းမှ နာနတ်ယို၊ ရှောက်ယိုသည်တွေလည်းရှိသည်။ ကက်ဆက်ခွေဆိုင် တွေကလည်း ထွေးညိုသီချင်းနှင့် ပိုင်သက်ကျော်၊ ဗညားဟန် အစရှိသည့် တောကြိုက်အဆိုတော်များ၏ အခွေများကို အပြိုင်အဆိုင် ဖွင့်ထားကြသည်။

မိုးကုတ်စက်ဝိုင်းအောက်မှာ × × ခါဦးမိုးတို့ အကြိမ်ကြိမ်ပြို × ×

ဆောင်းဘောက်သံ စီခနဲထွက်လာသည်နှင့် ကိုလူမောင်တို့ အဖွဲ့ပြုံကျသွားသည်။

"ဟေ့ကောင် ဆရာတော့်အတွက် ဗညားဟန်တစ်ခွေတော့ ဝယ်ကွာ"

ကိုလှမြင့်က စိန်ထွေးကို လက်တို့သတိပေးသည်။ စိန်ထွေးက ဆရာတော့်ကျောင်းမှ အသံချဲ့စက်ကိုင်ဆရာပါ။ ရွာထဲမှာ အကြောင်းကြီးငယ်ကိစ္စရှိလျှင် စိန်ထွေးခေါ်ပြီး ဆရာတော် မိုက်စမ်းနေကျ။

"ခင်ဗျားတို့ကလည်းဗျာ၊ ဆရာတော့်အတွက် တရားခွေကောင်းကောင်းနဲ့ နာနတ်ယိုလောက်ဆို တော်သေးသပေါ့"

"ဟာ ဒါက ကိုယ်မဝယ်လည်း ဆရာတော့်ကျောင်းမှာ ပေါတယ်ကွ၊ အခွေက ဆရာတော်ကျောင်းကဖွင့်မှ တစ်ရွာလုံးကြားရမှာ၊ လုပ်စမ်းပါကွာ၊ မင်းကလည်း"

ကိုလှမြင့်ပြောတာလည်း ဟုတ်သည်။ တစ်ခါတစ်ရံ ဆရာတော်ကျောင်းက ညနေစောင်းမှာ သီချင်းအေးလေးတွေဖွင့်နေတတ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ညည့်နက်တော့ တရားဖွင့်သည်။ စိတ်ပင်ပန်း၊ လူပင်ပန်းချိန် သီချင်းအေးလေးတွေ နားထောင်လိုက်ရလျှင် အလိုလိုအပန်းပြေသွားရသည်။ ဆရာတော်ကလည်း စိတ်လိုလက်ရ ဖွင့်ပေးရှာပါသည်။ ဖွင့်လား မဖွင့်လားမပြောနှင့် တစ်ရွာလုံး ကလေးလူကြီး ဗညားဟန်သီချင်းရသည်။ အောင်ကြီးသားအငယ်ကောင် နှစ်နှစ်သား ဖိုးချက်ကိုပဲကြည့်။

× × မိုးဒုတ် × × ချက်ပိုင်း × × အောက်မှာ တာဦးမိုးတို့ ကြိမ်ကြိမ်ကြို × × ဝါချို့ ဝတာန်မိုးတဲ့ရင် နိုးမိတယ် × × တဲ့ . .

စိန်ထွေးကြာကြာမဆွယ်လိုက်ရ၊ ကက်ဆက်ခွေဆိုင်ထဲဝင်သွားသည်။ ကိုလူမောင်တို့အဖွဲ့က လှည့်ကြည့်လှည့်ကြည့် ရှေ့ဆက်သွားသည်။

"ဂလုံ ဒုံ ဂွမ် ဂျမ်း ဂျမ်း"

လူတွေအားလုံးလှည့်ကြည့်ကြသည်။ ကိုလူမောင် ရှက်လိုက်သည့်ဖြစ်ခြင်း၊ ကက်ဆက်ခွေဆိုင်ကို လှည့်ကြည့်လှည့်ကြည့်အသွား စီထပ်ထားသော သပြုဒန်အိုးတွေကို ဝင်အောင်းမိခြင်းဖြစ်သည်။

"နည်းနည်းပါးပါးလည်း ဘေးဘီကြည့်ပါဦးဗျာ"

ဒန်အိုးသည်က ဤမျှပြော၍ တော်တော့သည်။ ဒန်အိုးတွေကို တစ်လုံးချင်း လိုက်ကောက်ပေးရသည်။ ကိုလူမောင်တို့အဖြစ်ကို အထည်ဆိုင်မှ ဒေါ်ပြုံစိန်တို့အဖွဲ့က တဟီးဟီးတဟားဟား ရယ်မဆုံး၊ ရယ်ရလွန်း၍ မျက်ရည်များပင်ထွက်သည်။



"ဒေါ်ကြီးပြုံစိန်ကလည်း ရယ်ချည်းနေတယ်။ ကျွန်မတို့လည်း ကြည့်ပါဦး"

မိညွှက်က ဘော်လီတစ်ထည်ကို သူ့ကိုယ်မှာကောက်တပ်ပြီး ဒေါ်ပြုံစိန်ကို ပြသည်။

"အမလေးတော် မိညွှက် မိန်းမဆိုတာ လူကြားထဲ အဲလို မလုပ်ရဘူးဟဲ့၊ ငါ့နှယ်နော် ကွန်ရေလေးများထားပါဦး ကောင်မတွေရဲ့"

မိညွှက်က လျှာတစ်လစ်ဖြင့် ကိုယ်မှာကပ်ထားသောအင်္ကျီကို ဆတ်ခနဲခွာပြီး တောင်တောင်အီအီကြည့်ရှာသည်။

"ဒေါ်ကြီးပြုံစိန်ကလည်း ရောင်းတဲ့သူကတောင် ရောင်းသေးတာ၊ ဝယ်တဲ့သူက ဘာလို့မဝယ်ရမှာလည်း၊ ဝတ်ကြည့်မှ တော်၊ မတော်သိမှာပေါ့"

မိညွှက်က အင်္ကျီကိုရင်မှာဝှက်ရင်း ဆင်ခြေပေးသည်။

"ကမြင်းမတွေ ငါပြောလိုက်ရ မကောင်းရှိတော့မယ်"

"ဟီး ဟီး ဟီး"

သူတို့လေးတွေ ခပ်ကြိတ်ကြိတ်ရယ်ကြသည်။

"ဝယ်မှာဖြင့် သိုသိုသိပ်သိပ်ဝယ်ကြ"

"ဝယ်တော့ဝယ်ချင်တာပေါ့ ဒေါ်ကြီးပြုံရယ်၊ ဒါပေမဲ့ အမေကပိုက်ဆံကို အလဟဿမလုပ်နဲ့တဲ့၊ သုံးစရာတွေအများကြီးလို့မှာလိုက်တာ။ ဘော်လီကလည်း ဝတ်စရာမရှိဘူး"

"ကျွန်မလည်း အဲလိုပဲ"

www.burmeseclassic.com

www.burmeseclassic.com



နွေမကပါ ဝင်ပြောလာ၍ ဒေါ်ဖြူစိန်သနားမိသည်။ သူတို့လေးတွေ ငယ်ငယ်ရွယ်ရွယ်ဖြစ်၍ ဝတ်ချင်စားချင်စိတ်လေး ရှိရှာပေလိမ့်မည်။ ခက်သည်က မိဘတွေကလည်း မပြေလည်ရှာ၍ ကလေးတွေ ချို့ငဲ့ရှာသည်။

"ကဲပါအေ ဝယ်ချင်လည်း တစ်ယောက်တစ်ထည်ဝယ်ကြ ဒေါ်ကြီးဖြူ ကောက်စိုက်ပေးမှတ်ပေးမယ်"

"ဟာ တကယ်လား ဒေါ်ကြီးဖြူ"

ဝမ်းသာအယ်လဲဖြစ်သွားကြသည်။ ဒေါ်ဖြူစိန် ခေါင်းညိတ်ပြလိုက်သည်။ ဒေါ်ဖြူစိန်အတွက် ဘာမျှအပန်းမကြီးပါ။ ပိုလို့ပင်အမြတ်အစွန်းရဦးမည်။ သူတို့လုပ်အားခနှင့်သူတို့ကို ပြန်ချည်ရသည့်အဖြစ်။ မျိုးပေါ်ယာယီပိုပိုသာသာ စိုက်ခိုင်းလိုက်လျှင် ပြီးပြီ။ မယ်ခင်မြတို့အဖွဲ့က နာနတ်ယိုဆိုင်မှ မခွာတော့။ တစ်ဆိုင်ပြီးတစ်ဆိုင်လိုက်မြည်းနေကြသည်။ ဝယ်မဝယ်တော့မသိ။ ဖိုးသာအောင်တို့လူကြီးတစ်သိုက်က မြက်ရိတ်တံစဉ် ရွေးနေကြသည်။ တောင်ဆိုင်မှာလည်း လူတွေကျပ်ညပ်နေသည်။ ပဲကောက်တောင်းလေးတွေ အကြောတင်းတင်းနှင့် ဝယ်ချင်စရာကောင်းလှသည်။ ရောက်တုန်းရောက်ခိုက် ငွေလေးလည်းရွှင်ခိုက် ဝယ်လိုက်ကြသည်။ တကယ်တမ်း ကဝသည် မြို့နယ်ရုံးစိုက်ရာ မြို့ငယ်ကလေးဖြစ်ရုံလွှဲပြီး ရောင်းဝယ်ဖောက်ကားခြင်းမျိုး မရှိလှပါ။ ယခုလို ဘဏ်ထုတ်ရာသီမှာမှ အချိုကြီးကြုံခြင်းဖြစ်သည်။



"ဟော လူကြီးတွေလာကုန်ကြပြီ။ ဘဏ်ထုတ်တော့မတဲ့"

လူအုပ်ထဲမှတစ်ယောက်က သတိပေးလိုက်သည်နှင့် ကားကဝေါခနဲထိုးစိုက်လာသည်။ ကားပေါ်မှ လူကြီးတချို့ဆင်းလာသည်။ ဈေးဝယ်သူတွေ ရေကြီးသုတ်ပျာဖြစ်သွားကြသည်။ ကျော်နိုင်အောင်နောက်မှာ ရွာသားတွေတစ်ဖွဲ့ကြီးပါလာကြသည်။

"ကြည့်စမ်း သေနာတွေ ဘယ်ကပေါ်လာတယ်မသိဘူး"

"ကြီးတော်တို့ လာကြ လာကြ ကျွန်တော်နဲ့ကပ်လိုက်ခဲ့ကြ"

ကျော်နိုင်အောင်က ရွာဥက္ကဋ္ဌပီပီ ဦးဆောင်ဦးရွက်ရှိရှာပါသည်။ အသက်ငယ်သော်လည်း လေးလေးစားစားဖြစ်အောင်နေတတ်သည်။ ခန်းမထဲအရောက် လူပုဂ္ဂိုလ်တွေ လှိုင်းထနေသည်။ တာဝန်ရှိသူတစ်ဦးက မိုက်ဖြင့် အခမ်းအနားစတင်တော့မည့်အကြောင်းပြောသည်။ လူအုပ်ကြီးက မငြိမ်သေး၊ ပတူအုံတုတ်နှင့်ဆွသလို ရှုစီစီရှိနေသေးသည်။ မကြာမီ ဘဏ်အကြီးအကဲက အမှာစကားပြောသည်။ လူအုပ်ကြီးက တဖြည်းဖြည်းနှင့်ငြိမ်ကျသွားသည်။ ထုံးစံအတိုင်း မှာစရာရှိတာမှာ၊ ပြောစရာရှိတာပြောပြီးကျေးရွာအုပ်စုအလိုက် ဘဏ်ထုတ်ချေးမည့်အကြောင်း ပြောသည်။ ငွေထုတ်ပွဲကြီးကား စပါပြီ။ ဦးပိုင်အမှတ်နှင့် ကျေးရွာအုပ်စုအတွင်းနီးစပ်ရာလယ်သမားငါးဦးတစ်တွဲ ချပေးပါပြီ။ မဂ္ဂဘင်း၊ တမ်ပြောင်းခမွန်၊ ကွဲတွန်၊ အရှေ့အနောက် ကျွဲတဲရိုးရွာစဉ်အလိုက် အမည်တွေခေါ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးကုလားကြီး၊ ဦးရာကြီး၊ ဦးဆာမိ၊ ဦးမူတူး၊ ဦးပေါက်စီ"

အာဂအမည်တွေပါ။ ထွက်လာတော့ ဗမာတွေချည်းဖြစ်နေ၍ ရယ်ကြသေးသည်။ နောက်တော့ ကိုလူမောင်တို့ မဂ္ဂဘင်းအုပ်စု အလှည့်ကျသည်။ ကျော်နိုင်အောင်က လူရည်လည်၍ စောစောစီးစီးအဆင်ပြေသွားသည်။ ဖိုးသာအောင်တို့ လူကြီးတစ်သိုက်က ကိုယ့်ဝေပုံကျ ကိုယ်မခွဲတတ်၍ ကျော်နိုင်အောင် သပိတ်ဝင် အိတ်ဝင်လုပ်ပေးရသည်။ ဒါကြောင့်လည်း ကျေးရွာဥက္ကဋ္ဌကို ဘွဲ့ရပညာတတ် ခန့်ထားခြင်းဖြစ်မည်။

"ဦးလေးက ဒသမအစိတ် အစွန်းထွက်ရှိသေးတယ်နော်"

"ငါက ငါးဧကနဲ့ အစွန်းထွက်ရှိသေးတယ်ကွ"

ဝေပေးနေပါလျက် ထပ်တွန့်တက်ချင်သည့် အဘိုးကြီးတွေပါ။ ဒီနှစ်မှ စိုက်ပျိုးစရိတ်ချေးငွေတက်လာ၍ တစ်ဧက တစ်သောင်းရခြင်းပါ။ စိုက်ပျိုးစရိတ်ချေးငွေ အမည်တပ်ထားသော်လည်း ထွေလီကာလီအသုံးစရိတ်များလွန်း၍ လယ်ထဲရောက်ရသည်က နည်းသည်။ အားလုံးပြီးစီးချိန်မှာ ဗိုက်လည်းဆာလှသည်။ ကြီးမယ်ခင်မြတို့အဖွဲ့က ပါလာသည့်ထမင်းချိုင့်တွေ ဖွင့်စားသည်။ ကိုလူမောင်တို့အဖွဲ့က ထုံးစံအတိုင်း စိန်သီတာဘက် ခြေဦးတည်ကြသည်။ ရှင်ထွေးကြည် ဘာမှာမှာ ကိုလူမောင်သတိမရတော့ပြီ။ ဝက်ခေါက်ဆွဲတစ်ပွဲစီမှာရင်း အသားကုန်ကြိတ်ကြသည်။ အပိုစာ သားလေးများလည်းပါသေးသည်။ ညနေအပြန် ကားပေါ်မှာတော့ အရှိန်လေးနှင့် တဝါးဝါးတဟားဟား ရယ်ကြမောကြသည်။



"ပဲခူးရေကြီး၊ လှေစီးတစ်ရာ၊ ရေဆာရေသောက်၊ တစ်ဆယ်ပျောက်ကွ၊ ပန်းခြင်းဝင်အောင်း၊ လေးဆယ်တောင်းကွာ၊ လမ်းမသိ ဆိုက်ကားစီး၊ အစိတ်ပြီးဟ"

ဖိုးသာအောင်ကပါ ရောမွှေနေသည်။ သူတို့ငယ်ငယ်က ခရီးသွားပြန်လာပြီး အိမ်ကမိန်းမကို စာရင်းပြသည့်အကြောင်း ဖောက်သည်ချနေသည်။ ငယ်သူတွေက သဘောအကျကြီးကျနေသည်။ သည်လိုနှင့် မှောင်စပျိုးမှ သက္ကလရောက်သည်။ သက္ကလမှ ရွာကို ခြေကျင်လျှောက်ရသည်။ ရွာရောက်တော့ ခြေကုန်လက်ပန်းကျနေပြီ။ စကားပင်မပြောနိုင်တော့ဘဲ ပါလာသည့် ငွေထုပ်လေး မိန်းမထိုးအပ်ပြီး ကိုလူမောင်အိပ်လိုက်သည်က တစ်ညလုံး၊ အိပ်မက်ထဲမှာပင် စိန်သီတာရောက်နေခဲ့သည်။

◈ ◈ ◈

"ကိုလူမောင် ကိုလူမောင် ထစမ်းပါဦးတော့၊ တော့ဟာကလည်း နေမြင့်နေပြီ အိပ်လိုက်တာ"

အသံနှင့်အတူ လူကိုပါလှုပ်နှိုးခြင်းခံရသည်။ အိပ်မက်မဟုတ်တာကယ့်အဖြစ် မျက်လုံးဖွင့်အကြည့် ခြေရင်းမှာ ရှင်ထွေးကြည် မတ်တတ်ရပ်နေသည်။

"တော့ဟာက ဘယ်လိုလဲ၊ ပြောတော့လည်း ချေးငွေတစ်ဧက တစ်သောင်းဆို၊ ဆယ့်ငါးဧကဆိုတော့ တစ်သိန်းခွဲရှိရမှာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့တော်၊ ခု ဒီမှာ ပိုက်ဆံလေးက တစ်သိန်းနှစ်သောင်းရယ်၊ ကျုပ်လည်းချေးပေးလိုက်သေးတယ်"

ရှင်ထွေးကြည်အသံက ငိုတော့မလို

"ဒီပိုက်ဆံလေးနဲ့ ကျုပ်က ဘာလုပ်ရမလဲ၊ အမတော်ကြေးပေးဆိုပြီး ယူထားတာတွေက အများကြီး၊ ခနိုဖိုး၊ ဝါးဖိုးတွေနဲ့ မျိုးစပါးဖိုးတွေကရှိသေးတယ်။ ကျုပ်တော့ သေချင်တာပါပဲ ကိုလူမောင်ရယ်။ တော့ကို အတန်တန်မှာတဲ့ဟာများ"

ကိုလူမောင် မထလို့မဖြစ်တော့ ရှင်းမှဖြစ်မည့်ပြဿနာပါ။ မနေ့က အရှိန်လွန်သွားခဲ့သည်။ ပြန်လာတော့လည်း အရှိန်က မသေချင်သေး။ အောင်ကြီးအိမ်ဝင်ပြီး ကြွေးရှင်းတစ်ချက် လုပ်လိုက်သေးသည်။ အောင်ကြီးကလည်း အခုတလော သဘောကောင်းပြီး လွှတ်ပေးထား၍ ဟောခနဲရှင်းလိုက်ရသည်။

"စောစောစီးစီးမိန်းမရာ၊ ဒီကိစ္စများ အတင်းကာရော နှိုးပြောရတယ်လို့။ ငါ နောက်ပြီးရှင်းပေးပါ့မယ်။ ဟိုကောင် စိန်ထွေး ငါ့ဆီက သုံးသောင်းခဏယူသွားတယ်။ နောက်ပြီး သွားတောင်းပေးမယ်။ သူ ကက်ဆက်ဝယ်သဟ"

"ဩော် ဒါဆိုလည်း ပြီးရော"

ရှင်ထွေးကြည် ငြိမ်ကျသွားသည်။ ဘယ်တတ်နိုင်ပါ့မလဲ။ ညကတည်းက ကိုယ်အဖြစ်နှင့်ကိုယ် လက်ဝါးချင်းရိုက်ထားကြသည်။ စိန်ထွေးယောက္ခမ မယ်ညွန့်တင် ကုန်စုံဆိုင်မှာ စပါးပေးယူပေးဖို့ ပြောထားပြီးပြီ။ ဒေါ်ညွန့်တင်ကြီးက ဒါမျိုးဆို လက်မတား။ အလွှ



သဘောကျသည်။ တစ်သောင်းဖိုးပေး နှစ်သောင်းဖိုးရသည့်ကိစ္စသဘောမကျရှိပါ့မလား။ ကိုလူမောင်တို့အတွက်လည်း အဆင်ပြေသည်။ ရန်ဖြစ်ရမည့်အခြေအနေက အေးချမ်းသွားပြီ။ နွေရောက်တော့လည်း နွေတစ်ထုံးပေါ့။ ကောက်ပြန့်အောက်က ထွေးကြည်မသိအောင် ရှင်းပေးလိုက်ရုံပေါ့။ လယ်သမားဆိုတာ ဒီလိုပါပဲ။ ဟုတ်တယ်လေ။

www.burmeseclassic.com

www.burmeseclassic.com

# စုန်သောရေ၏ ဆန်သောလမ်း

ကွက်တိကွက်ကြားဖျူနေသော ဆံပင်ရှည်ကြီးနှင့် နီစပ်စပ် အသားအရေ၊ ဖြူကြောင်ကြောင် မျက်လုံးများနှင့် သူ့ကိုမြင်တိုင်း ရင်ထဲတစ်မျိုးကြီးဖြစ်ရသည်။ ဘာကြောင့်မှန်းမသိ၊ သူ့ကို ကျွန်မ ကြောက်သည်။ ရှင်းရှင်းပြောရလျှင် လမ်းမှာဆုံ၍ ဘေးချင်းကပ် ရှောင်ရလျှင်တောင် သူ့မျက်နှာကို ရဲရဲမကြည့်ရဲ။ ထူအမ်းအမ်း ဖြူးကြောင်ကြောင်ပုံစံကြီးနဲ့ တစ်လမ်းလုံးပြည့်အောင် ယိုင်ထိုး လျှောက်လာသောသူက တစ်ခါတစ်ရံ ပေစောင်းစောင်းကြည့်တတ် သည်။ ဤအခါမျိုးမှာ ကျောထဲစိမ့်ခနဲဖြစ်သွားအောင် ကျွန်မ ကြောက်သည်။ ဤသို့ ကြောက်သောသူနှင့်မှ ကျွန်မနီးနီးစပ်စပ်နေ ရသည်။ ပြောရလျှင် သူက ကျွန်မတို့အိမ်နှင့် မျက်နှာချင်းဆိုင်မှာ နေသည်။ မွဲခြောက်ခြောက် ခြေတံရှည်သစ်သားအိမ်လေးသည် သူနှင့်လိုက်ဖက်စွာ အကျည်းတန်ခြောက်ကပ်နေသည်။ ခြံဝင်း ထဲမှာ တောရိုင်းမြေလို မြက်ပင်ရှည်များ ထူထပ်နေသည်။ ခြေရင်း ဘက်မှာ ရေကန်တစ်ခုရှိပြီး ထိုရေကန်၏အပေါ်သို့ ဝါးပင်ရှည် ကိုင်းကိုင်းကြီးများက အုပ်မိုးဆီးကာထားသည်။





တိတ်ဆိတ်သော ညဥ့်ယံတချို့မှာ ဤခြံ၊ ဤအိမ်ကြီးအတွင်းမှ တစ်ခါတစ်ရံ ညည်းတွားသံများ၊ တစ်ခါတစ်ရံ ဝုန်းဒိုင်းဆူညံသံများ၊ တစ်ခါတစ်ရံ အထိတ်တလန့် အော်ဟစ်သံများ ထွက်နေတတ် သည်။

"ဟောဒီမှာ သူခိုး၊ သူခိုး၊ သူခိုးဗျို့ ဖမ်းကြပါဗျို့"

တစ်ရပ်ကွက်လုံးအိပ်မောကျနေသောအချိန်မျိုးမှာ အလန့် တကြားအော်လိုက်၍ တစ်ရပ်ကွက်လုံး သူခိုးလိုက်ရသည်လည်းရှိ သည်။ အိမ်တိုင်းမှ သူခိုးဖမ်းရန် တုတ်တပြက်၊ ဓားတပြက် ဖြစ်နေချိန် သူက စောင်ခေါင်းမြီးခြုံ အိပ်နေခဲ့ပြီ။ တစ်ခါတစ်ရံလည်း မီး၊ မီး၊ မီးဗျို့ဟု ညာသံပေးပြီး အော်လေ့ရှိ၍ မကြာခဏလည်းမီး လန့်ခဲ့ရဖူးပြီ။ သူ့ကြောင့် ရပ်ကွက်လည်း မနေရ။ အနီးအပါးမှာရှိ သော ရဲကင်းလည်းမနေရ။ ကြာတော့လည်း သူနှင့်ကျွန်မတို့ရပ် ကွက် အသားကျသွားခဲ့သည်။ သူဘာပြောပြော၊ ဘာဆိုဆိုအမှတ် တမဲ့နေတတ်ကြပြီ။ သူကလည်း မကြာခဏ အကြာကြီးပျောက်နေ တတ်သည်။ သူပျောက်နေလို့လည်း ဘယ်သူကမျှဂရုမထား။ ပြန် လာလျှင်တော့ သူ့ဒဏ်ကိုအခံရဆုံးက ကျွန်မတို့ အိမ်နီးချင်းတစ်စု ပါ။ အမှန်တော့ သူ့မှာအိမ်ထောင်ရှိသည်။ သားသမီးလေးယောက် လည်းရှိသည်။ သူ့မိန်းမသည် သူ့ဒဏ်မခံနိုင်၍ သူ့ကလေး လေးယောက်ပါအပါခေါ်ပြီး အိမ်ပေါ်မှဆင်းသွားခဲ့သည်။ သည် နောက်ပိုင်းမှာ သူပိုဆိုးလာခဲ့သည်။ ညစဉ်လိုလို မူးနေတတ်ပြီး မူးသည့်အခါတိုင်းလည်း ပတ်ဝန်းကျင်ကို ဒုက္ခပေးတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ ငါမူးလာတယ်၊ သူများပိုက်ဆံနဲ့ မူးတာမဟုတ်ဘူး၊ ငါ့ပိုက်ဆံနဲ့ ငါမူးတာ၊ ဘာပြောချင်လဲ၊ ဗိုက်ကောင်းလို့ မားတောင်းသလား၊ ဟေ့. . . လူဆိုတာ လူကဖြစ်တာ × × ×"

ထိုညမျိုးမှာ တစ်ညလုံးအိပ်မရအောင် သူ သောင်းကျန်းနေတတ်သည်။ မီးတထိန်ထိန် သူ့အိမ်ကို မီးလောင်မှာစိုး၍ တစ်ရပ်ကွက်လုံးစောင့်ကြည့်နေသည့်တိုင် သူက သောင်းကျန်းမပျက်။ နံနက်မိုးလင်းပြီဆိုမှဖြင့် သူမဟုတ်သလို အိမ်ရှေ့မှာ မျက်နှာပြောင်နှင့် ရပ်လာတတ်သည်။

"သူငယ်ချင်းရေ ရေတစ်ခွက်လောက်"

သူ့အိမ်မှာ ရေအိုးမရှိ၊ သုံးရေအိုးမပြောနှင့် သောက်ရေအိုးလည်းမရှိ။ ရေချိုးလျှင် ဘယ်မှာချိုးသည်မသိရသော်လည်း သောက်ရေ သုံးရေလိုလျှင် ကျွန်မတို့အိမ်မှာ လာတောင်းတတ်မြဲ။ သူနှင့် ဘယ်သောအခါမျှ သူငယ်ချင်းမဖြစ်ဘူးသော ကျွန်မကို သူငယ်ချင်း တွင်တွင်ခေါ်ရင်း အတောင်းအရမ်းထူတတ်မြဲ။ ကျွန်မကလည်း ပြီးလွယ်စီးလွယ်နှင့် ခေါင်းညိတ်ပြလိုက်သည်။ ချေးအထပ်ထပ်နှင့် အရောင်ပင်မမှတ်မိသောရေပုံးကြီးဖြင့် ရေအိုးထဲနှစ်ခပ်ပြီး ပြန်ထွက်သွားသည်။ သူ့ရေပုံးက အလွန်ဆုံးရှိမှ ရေဖလားငါးခွက်စာခန့်သာရှိမည်။ ထိုရေပုံးသည် သူ့အတွက် သုံးရေလည်းဖြစ် သောက်ရေလည်းဖြစ်သည်။ သည်တော့လည်း တုံကင်အိုးကို လက်ညိုးထိုးပြရင်း မသိလိုက်ဘာသာနေလိုက်ရသည်။ စေတနာမရှိ၍ တော့မဟုတ်။ သူ့ပုံးကြီးကို ကျွန်မရွံသည်။ တစ်ခါတစ်ရံ



ထိုပုံးကြီးနှင့် ခြေဆေးနေသည်ကိုလည်း တွေ့သည်။ သူ့အစဉ်အမြဲလုပ်သော အလုပ်တစ်ခုကရှိသည်။ အိမ်မှာရှိနေစဉ် အရက်မူးသည်ဖြစ်စေ၊ မမူးသည်ဖြစ်စေ သူ့ဘုရားစဉ်လေးမှာ မီးတွေထိန်လင်းအောင် ပူဇော်လျက် စိန္တာမဏိ၊ ရတနာဂုဏ် အစချီရင်း ဘုရားရှိခိုးတတ်သည်က သူ၏ ထူးထူးခြားခြားအကျင့်ကောင်းတစ်ခုပါ။ သည်အတွက်လည်း အိမ်နီးနားချင်းတွေက သူ့အပေါ် သဒ္ဓါထားကြခြင်းဖြစ်သည်။ သူ ရေလာတောင်းလျှင် ကျွန်မတို့မိသားစုချင်း အခြေအတင် စကားပြောရမြဲ။ ကျွန်မအမေက သူ့အတွက် ရေကို လှောင်ရေအိုးထဲမှ ရေကိုပေးစေချင်သည်။ သူ့ပုံးကြီးမသန့်လျှင်တောင် ကိုယ်တိုင်ခပ်ပေးပြီး သူ့ပုံးထဲလောင်းထည့်ရန် ပြောသည်။ သူနှင့်မျက်နှာချင်းဆိုင် စကားပြောရန်ဝန်လေးသော ကျွန်မကလည်းမလုပ်နိုင်။

"ညည်းတို့နှယ်အေ၊ သူ့ခမျာ အမူးသမားပေမယ့် စိတ်ကောင်းရှိရှာပါတယ်၊ သူများရစ်ဖူးတယ်ဆိုတာ မရှိပါဘူး၊ တစ်ခါတစ်ရံမှ တောအော်တောင်အော်ပါ။ ရေသန့်သန့်လေးတော့ သောက်ပါစေ"

ကျွန်မကလည်း အမေ့ကို ဆင်ခြေပေးတတ်မြဲ။

"တုံကင်အိုးကလည်း သောက်ရေကန်ကြီးက လာတာပဲ အမေရယ်၊ ရေလှောင်တာနဲ့ မလှောင်တာဘဲ ကွာပါတယ်၊ သူသောက်နေတဲ့အရက်ကလည်း ဘယ်လောက်များသန့်လို့လဲ၊ တွေ့ရာရေနဲ့ရောနေတာ၊ ရေမသန့်လို့ ပိုးပါလည်း ဒီလောက်ပိုးနေတဲ့အရက်ထဲမှာသေပြီ"

www.burmeseclassic.com

www.burmeseclassic.com



အမြင်ကပ်ရင်းစွဲနှင့် ပြောမိသော်လည်း အမေကတဖျစ်တောက်တောက်၊တစ်ကြိမ်တစ်ခါမျှ စေတနာကွက်သည်လည်းမရှိ။ ထမင်းလာတောင်းသည့်အခါမျိုးမှာလည်း သင့်လျော်ရာဟင်းနှင့် ထည့်ပေးလျှင် အမေမကြိုက်ချင်။ ဟိုဟင်းလေး၊ ဒီဟင်းလေးဖြင့် အမေခပ်ထည့်ပေးနေတတ်သည်။ ဘယ်သောအခါမှ ဆေးပုံမရသော သူ့ဇလုံကြီးက မဲတူးညစ်ပေနေသည်ကိုပင် အမေစိတ်ရှည်လက်ရှည်ဆေးပေးမြဲ။ ပြီးမှ ထမင်းနှင့်ဟင်းကို တစ်ကန့်စီထည့်ပေးတတ်မြဲ။

"အမေ စေတနာကောင်းတာက ကိစ္စမရှိဘူး၊ တော်ကြာမှ အရောဝင်ပြီး အိမ်ပေါ်ထိတက်လာရင် ဘယ်လိုလုပ်မလဲ"

သူက တစ်ခါတစ်ရံ စိတ်ဖောက်ပြန်ပြီး သူ့ကလေးနှင့်မိန်းမထံ သွားပြီး ဆူပူလေ့ရှိသူမို့ ကျွန်မက အမေ့ကို သတိပေးဖြစ်သည်။ အမေကခေါင်းခါသည်။

"ကြည့်နေ၊ ဘယ်တော့မှ ဒီလိုမလုပ်ဘူး"

အမေပြောတာလည်း မှန်ပါသည်။ ရေတောင်းသည်ဖြစ်စေ၊ ထမင်းတောင်းသည်ဖြစ်စေ ခြံဝင်းတံခါးကိုဖွင့်ပြီး ပိတ်ထားသော သံပန်းတံခါးမှသာ တောင်းလေ့ရှိသည်။ ပြီးလျှင် သူ့အိမ်ဘက် ကူးသွား၍ လေ့ကားရင်းမှာ ထမင်းဇလုံချပြီး ကျွန်မတို့အိမ်ဘက် ဦးချကန်တော့လေ့ရှိသည်။ ထိုအခါမျိုးမှာ ကျွန်မရင်ထဲကြည်နူး သလိုလိုဖြစ်မိသော်လည်း အမြဲလိုလို အရက်မူးသောင်းကျန်းနေသော သူ့ပုံကြီးကို မျက်လုံးထဲမှ ဖျောက်ဖျက်မရ။ ကျွန်မကသာ



တစ်ဖက်သတ်ကြောက်နေသော်လည်း သူက ယောင်လို့မှ ကျွန်မကို ရန်မပြုဘူးပါ။ ဘေးချင်းကပ်ရှောင်လျှင်တောင် ကျွန်မမှန်းသိလျှင် ခေါင်းငုံ့သွားတတ်မြဲ။ အရက်သိပ်မူးလာသည့်အခါမျိုးမှာ သူနှင့် အမေ လမ်းမှာဆုံဖြစ်လျှင် လက်အုပ်ချီတောင်းပန် သွားတတ်မြဲ။ သည်အတွက်လည်း အမေရော အိမ်နီးချင်းများပါ သူ့ဂွမှုးကို သည်းခံပြီး စေတနာထားနေခြင်းဖြစ်သည်။ သူမှာ အကျင့်ဆိုး တစ်ခုလည်း ရှိသေးသည်။ သူလာတောင်းတိုင်း ကြည်ကြည်ဖြူဖြူ ပေးတတ်သော အိမ်နီးချင်းများထံမှာ အမြဲတစေ တောင်းရမ်း နေခြင်းမျိုးမဟုတ်ဘဲ တစ်အိမ်စီကိုပင် တစ်လလောက်နေမှ တစ်ခါ တောင်းတတ်ခြင်းဖြစ်သည်။ ဆန်ထုပ်ဆွဲလာပြီး သူကိုယ်တိုင် ချက်သော အခါမျိုးလည်းရှိတတ်သည်။ မီးတထိန်ထိန်နှင့် သူထမင်းချက်နေသောအခါမျိုးမှာ ကျွန်မတို့ အိမ်နီးချင်းများ ခေါင်းကျအောင်မအိပ်နိုင်ဘဲ သူ့ကို စောင့်ကြည့်ကြရသည်။ သို့သော်လည်း ထိုပြဿနာမျိုးတော့ သူက ဖန်တီးလေ့မရှိ။

တစ်ယောက်တည်းနေသော သူ့အိမ်သည်မကြာခဏဆိုသလို ဧည့်သည်တချို့ရောက်တတ်သည်။ သူ၏ သောက်ဖော်သောက်ဖက်များ ဖြစ်ဟန်တူသည်။ သူ့သားအကြီးဆုံး လူပျိုပေါက်အရွယ်လည်း မကြာခဏ ရောက်လာတတ်သည်။

"တကယ်တော့ သူဒီအလုပ်တွေ မလုပ်သင့်တော့ဘူး၊ ဒီလိုလည်း မနေသင့်ဘူး၊ ကိုယ့်မှာက သားလေးက အရွယ်ရောက်နေပြီ။ ကလေးတွေ အတုယူမှားရင်ခက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



အမေသာမက ပတ်ဝန်းကျင်တစ်ခုလုံး ထိုသို့ပြောတတ်မြ။ သူ့သားကြီးက အဖေ့ဆီလာတိုင်း ညနေစောင်းမှလာတတ်ပြီး နေဝင်ရိုးရီ လူလုံးမကွဲမှ ပြန်သွားတတ်သည်။ လာသည့်ပုံစံကလည်း ခိုးကြောင်ခိုးဝှက်ပုံလေးပေါ်နေ၍ ပတ်ဝန်းကျင်ကသနားကြသည်။ ခြေရင်းအိမ်မှ ကြီးစိန်က မုန့်ဖိုးပင် ခေါ်ပေးတတ်သည်။ သူ့သား လာသည့် ညများမှာ သူ့အိမ်ဘက်မှ တဝုန်းဝုန်း၊ တဒုန်းဒုန်း ဆူညံနေ၍ သားအဖချင်း စကားများ၍ ထိုးကြိတ်နေပြီလားဟု ထင်ရသည်။ သို့သော်လည်း စကားသံ ဆူဆူညံညံမကြားရဘဲ ခဏချင်းမှာ ပြန်လည်ငြိမ်သက်သွားမြ။ ယခင်က သူတို့မိသားစုက ကျွန်မတို့ တစ်ရပ်ကွက်ကျော်မှာနေခြင်းဖြစ်၍ သူ့သားသမီးများကို တစ်ရပ်ကွက်လုံး မျက်မှန်းတန်းမိရုံသာ ရှိသည်။ ကြီးစဉ်ငယ်လိုက်ဘယ်သူဘယ်ဝါမှန်းပင် ကွဲကွဲပြားပြားမသိခဲ့။ နောက်ပိုင်း မိဘအမွေဆိုင်အိမ်ကို သူတို့မိသားစုပြောင်းလာမှ ဂယနဏ သိရခြင်းဖြစ်သည်။ သူ့မိန်းမက စကားနည်းပြီး ပတ်ဝန်းကျင်နှင့်အနေစိမ်းသည်။ အရယ်အပြုံးလည်း ရှိခဲလှသည်။ ဒီအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်အောင် သူ့ခမျာ နေမသွားရှာခဲ့။ သူ့ယောကျ်ားအရက်မူးသည့်အခါမျိုးလည်း သူကအေးတိအေးစက်ပါ။ နောက်ပိုင်း သည်းမခံနိုင်၍ ဆင်းလို့သာဆင်းသွားရသည်။ ပတ်ဝန်းကျင်နှင့် ဒွေးရောယှက်တင်မရှိခဲ့။

"ဗျို့ ဦးကျော်အောင်ကြီး၊ ဘာလုပ်နေလဲ၊ အိမ်မှာအလုပ်လေး ရှိလို့ကူပါဦးဗျာ"



ထိုအချိန်မျိုးမှာတော့ ကိုယ်ဖိရင်ဖိကူညီတတ်တာသူ့အကျင့်။ နေ့ရောညပါ မအားမနေလုပ်ပေးတတ်သည်။ လက်သမားပညာကိုလည်း တီးမိခေါက်မိ၍ ရပ်ကွက်ထဲမှာ အိမ်အပြင်အဆင်ရှိလျှင်လည်း တူတစ်ချောင်းခါးထိုးပြီး သူ့အလုပ်လုပ်နေတတ်သည်။ ငွေကြေးရသည် မရသည်တော့ မပြောတတ်။ ညနေပိုင်းမှာ ခြေလှမ်းယိုင်ယိုင်ဖြင့်ရောက်လာတတ်ပြီး တစ်ညလုံးမွှေတော့သည်။ တစ်ခါတစ်ရံ တစ်ညလုံးဆူညံနေ၍ ရဲစခန်းက လာရောက်ခေါ်သည်အထိလည်းရှိသည်။ ထိုညမျိုးမှာ ပတ်ဝန်းကျင်ကလည်း သည်းမခံနိုင်၍ လက်ပိုက်ကြည့်နေတော့သည်။ ရဲစခန်းမှာ နှစ်ည၊ သုံးညအိပ်ပြီး ဘယ်နည်းဘယ်ပုံနှင့်ပြန်လာသည်မသိ၊ အိမ်ပြန်ရောက်လျှင် ထုံးစံအတိုင်းမူးပြန်သည်။ တကယ်တော့ သူသည် အရက်မှလွဲ၍ ဘာကိုမှအာသီသရှိပုံမရတော့။ အရက်၏ကျေးကျွန်လုံးလုံးဖြစ်နေတော့သည်။ တချို့ညများမှာ သူ့အိမ်ဘက်ဆီမှ ဘာအင်းအင်းညည်းညူသံကြားရသည်။

"ဒေါ်လေး ကျွန်တော့်ကိုကယ်ပါဦး၊ မသဇင်၊ ညီလေးဖိုးဆွေ၊ တို့ပါလူး၊ မတူး ကယ်ကြပါဦးဗျာ"

အိပ်ကောင်းချိန်မှာ တရစပ်အော်နေသော သူ့အသံက လူကြားရုံသာရှိသည်။ အိမ်နီးချင်းများက အစပိုင်းမှာ သွားကြည့်ပေးတတ်သော်လည်း အရက်နာကျသည့်အခါတိုင်းလည်း အော်ဟစ်ညည်းညူတတ်သောသူ့ဉာဉ်ကြောင့် နောက်ပိုင်း သိလိုက်ဘာသာနေလိုက်ကြသည်။ ကျွန်မကတော့ ညည်းသံ

www.burmeseclassic.com

www.burmeseclassic.com



ကြားလျှင် စိတ်မသက်မသာဖြင့် အိပ်နိုင်ခဲလှသည်။ ဖြစ်နိုင်လျှင် ထိုညည်းသံကို ကျွန်မ မကြားချင်။ ယောကျ်ားတန်မဲ့မာယာ များသည်ဟု ကျွန်မထင်သည်။ မကြာသေးမီကလည်း သူတစ်ညလုံး ညည်းနေခဲ့သည်။ ယခုတစ်ကြိမ်ညည်းသံက အတော်ကြီးထူးခြား နေသည်။ ယခင်ကို အော်ဟစ်ညည်းညူလိုက်၊ ရပ်သွားလိုက် ညည်းခြင်းမျိုးမဟုတ်ဘဲ တအင်းအင်းနှင့် တရစပ်ညည်းနေခြင်းမျိုး ဖြစ်သည်။ တစ်ခါတစ်ရံ လေးလေးပင်ပင်နှင့်သံရှည်ဆွဲညည်းသံက ဝေဒနာတစ်ခုခုကို ခံစားနေရသလိုမျိုးဖြစ်နေသည်။ ထိုညက ကျွန်မ အိမ်မပျော်။ ယခင်လို တစ်စုံတစ်ယောက်အမည်ကိုခေါ်ခဲ့လျှင် ကျွန်မစိတ်သက်သာရာရမည်ဖြစ်သော်လည်း သူက တအင်းအင်း အသံမှလွဲပြီး ထူးခြားမလာခဲ့။ နောက်ဆုံးတော့ကျွန်မလည်း အိပ်ပျော်သွားခဲ့သည်။ နံနက်မိုးလင်းတော့လည်း သူ့အရိပ် အယောင်ကိုမတွေ့ရသလို ညဦးပိုင်းက သူ့ညည်းသံအတွက် ဘယ်သူကမျှတစ်ခုတ်တစ်ရပြောမနေ၍ကျွန်မလည်း အမှတ်တမဲ့ ဖြစ်သွားခဲ့သည်။

◈ ◈ ◈

လေသင့်တိုင်း ဘာနံ့ကြီးမှန်းမသိ။ နှာခေါင်းကို လာလာရိုက် သည်။ ခြံထဲမှပန်းတွေလည်း ထိုအနံ့ကို မအုပ်နိုင်။ ညှီစို့စို့ပုပ်အီအီ အနံ့ကြီးက အော်ဂလီဆန်ဖွယ်ကောင်းသည်။ ကျွန်မတို့အိမ်မှ



မဟုတ်။ လမ်းထဲမှ လေသင့်ရာအိမ်တိုင်းလည်း ဒီအနံ့ကြီးကို ရနေ ကြသည်။ ချောင်း၊ မြောင်းတွေရေပြည့်နေချိန်ဖြစ်၍ ချောင်းထဲမှ တစ်စုံတစ်ရာမျောလာပြီး တစ်ခုခုနှင့်ငြိနေ၍ စွဲစွဲမြဲမြဲနံနေခြင်း လည်း ဖြစ်နိုင်သည်။ တချို့ယောကျ်ားသားများ ချောင်းဘက်ဆင်း ရှာကြသည်။ သို့သော်လည်း အနံ့ကြီးက စွဲမြဲနေဆဲ။ ချောင်းထဲမှာ လည်း ဘာမှမရှိ။

"ဟာ ဒီမှာ ဒီမှာ ဦးကျော်အောင်ကြီး"

အထိတ်တလန့်အော်လိုက်သံက နေဝင်းရီတရိုးမှာဖြစ်သည်။ အသံကလည်း အာခေါင်ခြစ်အော်လိုက်သော အလန့်တကြား အော်သံ။ အော်သူက သူ့တူအရင်းခေါက်ခေါက်ဖြစ်သည်။ အချိန် နှင့်အော်သံကြောင့် အားလုံး အလန့်တကြားထွက်ကြည့်ကြသည်။

"ဒီမှာ ဒီမှာ ဦးကျော်အောင်ကြီး သေ သေနေတယ် ပုပ် ပုပ်နေပြီ"

"ဟာ"

အားလုံး၏ အာမေဍိတ်တွေ ထွက်ကျလာသည်။ ယောကျ်ား သားမှန်သမျှ အလျှိုလျှို သူ့ခြံဝင်းထဲရောက်ကုန်သည်။ မိန်းမတွေ က စုပ်တသပ်သပ်ရှိကြသော်လည်း ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ရုပ်အလောင်းကိုတော့ ကြည့်ချင်စိတ် ရှိကြပုံမရ။ အိမ်ထဲမှာသာ မျှော်ကြည့်ငေးမောရင်း အံ့သြနေကြသည်။

"ဝဋ်ကျွတ်သွားတာပေါ့လေ"

www.burmeseclassic.com

www.burmeseclassic.com



"အမူးသမား ဇာတ်သိမ်းကတော့ ဒီအတိုင်းပဲဖြစ်မှာပေါ့"

"တို့ရပ်ကွက်ကတော့ နားအေးသွားပြီ"

လူမသိ၊ သူမသိ သူ့သေခြင်းနှင့်ပတ်သက်၍ အမျိုးမျိုးမှတ်ချက်တွေချနေသော်လည်း ကျွန်မရင်ထဲ တလှပ်လှပ်ဖြစ်နေခဲ့သည်။ ကျွန်မ သူ့ညည်းသံကို နားနှင့်ဆတ်ဆတ်ကြားခဲ့ရသည်။ ထိုအချိန်က သူ၏နောက်ဆုံးအချိန်လား၊ ဒါမှမဟုတ် နောက်နေ့အထိ သူ့အသက်ရှင်နေလား။ ရေရေရာရာ ကျွန်မမသိချင်လှသည်။ ဘယ်လောက်ပဲမူးမူး လုပ်စရာကိုင်စရာရှိလျှင်အပြေးအလွှားရောက်သွားတတ်သော သူ့အပေါ် အိမ်နီးချင်းတွေကရော တာဝန်ကျေပါရဲ့လား။ ထမင်းတစ်ဆုပ်၊ ရေတစ်ခွက်ဖြင့် အိမ်နီးချင်းတာဝန်ကျေပွန်ပြီလား။ ကျွန်မရင်ထဲ အတွေးတွေ ပလုံစီထနေသည်။ အမှန်အတိုင်းဝန်ခံရလျှင် သူ့ညည်းသည့်ညက ကျွန်မစိတ်ထဲ စနောင့်စနင်းဖြစ်မိသည်က အမှန်ပါ။ အိမ်မှာယောကျ်ားသား တစ်ယောက်တလေရှိသည်ဆိုလျှင် ကျွန်မ စေလွှတ်ကောင်းစေလွှတ်ပါလိမ့်မည်။ ခက်သည်က ကျွန်မအိမ်သည် ယောကျ်ားသားဆို၍ အသက်ငါးနှစ်အရွယ် ကျွန်မတူလေးသာရှိသည်။ နံနက်ပိုင်းတွင်လည်း ကိုယ့်တာဝန်ကိုယ့်အလုပ်တွေက ဇယ်ဆက်သလို တန်းစီနေ၍ စိတ်က သူ့ဆီမရောက်နိုင်ခဲ့။ သူ့အလောင်းကို သူ့အမျိုးတွေရောက်လာမှ ဝိုင်းသယ်မကြသည်။ သားသမီးများနှင့် သူ့မိန်းမလည်း ဝတ်ကျေတန်းကျေ ရောက်လာပါ၏။ သို့သော်လည်းခဏသာ။ အလောင်းကိုချက်ချင်းမီးသင်္ဂြိုဟ်၍ ထိုညတွင်းမှာပင် အသုဘအိမ်သည် ပြန်



လည်ဆိတ်ငြိမ်သွားခဲ့သည်။ မီးရောင်လ[illegible]ခဲ့ရသော ထိုအိမ်လေးကို ကျွန်မ စူးစိုက်ငေးကြည့်ရင်း ရင်နင့်နေခဲ့သည်။ ရက်လည်ဆွမ်းကျွေးသည့်နေ့မှာတော့ သူ့အိမ်လေးက ပြန်လည်အသက်ဝင်လာသည်။ သူ့သူငယ်ချင်း အပေါင်းအသင်းတွေလည်း တရားနာလာကြသည်။ မျက်နှာကြီးမှုံးဖြစ်သော သူ့ဆွေမျိုးအသိုင်းအဝိုင်းသည် တစ်အိမ်ဆွမ်းတစ်အုပ်ကျယူလာ၍ တရားနာရေစက်ချသည်။ ပြီးတော့ အိမ်ကလေးပိတ်ပြီး ပြန်သွားကြသည်။ နောက်ဆုံးကျန်ခဲ့သည်က သူ့အပေါင်းအသင်း တစ်စု။

"ဒေါ်လေး၊ ရေလေးနည်းနည်းလောက်"

သူရှိစဉ်ကလိုပင် ကျွန်မအိမ်မှာ ရေလာတောင်းပြန်သည်။ အမေက သူ့စိတ်တိုင်းကျ လှောင်ရေအိုးထဲမှ ခပ်ထည့်ပေးနေသည်။ ပြီးတော့ ထိုအမူးသမားနှင့်ပင် စကားလက်ဆုံကျနေသေးသည်။

"ဒေါ်လေးရယ်၊ ကျွန်တော့်သူငယ်ချင်းက အမူးသမားဆိုပေမယ့် စိတ်ရင်းကောင်းလေးရှိပါတယ်။ ဒီကောင်က အရက်သောက်တဲ့နေရာမှာ ပိုက်ဆံနဲ့သောက်တာ မဟုတ်ဘူးဗျ၊ လုပ်အားနဲ့သောက်တာ၊ ရတဲ့ပိုက်ဆံကို မိန်းမနဲ့ ကလေးတွေဆီပို့တာ၊ ဒီကြားထဲ သားအကြီးကောင်က မကြာမကြာ ဗီဒီယိုဖိုး လာလာတောင်းတော့ အဖေဆိုတော့လည်း ပေးချင်တာပေါ့ဗျာ၊ အိမ်ကခင်းထားတဲ့ ဖျဉ်ကအစ ခွာရောင်းပေးတာ၊ ဘယ်မှာလာကျန်တော့လို့လဲ ဘုန်းကြီးတောင် မနည်းထိုင်ပြီး တရားဟောသွားရတာ ဟီး ဟီး ဟီး ဟင့် . . . ပြောရင်း စိတ်မကောင်းဘူးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



အမူးငိုလား။ ညာငိုလားတော့မသိ။ ငိုတော့ငိုနေခဲ့ပြီ။ ကျွန်မကတော့ အခင်းမဲ့အိမ်ကလေးကိုကြည့်ရင်း စိတ်အစဉ်က အတွေးများဖြင့် ညစ်ထည်းနောက်ကျိနေတော့သည်။

❖ ❖ ❖ ❖ ❖

## ကြီးတစ်ခါ ငယ်နှစ်ခါ

ဘွားဖြူစိတ်တွေ ကယောင်ချောက်ချားဖြစ်နေသည်။ ဘယ်လိုမှလည်း အိပ်လို့မရ။ ရင်ထဲလည်း နာကျင်လှသည်။ အနားမှာရှိနေသော စောင်ခေါက်လေးကို ရင်ဘတ်အောက်ခုကြည့်သည်။ မရ။ အိမ်ရှေ့ဘိုးသောင်း အိပ်ရာဆီသွားမည် စိတ်ကူးလိုက်သည်။ ဘိုးသောင်းကို နှိုးပြီးပြောရလျှင်ကောင်းမည်လား။ ရင်ဘတ်အောက်မှ စောင်ခေါက်လေးကို ခွာလိုက်သည်။ လက်ကလည်း ခေါင်းရင်း မီးခလုတ်ဆီစမ်းမိသည်။

"အို ဖြစ်သေးပါဘူး"

ဘွားဖြူလက်ကို ပြန်ရုပ်လိုက်သည်။ ယောက်ျားဆိုသည်က ရှုးရှူးဒိုင်းဒိုင်း သဘာဝရှိသည်။ ဒီလို ကိစ္စမျိုးက ပိုဆိုးသည်။ ထိုခဏ အိမ်ရှေ့ဘိုးသောင်းအိပ်ရာဆီမှ ချောင်းဟန့်သံကြား၍ ဖွားဖြူ ထိတ်ခနဲ ရင်ခုန်သွားသည်။

"ဘုရား × × × ဘုရား"

ဘွားဖြူ ဘုရားတမိသည်။ စောစောပိုင်းက နှိုးမည်စိတ်ကူးသည်။ ယခုအချိန်မှာတော့ နှိုးမှာကြောက်မိပြန်သည်။ မစော်တဆ



www.burmeseclassic.com

www.burmeseclassic.com



နှိုး၍ အပေါ့အပါးသွားလျှင် တော်ပါ၏။ အခါတိုင်းလို စိတ်ကူးရပြီး အပေါ်ထပ် မီးတက်ဖွင့်တာမျိုးဆိုလျှင် ခက်မည်။ အဖေဆိုသည်က သမီးတွေကို အချစ်ကြီးတတ်သည်။ ဒေါသနှင့် ပေါက်ကွဲလျှင် ခက်မည်။ ဒီလိုတော့လည်း အဖြစ်မခံနိုင်။ ကိုယ့်သမီးလေး ဒီအသက်အရွယ်မှ ဂုဏ်သိက္ခာပွန်းပဲ့တာမျိုး။ အဖြစ်မခံချင်။ ပြောရလျှင် သမီးကလိမ္မာရှာသည်။ သူ့ကိုယ်သူ အစွန်းအထင်းမရှိအောင် နေတတ်သူ။ မိဘညီအစ်ကို မောင်နှမအပေါ်လည်း အပူတစ်စပေးသူမဟုတ်။ သူကသာ ဖြည့်ဆည်းကူညီတတ်သူ။ အငယ်ဆုံးဆိုသော်လည်း အားလုံးထဲမှာ လိမ္မာရေးခြားရှိ၍ အဆုံးအမလွယ်ခဲ့သည်။ အခုအသက်အရွယ်ရောက်မှ ဘာစိတ်ကူးပေါက်ပြီး ဒီလို အချိုးမျိုးချိုးသည်မသိ။ တကယ်ဆို ကိုယ်ဖြစ်စေချင်သည့်ဆန္ဒကို အမေမပြောရဲသည့်တိုင် အစ်မတွေနဲ့တိုင်ပင်သင့်သည်။ ခုလို ရှုးရှူးမိုက်မိုက် အကျင့်စရိုက်က ကလေးကလားဆန်လွန်းသည်။ သူ့ဂုဏ်သိက္ခာကို နည်းနည်းလေးမှမစဉ်းစားတော့ပြီလားမသိ။

တွေးရင်းမှ ဘွားဖြူဒေါသတွေဆန့်ထွက်လာသည်။ ခန္ဓာကိုယ်ကို တစ်ဖက်စောင်းလိုက်၍ လွတ်နေသော အိမ်ရာကိုလက်ကစမ်းမိပြန်သည်။ ထိုအတွေ့က ဘွားဖြူစိတ်ကို ပိုပြီးနှိုးဆွစေသည်။ တစ်သက်လုံး အမေ့ဘေးမှာ တိုးခွေအိပ်တတ်သူ ငယ်စဉ်ကတည်းက အဝေးတစ်နေရာရောက်ချိန်မှလွဲပြီး အိမ်မှာရှိနေစဉ် အမေနှင့် တစ်ညတစ်လေမှ ခွဲမအိပ်တတ်၍ အဖေလုပ်သူပါ အိပ်ရာခွဲပေး



ခဲ့ရသည့်သမီး။ မှတ်မှတ်ရရ သူအရွယ်ရောက်စက ဘွားဖြူအိပ်ရာခွဲသိပ်ဖူးသည်။ သူကလည်း ကျေကျေနပ်နပ် အိပ်ရှာပါ၏။ ဒီတော့လည်း အဖေလုပ်သူက လျှော့ပေးရှာသည်။

"နင်တို့သားအမိပဲ အိပ်ပါတော့ဟာ"

ထိုအချိန်ကတည်းက အိမ်တွင်းအိမ်ပြင် အိပ်ယာခွဲအိပ်သည်က ယခုအချိန်ထိ။ အိပ်ခန်းတွင်း နှစ်ယောက်အိပ်ခုတင်ကြီးမှာ သမီးနှင့်အတူအိပ်ပြီး ဘိုးသောင်းက အိမ်ရှေ့ခန်း တစ်ယောက်အိပ်ခုတင်မှာ အိပ်ရှာသည်။ အရွယ်လေးရလာ၍ တရားဘာဝနာလိုက်စားမိချိန်မှာ သမီးကိုပင် ကျေးဇူးတင်မိသည်။ သမီးကို ဖက်တွယ်အိပ်စက်ရင်း ဘွားဖြူစိတ်တွေ ငြိမ်းချမ်းလုံခြုံလှသည်။ သမီးခရီးသွားသောညမျိုးမှာ ဘွားဖြူစိတ်ထဲ တစ်ခုခုလစ်ဟာသလို ခံစားရသည်။ သမီးကလည်း ခရီးရောက်မဆိုက် အမေ့အား တိုးဝင်ကပ်တွယ်မြဲ။ ယခုလို အဖြစ်မျိုး၊ အပြုအမူမျိုးကို သမီးလုပ်လိမ့်မည်ဟု ဘွားဖြူယောင်လို့မျှ မတွေးဖြစ်ခဲ့။ မျက်စိနှင့် တပ်အပ်မြင်လိုက်၍သာ ယုံရသည်။ အမေ့ကိုတော့ အယုံသွင်းခဲ့သည်။ ဘာတဲ့။

"အမေ သမီးအပေါ်ထပ်မှာ စာသွားဖတ်ဦးမယ်"

"အောက်မှာဖတ်ပါလား သမီးရယ်"

ဘွားဖြူတို့နှစ်ထပ်အိမ်က ကျယ်လည်းကျယ်ပါ၏။ အပေါ်ထပ်အခန်းသုံးခန်းက အိပ်မည့်သူမရှိ။ အောက်ထပ်မှာသာ စုရုံးနေကြ၍ အပေါ်ထပ်ကြီးက ခြောက်ကပ်ကပ်ကြီး ဖြစ်နေသည်။ သမီးကိုလည်း ဘွားဖြူစိတ်မချ၍ အောက်မှာပင် ဖတ်စေချင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း သမီးက စာအုပ်တစ်အုပ်ကိုင်ပြီး အပေါ်တက်သွားသည်။ မျှားမကြာမီ ခြေသလုံးဖြူဖြူနှင့် လူတစ်ယောက်လည်း အပေါ်တက်လိုက်သွားသည်။ ဘွားဖြူတအံ့တသြငေးကြည့်ရင်း ကျန်ရစ်သည်။ အပေါ်ထပ်မှာ သမီးရယ်သံကိုပင် ကြားနေရ၍ ဘွားဖြူ နားလည်လိုက်ပါပြီ။ ကိုယ်လည်း ငယ်ရာကကြီးလာသည်ပဲ. . .။

◈ ◈ ◈

ယခုတလော သမီးလတ်တို့သားအမိ အိမ်မှာလာအိပ်နေသည်။ ဘာကြောင့် လာအိပ်မှန်း ဘွားဖြူမသိခဲ့။ ခုတော့ သဘောပေါက်ပြီ။ သူလွတ်လွတ်လပ်လပ်နေချင်၍ အစ်မကို တမင်ခေါ်ထားခြင်းဖြစ်မည်။ သည်မိန်းမကိုလည်း ဘွားဖြူမကျေနပ်။ အလိုတူအလိုပါ လုပ်ရက်သည်။ ကိုယ့်ညီမလေး ခြေလှမ်းမှားနေလျှင် ကိုယ်က ပြင်ဆင်ရမည့်အစား သူကပါ မြှောက်ထိုးပင့်ကော်လုပ်နေပုံရသည်။ မိဘတွေကိုတော့ ဂရုစိုက်ရှာပါသည်။ သူ့လုပ်စာ စားနေသည်ရယ်လို့ ငြိုငြင်တာမရှိ။ လိုလေသေးမရှိ ဝယ်ခြမ်းကျွေးသည်။ အမေ၊ အဖေရယ်လို့ ပါးစပ်ဖျားကမချ။ ဥပုသ်သီတင်းသီလ ယူသည်မှအစ၊ အလှူဒါနအဆုံး ကိုယ်မေ့နေလျှင်တောင် သူ့ဝတ္တရားကမပျက် လုပ်ပေးလေ့ရှိမြဲ။ သည်အတွက် သမီးကို ဘွားဖြူ ပုံအောအားကိုးခဲ့သည်။ ခုမှဘာအချိုးချိုးသည်လဲ။ ဟော . . ကြည့်၊



အပေါ်ထပ်ဆီမှ ရယ်သံတွေ တခစ်ခစ်ကြားနေရသည်။ ပျော်နေသည်ပေါ့။ မိဘရင်ပူမှ သူပျော်ရသည့်ဘဝပေပဲ။ အမေ့ရင်ငွေ့ထက် လုံခြုံသောရင်ခွင်ဟု သူထင်နေပုံရသည်။ သမီးက အရွယ်လေးရှိသော်လည်း အတွေ့အကြုံနည်းပါး၍ အသစ်အဆန်းဖြစ်ပြီး နစ်မျောသွားမှာ ဘွားဖြူ စိုးရိမ်ပါ၏။ သည်အသက်အရွယ်မှ အရှက်တကွဲအကျိုးနည်းဖြစ်မှာ သူ မကြောက်တော့ဘူးလား။

တောင်စဉ်ရေမရ အတွေးတို့ဖြင့် ဘွားဖြူတလူးလူးတလွန့်လွန့်ဖြစ်နေသည်။ ထိုခဏ အိမ်ရှေ့မှ တံခါးခေါက်သံကြားရသည်။ ပြီးတော့ တံခါးဖွင့်သံသဲ့သဲ့ ကြားရသည်။ ဘယ်သူများပါလိမ့် ဘွားဖြူ နားစွင့်ထားသည်။

"ပြန်လာပြီလား"

"အေး . . . အမေတို့ ကောင်းကောင်းအိပ်ရဲ့လား"

"အိပ်ပါတယ်"

အချိုအချအသံကို ကြားနေရသည်။ ဘွားဖြူငေါက်ခနဲထထိုင်လိုက်သည်။ "ငါတောင် မေးခနဲအိပ်ပျော်သွားတယ်၊ ဘယ်လောက်ကြာသွားလဲမသိဘူး။ ဒါပေမယ့် နင်တို့ကျောင်းက ခေါင်းလောင်းသံကြားတာနဲ့ လန့်နိုးလာတော့ တော်သေးတယ်"

"အိပ်လေ၊ ရပါတယ်၊ ဒီလောက်အကြာကြီး ဘယ်သူကထိုင်စောင့်နိုင်မှာလဲ၊ အပြင်မှာ တအားအေးတယ်သိလား၊ အဖေပြန်ရမယ့် ဆရာမတွေ သနားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ၊ နင်တို့ဟာကလည်း နေ့တွေရော၊ ညတွေရော"

"ဘယ်တတ်နိုင်မလဲ၊ အောင်ချက်တောင် ဒီလိုလုပ်မှလည်းရမှာ၊ တချို့ကလေးက ကိုယ့်အသိနဲ့ကိုယ် ကြိုးစားချင်တာမဟုတ်ဘူး၊ ဆရာက တွန်းတွန်းတိုက်တိုက် ပြောနိုင်၊ လုပ်ပေးနိုင်မှ"

စကားသံတွေက ကြားနေရသော်လည်း ဘွားဖြူနားထဲ ကွဲကွဲပြားပြားမရှိ၊ ဖြစ်နိုင်လျှင် နားကြီးကိုဘွားဖြူ ထိုးဖောက်ပစ်ချင်သည်။ ငယ်ငယ်ကတည်းက နားမကောင်း၍ ဖွားဖြူကို မနားပိတ်ဟုခေါ်ခဲ့ကြသည်။ အခုအချိန်မှာတော့ နားတစ်ဖက်က လုံးလုံးမကြားရပြီ၊ တစ်ဖက်ကကြားရသေး၍ စကားပြောလျှင် ထိုတစ်ဖက်ကိုလှည့်ထားရသည်။ ခန္ဓာကိုယ်ကြီးကတစ်စတစ်စ ယိုယွင်းလာခဲ့ပြီ၊ ယိုယွင်းတာလည်းမပြောနှင့်၊ အသက်ကလည်း စကားပြောပြီပဲ၊ ခြင်ထောင်ကို အသာမ,လာ၍ ဘွားဖြူငြိမ်နေလိုက်သည်။

"အမေ၊ အိပ်ပျော်နေပြီလား၊ သမီးလည်းအိပ်တော့မယ်"

ခေါ်သံနှင့်အတူ ဘွားဖြူဘေးမှာခွေခနဲလှဲအိပ်လိုက်သည်၊ ကြည့်ခုတော့လည်း သူမဟုတ်သလို။ သည်လိုတော့ ဘယ်ရမလဲ၊

"ညည်းဒီမှာမအိပ်နဲ့၊ အပြင်မှာသွားအိပ်"

"ဟင်၊ အမေမအိပ်သေးဘူးလား၊ သမီးကအိပ်နေပြီမှတ်တာ၊ အမေဘာဖြစ်လို့လဲဟင်"

သမီးက ပျာပျာသလဲမေးတော့ ဘွားဖြူပိုပြီး စိတ်တိုရသည်၊ ကြည့်လေ၊ မဟုတ်သလိုနဲ့ ဟန်ဆောင်နေတဲ့မိန်းမ။

"အိပ်ခိုင်းမလားအေ့၊ ညည်းလုပ်ပုံ ဟုတ်မှမဟုတ်တာ"



"ရှင်"

"ဒီအသက်အရွယ်ရောက်မှ ကိုယ့်ကိုယ်ကိုယ် မဆင်ခြင်တဲ့မိန်းမ"

ဘွားဖြူပြောတော့ သူငေါက်ခနဲ ထထိုင်သည်။

"အမေ ဘာတွေပြောနေတာလဲဟင်၊ သမီးဘာလုပ်မိလို့လဲ"

"ဘာလုပ်မိလဲ ကိုယ်တိုင်သိမှာပဲ၊ ညည်းက မိဘတွေအိုပြီ၊ ဂရုစိုက်စရာမဟုတ်ဘူးလို့ ထင်နေတာလား၊ ညည်းအဖေသိမှာစိုးလို့ ငါ့မှာအောင့်နေရတာ၊ ညည်းအကောင် တက်သွားတာ ငါ့မျက်စိနဲ့မြင်တယ်"

"အယ်. . ."

ဘွားဖြူ လက်တွေ့ကျကျပြောတော့ သင်းမပြောနိုင်တော့ဘူး။

"ညည်းဘာမှ ထပ်မပြောနေနဲ့၊ ညည်းရယ်နေတဲ့အသံကို ငါကြားတယ်"

ဘွားဖြူထပ်ပြောတော့ သမီးက စဉ်းစားနေပုံရသည်။ ဘာတွေအကြံညာဏ်ထုတ်ဦးမည်မသိ။

"အမေ. . . သမီးက. . ."

"တော်ပြီ မပြောနဲ့၊ ဒီအရွယ်နဲ့စကားချိန်းပြောတယ်ဆိုတာ ညည်းဦးနှောက်မရှိတာ၊ မစဉ်းစား၊ မဆင်ခြင်နိုင်တဲ့အရွယ်လည်း မဟုတ်၊ ကိုယ့်အလုပ်အကိုင်လည်း ပြန်ကြည့်ဦး"

သမီးက ဘွားဖြူကို စကားမပြန်နိုင်တော့ဘဲ ခြင်ထောင်အပြင် ထွက်သွားပြီး။ သင်းဘယ်သူ့ကို စစ်ကူခေါ်ဦးမလို့လဲ။ အိမ်ရှေ့က

www.burmeseclassic.com

www.burmeseclassic.com



မိန်းမလည်း အလိုတူအလိုပါပဲ။ ဘွားဖြူစဉ်းစားရင်း ဒေါသထွက်လာ
ပြန်သည်။ အိမ်ရှေ့မှာ တီးတိုးတီးတိုးနဲ့ ဘာပြောနေပြန်သည်မသိ

"ဘယ်လိုဖြစ်တာလဲ"

"နင်ကျောင်းသွားတာ မသိစေနဲ့ဆိုတော့ ငါလည်းအပေါ်ထပ်
မှာ စာဖတ်နေတယ်ပဲ ပြောတာပေါ့၊ ဘယ်လိုမြင်ပြီးပြောနေတာ
လည်းတော့ ငါလည်းမသိဘူး၊ တစ်ခုတော့ရှိတယ်၊ နင်သွားတုန်းက
ငါ မီးတက်ဖွင့်တာတော့ရှိတယ်၊ ဒါကို ခြေသလုံးဖြူဖြူပြောတာဖြစ်
မှာ"

"ခက်ပါတယ်"

သမီးက ခြင်ထောင်ထဲပြန်ဝင်လာပြီး ဘွားဖြူကိုလာဖက်သည်
ဘွားဖြူလက်တွေကို ဖယ်ထုတ်ပစ်လိုက်သည်။

"ညည်း ငါ့နားမကပ်နဲ့၊ ညည်းကို ငါရွံတယ်"

"အမေရယ်. . ."

သမီးက သူ့စောင်ခေါက်ဆွဲယူပြီး ခြင်ထောင်အပြင်ထွက်သွား
သည်။ သည်လိုတော့လည်း ဘွားဖြူစိတ်မကောင်းချင်၊ ဘယ်တတ်
နိုင်ပါ့မလဲ၊ သားသမီးဆိုတာ သည်လိုဆို ဆုံးမနိုင်မှလည်း တော်
ရှိတာ။ ပြောလို့သာ ပြောရသည်။ ဘွားဖြူကိုယ်တိုင်လည်း ရင်ထဲ
တုန်လှသည်။ သည်ညအိပ်လို့ ပျော်ပါဦးမလားမသိ။ စောင်
ရင်ဘတ်ထဲ တင်းတင်းလုံးခုလိုက်သည်။ ရင်တွေက ဖောက်ဖော
ခုန်လှသည်။ မိုးလင်းခဲ့ပါဘိ။

"အမေ ညက အမေ့သမီးလေးကို ဘာတွေပြောနေတာလဲ"



သမီးလတ်က ဘယ်ဘက်နားကပ်ပြီး ဘွားဖြူမကြားကြား
အောင်ပြောသည်။ ဘွားဖြူ ဇဝေဇဝါဖြစ်သွားသည်။ ဘာပြောမိလို့
ပါလိမ့်။

"အမေ ဘာမှမပြောမိပါဘူး၊ ညကလည်း သူ ငါ့ဘေးအိပ်တဲ့
ဟာ"

"မအိပ်ပါဘူး၊ အမေပြောလို့ အမေ့သမီး အပြင်မှာငိုနေတယ်၊
အမေက သူ့ကိုစကားချိန်းပြောတယ် ပြောတာကိုး၊ သူက
ညစာကျက်ဝိုင်း သွားနေတာ"

"အိုတော်၊ ကြံကြီးစည်ရာ ကျုပ်ပြောမိပါဘူး။ စကားချိန်း
ပြောရအောင် ကျုပ်သမီးက ရည်းစားရှိလို့လား၊ ကျုပ်သမီးက ဒါမျိုး
မရှိပါဘူး၊ ကျုပ်ကလည်း ဒါမျိုးမပြောပါဘူး၊ ကိုယ့်ကိုလုပ်ကိုင်ကျွေး
နေတာ ဒါလေးတစ်ယောက်ရှိတဲ့ဟာ၊ ညည်းတို့ အိမ်ထောင်
သားမွေးလုပ်နေရင် ကျုပ်တို့ ဘယ်သူကလုပ်ကျွေးမလဲ"

ဘွားဖြူပြောတော့ သမီးလတ်ကရယ်နေသည်။ ဒီမိန်းမ ဘာ
တွေပြောမှန်းမသိ။ ဘုလုံးနားမထွင်းပြောချင်ဦး၊ ကိုယ့်ညီမ မျက်နှာ
ထောက်သင့်သည်။ ဟိုက စိတ်မကောင်းလျှင် ဒိုးဒိုးဒေါက်ဒေါက်
ပြန်ပြောဦးမည်။ အို . . . ခက်ပါဘိ၊ သားသမီးတွေမတောင်းပုံ
များ သင်းတို့အကြောင်းတွေးလျှင် အကုသိုလ်ပွားသည်။ ဒီအသက်
အရွယ်က အကုသိုလ်ပါးအောင်နေမှ တော်ရုံရှိသည်။ ဘွားဖြူ
ဘုရားပန်းလဲရန် ဘုရားပန်းခူးမည့်အကြံနှင့် ခြံထဲဆင်းလာသည်။
သမီးလတ်က နောက်မှ ထပ်ကြပ်မကွာလိုက်လာသည်။

www.burmeseclassic.com



"အမေ ဘယ်သွားမလို့လဲ"

"ဘုရားပန်းလဲမလို့အေ့"

"ခုလေးတင်လဲပြီးပြီလေ"

"မဟုတ်သေးပါဘူးအေ၊ ငါ မလဲရသေးဘူး၊ ငါသိတာပေါ့"

ဘွားဖြူစိတ်တိုပြန်သည်။ ခုမှ ဘုရားပန်းခူးမည့်ဟာ၊ သင်းက လဲပြီးပြီတဲ့၊ ဒီမိန်းမ ဒီနံနက်ဘာတွေရှုပ်နေမှန်းမသိ။

"အစ်မလတ်ကလည်း အမေလဲချင်လဲပါစေ၊ တစ်ခါ ဘုရားပန်းလဲ တစ်ခါကုသိုလ်စိတ်ဖြစ်တာပေါ့၊ ညတိုင်းဆိုလည်း ခဏခဏ ဘုရားရှိခိုးတာ မကြားဘူးလား"

သမီးငယ်က ဘာတွေတီးတိုးပြောလိုက်သည်မသိ သင်းငြိမ်သွားသည်။ ဘွားဖြူသမီးမျက်နှာကို စေ့စေ့ကြည့်လိုက်သည်။ သမီးမျက်နှာက နီတီတီမို့အစ်အစ်ဖြစ်နေသည်။ သမီးဖျားသလားမသိ။ ဘွားဖြူလက်က သမီးနဖူးပေါ်ရောက်သွားသည်။ သမီးခေါင်းငုံ့နေသည်။ မျက်နှာလည်းမသာယာလှ။ ခါတိုင်းဆိုလျှင် အမေ့ခါးကို ဖက်ပြီး ကလေးတစ်ယောက်လို ယီးလေးခိုလမ်းလျှောက်တတ်မြဲ

"သမီး မျက်နှာလည်းမလန်းဘူး၊ ဘာဖြစ်လဲ"

"ဘာမှမဖြစ်ပါဘူး အမေ"

"ဘာမှမဖြစ်ဘူးတာဆိုတယ်အေ၊ မျက်နှာက သိသာပါတယ်၊ ညည်းတို့လည်းအကြောင်းတစ်ခုရှိ မိဘကိုမတိုင်ပင်ဘူး၊ မိဘဆိုတာ တစ်စုံတစ်ခုဆို သားသမီးရှေ့က နေပြီးသားပဲ"



သမီးကပြုံးသည်။ ဒါ သရော်ပြုံးပေါ့လေ။ ခွင်းတို့အား အသက်ကြီးပြီဆိုပြီး မခန့်လေးစားလုပ်ချင်သည်ပေါ့။ ကြောင်အိုတော့ ကြွက်မလေး၊ လူအိုတော့ လူမလေးဆိုတာ ဒါမျိုးထင်ရဲ့။ ဘွားဖြူဝမ်းနည်းချင်သည်။

"အမေဖို့ သမီးမုန့်ဟင်းခါးပြင်ထားတယ်၊ အမေစားလိုက်ဦးနော်"

"ဘာမုန့်ဟင်းခါးလဲ၊ ကျုပ်နံနက်တိုင်း ထမင်းကြမ်းနဲ့ မှိုတာ စားပြီးတဲ့ဟာ၊ ခုမှ မုန့်ဟင်းခါးလုပ်နေတယ်"

"အမေပဲ နံနက်တိုင်း မုန့်ဟင်းခါးစားရတာ မမုန်းဘူး၊ ဒါပဲ စားဝင်တယ်ဆို"

"အိုတော် ပြောမိပါဘူး၊ ကျုပ် တစ်သက်လုံး ထမင်းကြမ်း စားလာတာ"

"ကဲပါအမေရာ၊ ထမင်းကြမ်းစားလည်း မုန့်ဟင်းခါးတော့ စားလိုက်"

သမီးက ဘွားဖြူလက်မောင်းကိုင်ပြီး ထမင်းစားပွဲဆီဆွဲခေါ်လာသည်။ စားမည်ဆိုတော့ စိတ်ကမဖြောင့်ချင်။ ဟိုအကောင်တွေ ဘယ်သူ့တုံး။ ဘွားဖြူမှာမြေးငယ်တွေရှိသေးတာ။

"ငပုံရေ၊ ငတုံရေ"

အင်း ဟုတ်တယ်၊ သင်းတို့နှစ်ယောက်ပဲ။ ဘွားဖြူ ကိုယ့်ဝမ်းကိုယ်စားမဝင်။ မြေးတွေကို ကျွေးချင်သည်။ ကလေးဆိုတာ ကိုယ်ကျွေးမှစားရတာ၊ စားချင်ရှာမည်ပေါ့။ သမီးက ဘွားဖြူလက်ကို ဆွဲထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဝမ်းကိုယ်စားပါ အမေရယ်၊ ကလေးတွေ သူ့ဟာသူ စားပါလိမ့်မယ်၊ သမီးမုန့်ဖိုးပေးလိုက်တယ်"

ဘွားဖြူ ပန်းကန်တစ်ချပ်ကိုဆွဲယူပြီး တစ်ဝက်ခွဲထားလိုက်သည်။ မြေးလေးတွေ စားချင်စားပါစေပေါ့။

"အမေတို့နဲ့တော့ အဲဒါခက်တာပဲ၊ ဖြောင့်ဖြောင့်မစားနိုင်ဘူး၊ မုန့်ဖိုးဆိုလည်းပေး၊ ကြာရင် ကလေးတွေ ပိုက်ဆံကို တန်ဖိုးထားမှာ မဟုတ်ဘူး"

ပိုက်ဆံတဲ့။ ဘွားဖြူနားထဲကြားလိုက်သည်။ ဘွားဖြူကို ပိုက်ဆံ ပေးရကြောင်း ပြောနေခြင်းဖြစ်မည်။ သူတို့ပေးတဲ့ မဖြစ်စလောက် ပိုက်ဆံလေးကိုပဲ ထည့်ထည့်ပြောနေသည်။

"ညည်းပိုက်ဆံ ငါဘာမှမလုပ်ပါဘူးအေ၊ ဘုရားပေးပေး၊ ကျမ်းပေးပေးပါ။ ညည်းကလည်း ငါ့ကို ဘယ်လောက်များများပေးထားလို့လဲ"

"ပေးပါတယ် အမေရယ်၊ ဟိုနေ့ကပဲ အမေအလှူခံလောင်းဖို့ဆိုပြီး သုံးထောင်ထည့်ပေးထားတယ်"

"အလိုတော်၊ ညည်းပိုက်ဆံ ဒီမှာရှိပါ့၊ ဟောဒီမှာ သုံးရွက် အရာမယွင်းပါဘူး"

ဘွားဖြူက အတွင်းခံအိတ်ထဲ အလျင်စလိုနှိုက်ပြလိုက်သည်။ အမှန်လည်း သုံးရွက်က အရာမယွင်း၍ ဘွားဖြူပြောအားရှိသည်ပေါ့။ တကယ်တော့ သူ့သုံးရွက်က ရာတန်သုံးရွက်ပါ။



"အမေ အိမ်ရှေ့ကဆိုင်မှာ အနှုတ်လဲပြီး ကလေးတွေ မုန့်ဖိုး ပေးပစ်တာ သမီးသိပါတယ်"

ဘွားဖြူ ဝမ်းနည်းသွားသည်။ ကိုယ်လုပ်နိုင်စဉ်က ပိုက်ဆံဆို အိတ်ထဲအပြည့်ထည့်ပြီး သားသမီးတွေကိုနှိုက်ပေးနေကျ။ သင်းတို့ လုပ်စားတော့ လေယံကတစ်မျိုးဖြစ်လာသည်။

"အေးပေါ့အေ၊ ညည်းတို့လက်က အပေါ်ကဖြစ်သွားတော့ ပြောအားရှိတာပေါ့၊ ကျုပ်လက်က အပေါ်နေတုန်း ညည်းတို့ ဘယ်နှခါ တောင်းခဲ့ရတုန်း၊ ကျုပ် အမြဲဖြည့်ပေးနေကျ"

မုန့်ဟင်းခါးလည်း စားချင်စိတ်မရှိတော့။ ဘွားဖြူရင်ထဲ လှပ်လှပ်ဝမ်းနည်းလာသည်။ ဘွားဖြူအိမ်ရှေ့ထွက်လာခဲ့သည်။

"အမေဘယ်သွားမလို့လဲ၊ မုန့်ဟင်းခါးစားနော်"

သမီးက သူ့မှားမှန်းသိ၍လိုက်ချော့နေသည်။ ပါးစပ်ထဲအထိ ခွံ့ပေးလာတော့ ဘွားဖြူ စားလိုက်ရသည်။

"သမီးအမေ ဘာဖြစ်ပြန်ပြီလဲ၊ စိတ်ကောက်ပြန်ပြီလား"

ဘိုးသောင်းက သမီးဖြစ်သူကို တီးတိုးမေးသည်။ ဒီလူ ဒီအကျင့်ပဲ၊ ဘွားဖြူ မျက်စောင်းခဲလိုက်သည်။ သူကရော ဘာထူးလို့လဲ၊ အမြဲတမ်း ဒုက္ခညည်းနေတတ်တာ။ နံနက်စောစော မတ်ခွက်ကြီးနဲ့ ကော်ဖီတစ်ခွက်ဖျော်ပြီး တစ်နင့်တစ်ပိုးစားသောက်ပြီး ငိမ်ရှုံ့နေတဲ့သူ၊ ဘွားဖြူ ဘယ်သူ့ကိုမျှ အကောင်းမမြင်တော့။ သူက ဒီအိမ်မှာ အပယ်ခံဖြစ်နေသည်ဟု ဘွားဖြူထင်သည်။ မုန့်ဟင်းခါး စားပြီးတော့ ဘွားဖြူအိမ်ရှေ့ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုလူ ကိုသောင်း"

ဘိုးသောင်းက ခုတင်မှာ ကျောဆန့်ရင်း ဘွားဖြူ့ခေါ်တော့ လှမ်းကြည့်သည်။

"ဘာလဲ မဖြူ"

"တော် စပါးသွားရောင်း"

"ဘယ်လို ဆားသွားတောင်းဟုတ်လား"

ဘိုးသောင်းက မျက်မှောင်ကျုံ့ပြီးပြန်ကြည့်နေသည်။ ဒီလူ ဘယ်လိုပါလိမ့်။ အူကြောင်ကြောင်နိုင်လှသည်။ နားကလည်း လေးလွန်းသည်။ စကားပြောတော့လည်း လေးလုံးမကွဲ၊ ဘာကောင်း တာရှိလဲ။

"တော့်ကိုပြောရတာလေ ကျုပ်စိတ်ကုန်တယ်သိလား"

"တော်ရုံအကြောင်းကိစ္စဆို လူသိတယ်၊ တော့်ကို ပိုက်ဆံ အသုံးပြတ်လို့ စပါးသွားရောင်းခိုင်းတာတော့"

"ဩော် စပါးလား၊ စပါးရောင်းရအောင် ဘယ်မှာလာ စပါး ပေါ်သေးလို့လဲကွာ၊ မဟုတ်တာ"

"ဘာ အခု စပါးမပေါ်သေးဘူးလား၊ တော် ဘာတွေဖြစ်နေ တာလဲ"

"ဟာ မဖြူရာ နင်လည်း အတော်ပြောရခက်တာပဲ၊ ဒီရာသီ ကြီး စပါးရှိပါ့မလား"

ဘွားဖြူ အံ့ဩသွားသည်။ ဒီရာသီ စပါးမရှိတဲ့၊ ဒီရာသီက ဘာရာသီမို့လဲ။ ရာသီတွေလည်း ဘွားဖြူမသိတော့။ သမီးကိုမေး



မည်လုပ်တော့ သမီးက ပြုံး၍စိုက်ကြည့်နေသည်။ ဘွားဖြူ့စိတ်တွေ ရှုပ်ထွေးသွားသည်။

"အမေ၊ မုန့်ဟင်းခါးစားပြီး ဆေးသောက်ဦးနော်"

ဆေးတဲ့၊ ဘွားဖြူ့ဘယ်တုန်းကဆေးသောက်ရလို့လဲ။ သမီးက ဆေးတစ်ခြမ်းနှင့် ရေတစ်ခွက်လာပေးသည်။

"ငါက ဘာဖြစ်လို့ ဆေးသောက်ရမလဲ"

"အမေ နေ့တိုင်းဆေးသောက်ရတယ်လေ"

ဘွားဖြူ့စိတ်ညစ်သည်။ ပြန်စဉ်းစားကြည့်တော့လည်း ဇဝေ ဇဝါ။ ဆေးယူသောက်ပြီး ဘွားဖြူ့အိမ်ရှေ့သံပန်းတံခါးကို ဖွင့်ထွက် လိုက်၍ သမီးက အမောတကောပြေးလိုက်လာသည်။

"အမေဘယ်သွားမလို့လဲ"

"ညည်းတို့ကလဲအေ၊ ငါ့ပဲလိုက်ကြည့်ပြောနေ၊ ငါလည်း အညောင်းပြေ အညာပြေ လမ်းလျှောက်ဦးမှာပေါ့"

သမီးက ခေါင်းကုတ်သည်။

"ဒါဆိုလည်း ခြံထဲမှာပဲလျှောက်ပါအမေရယ်၊ အပြင်ထွက် သွားရင် ဟိုတစ်ခါလို အမေမျက်စိလည်သွားမှာစိုးလို့ပါ"

"ကြုံကြီးစည်ရာအေ၊ ညည်းတို့တွေကြံဖန်ပူတယ်။ ကျုပ် ဘယ်တုန်းကမျက်စိလည်ဖူးလို့လဲ"

ပြောပြောဆိုဆို ဘွားဖြူ့ထွက်လာတော့ သမီးသက်ပြင်းချရင်း ကျန်ရစ်သည်။ ဘွားဖြူ့ခြံဝန်းတံခါးမှ လမ်းမဆီထွက်လိုက်သည်။ ချောင်းတစ်ဘက်ကမ်းမှာ လယ်ကွင်းများတွေ့၍ ဘွားဖြူ့ဆီလွှမ်း

www.burmeseclassic.com

www.burmeseclassic.com



လှသည်။ ကြည့်ပါဦး လယ်ကွင်းတွေက စိမ်းစိမ်းစိုစိုနှင့် ဘွားဖြူ မျက်စိထဲအေးလှသည်။ ဘွားဖြူ ရွာဘက်ဆီ မျှော်ကြည့်လိုက်သည်။ ဒီကနှစ်မိုင်ခန့်ဝေးသော ကမ်းမြောင်ရွာလေးက ဘွားဖြူဇာတိပါ။ ဒီရွာလေးမှာ ဘွားဖြူသမီးတွေရှိသည်။ သူတို့ နေစိမ့်ကြသည်။ ကိုယ့်ညီမအပျိုလေးနှင့် မိဘနှစ်ပါး ဒီအိမ်ကြီးမှာ ဘယ်လိုနေထိုင်စားသောက်ပါလိမ့်ဟု သူတို့မတွေး။ သူတို့မိသားစုနှင့်သူတို့ ပျော်နေကြသည်။ ကိုယ့်ထံ တစ်ခေါက်တစ်ကျင်းလာဖို့အရေး ဝေးကွာလှသည်။ ကိုယ့်အလှည့်တုံးကတော့ ဒီလိုမဟုတ်၊ ရွာမှာ ကိုယ်တနေ၊ လင်မယားနှစ်ယောက် အလုပ်ကို ကြိုးကြိုးစားစားလုပ်ရင်း သမီးလေးတွေကို မြို့မှာအိမ်လေးတစ်လုံးဆောက်ပြီး ကျောင်းထားပေးသည်။ တစ်နေကုန်လယ်ထဲမှာ အလုပ်တွေ ပင်ပင်ပန်းပန်းလုပ်၊ ညနေတိုင်လျှင် စားသောက်စရာတွေ တစ်နင့်တစ်ပိုးရွက်ပြီး နှစ်မိုင်ခရီးကို မမောမပန်းပြန်လာရသည်။ ခြေဖနောင့်ကွဲ၊ ခြေသလုံးတွေမာတောင့်နေသော်လည်း ဘွားဖြူမမှု သမီးလေးတွေ မျက်နှာမြင်ရလျှင် ဘွားဖြူအမောပြေသည်။ အလုပ်သမားတွေရှာသမျှ ငါး၊ ဖားပုစွန်ကို ချက်ပြုတ်ကျော်လှော်ထည့်လာရုံသာမက လမ်းမှာတွေ့သမျှ ကန်စွန်းရွက်၊ လယ်ပတူ၊ မှိုနားတိုတွေ့သမျှ အကုန်ခူးလာသည်။ သမီးတွေအားလပ်ရက် လယ်ပတူပြုတ်သုပ်လုပ်ကျွေးလျှင် သူတို့လေးတွေ အလွန်ကြိုက်သည်။ တစ်ခါတစ်ရံ ချက်ပြုတ်ရန် အချိန်မမီတော့၍ သားစိမ်း၊ ငါးစိမ်းတွေပါခဲ့လျှင် လမ်းတစ်လျှောက်လုံး သမှုခွေ့ အကြိမ်ကြိမ်ရွတ်ရင်း လာခဲ့ရသည်။ ရောက်တော့



လည်း အမောမဖြေအား သူတို့လေးတွေ စားနိုင်စေအောင် အချိုး အလွှား ချက်ရသေးသည်။ ညီအစ်မတစ်တွေခေါင်းချင်းဆိုင် စားနေလျှင် ဘွားဖြူထိုင်ကြည့်ရတာအမော။ သူတို့အလှည့်မှာတော့ တစ်လတစ်ခါရောက်ဖို့တောင် လွယ်ကူပုံမရ။ ဘွားဖြူတို့ခေတ်ကလို ခြေလျှင်မပြောနှင့် ယခုခေတ်မှာ စီးလာစရာဆိုင်ကယ်၊ ကွန်ဒေါင်းနှင့် မိုးဆိုလည်းစက်လှေနှင့် ဒါတောင် မိဘထံရောက်ခဲသည်။

တစ်ခါတစ်ရံ ဘွားဖြူစိတ်တွေ ရွာဆီပြေးသွားသည်။ သမီးတွေမြေးတွေ ဘာလုပ်နေလဲ ကြည့်ချင်သည်။ တစ်မျှော်တစ်ခေါ်ကျယ်ဝန်းသော လယ်ကွင်းများနှင့် လယ်ကန်သင်းရိုးတစ်လျှောက်ဘွားဖြူ ကန်စွန်းရွက်တွေ၊ လယ်ပတူတွေခူးလိုက်ချင်သည်။ ပြီးလျှင်မန်ကျည်းနှစ်ချဉ်ချဉ်၊ မြေပဲဆန်နိုင်နိုင်လေးနှင့် ပြုတ်သုပ်လေးလုပ်စားချင်လှသည်။ ခုတော့ တစ်နေ့လာလည်း ငါး၊ ကြက်၊ ဝက်၊ တစ်နေ့လာလည်း ငါး၊ ကြက်၊ ဝက်နှင့် ထမင်းဝိုင်းကို ဘွားဖြူစိတ်ကုန်ချင်သည်။ သမီးကငယ်ငယ်က အကြောင်းတွေပြန်ပြောလျှင် မကြိုက်ချင်။

"အမေက ငယ်ငယ်တုန်းက အကြောင်းတွေတော့ အကုန်သတိရပြီး ခဏလေးလုပ်ခဲ့တာတွေတော့ မသိတော့ဘူး"

ဒါလည်းဟုတ်သည်။ ဘွားဖြူကို ဘာဟင်းနှင့်ထမင်းစားလဲမေးလာလျှင် ဘွားဖြူမပြောတတ်၊ ရေချိုးပြီးလား၊ ဘွားဖြူမသိ၊ ဘွားဖြူအကျီ လုံချည်ကို ဘွားဖြူမသိ။ သမီးလေးက အမေနှင့်အမေကြားမှာ ဗျာများလှသည်။ လုပ်ကိုင်ကျွေးမွေးရတာတစ်မျိုး၊

www.burmeseclassic.com

www.burmeseclassic.com



ပြုစုစောင့်ရှောက်ရတာတစ်မျိုးနှင့် သူ့ခမျာ ပင်ပန်းရှာသည်။ မိဘအပေါ် ငြိုငြင်စိတ်ကလေးမရှိတာကိုတော့ ဘွားဖြူကျေးဇူးတင်မိသည်။ သမီးကိုသတိရတော့ ဘွားဖြူအိမ်ပြန်ချင်လာသည်။ အိမ်ပြန်လမ်းမှာ ခေါင်းတိုက်မတက်ဝေဆာနေသော မန်ကျည်းရွက်တွေကိုလည်း ဘွားဖြူသတိရလိုက်သည်။

ဟုတ်သည်။ ဘွားဖြူမန်ကျည်းရွက်ခူးရဦးမည်။ ညနေစာဟင်းရံအဖြစ် ကန်စွန်းရွက်လေးနှင့်ချဉ်ရေကြမ်းလေးချက်ချင်သည်။ ဘွားဖြူချက်ချင်းအိမ်ပြန်ပြီး မာလာကာပင်အောက်မှာချထားသောခွေးခြေကိုယူလိုက်သည်။

"ကိုသောင်းရေ၊ ကျုပ်ကို မန်ကျည်းရွက်လေးကူခူးစမ်းပါတော့"

"ဟေ"

တစ်ကြိမ်တော့ ဘိုးသောင်း နားကြားပုံရသည်။ နောက်ကသုတ်သုတ်လိုက်လာသည်။ တကယ်တော့ ဘွားဖြူပြောတာ ဘိုးသောင်းမကြားပါ။ ဒီအဘွားကြီး မေ့မေ့လျော့လျော့နှင့် ဘာတွေလုပ်မည်မသိ၍ ဘိုးသောင်းလိုက်လာခြင်းပါ။ ဘွားဖြူကို ဘိုးသောင်းသနားလှသည်။ ကိုယ်တိုင်က သူ့လောက်မဆိုး။ သူ့ခမျာ ကိုယ်ဝမ်းကိုယ်ပင်စားလို့စားမှန်းမသိ။ ရေချိုး၊ ထမင်းစားလို့ အသေးအမွှားမှအစ အားလုံးသမီးက လိုက်ပြောရသည်။ တစ်ခါတစ်ရံတော့ သမီးကို ဘိုးသောင်း အားနာလှသည်။

"ဘာလုပ်မှာလဲ မဖြူ"



"မန်ကျည်းရွက်၊ မန်ကျည်းရွက်ချဉ်ဟင်းလေး စားချင်လို့ တော်လည်း ဝိုင်းခူးပါ"

"ဩော် အေး အေး"

အနှစ်ခြောက်ဆယ်ကျော် ခုနစ်ဆယ်နီးပါး ပေါင်းသင်းလာသည့် ဇနီးမယားက စားချင်သည်ဆိုတော့ ဘိုးသောင်းမနေနိုင်။ ခါးတောင်းကျိုက်ပြီး ခွဆုံပေါ် လှမ်းတက်လိုက်သည်။ ဘွားဖြူက ခွေးခြေပုလေးပေါ် တက်ခူးသည်။

"ဟာ အဖေတို့ အမေတို့ ဘာလုပ်ကြတာလဲ ဘုရား ဘုရား"

သမီးက ရင်ဘတ်ဖိပြီးပြေးလာသည်။ ဘွားဖြူရော ဘိုးသောင်းပါ သမီးကို ကြောင်တောင်တောင် ကြည့်နေကြသည်။ သူတို့ဘာလုပ်မိလို့ပါလိမ့်။ ဘိုးသောင်းက မန်ကျည်းပင်ခွဆုံမှ ခုန်ဆင်းလိုက်သည်။ ခြေမျက်စိမှ မျက်ခနဲဖြစ်သွားသလို မျက်လုံးတွေလည်း ပြာသွားသည်။ ဘိုးသောင်းပြီးတော့ ဘွားဖြူ။ ဘွားဖြူက ခွေးခြေပေါ်မှ သမီးကို ခပ်တည်တည်ပြန်ကြည့်နေသည်။ သူဘာလုပ်လို့လဲဆိုသည့်သဘော။ ဘိုးသောင်းက မန်ကျည်းပင်ကိုမှီရင်း အမောဖြေနေရသည်။

"အမေလာလာ သမီးချပေးမယ်"

"ရပါတယ်၊ အမေဆင်းနိုင်ပါတယ်"

သမီးက ဘွားဖြူခြေထောက်တွေကိုသိမ်းဖက်ပြီး အောက်ချပေးသည်။ ဘွားဖြူ သမီးပခုံးကိုကိုင်ပြီး ဆင်းလိုက်သည်။ ဒါပေမယ့် ခြေထောက်တွေက ယိမ်းယိုင်ချင်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဒီသားအမိ၊ သားအဖတွေ ဘာဖြစ်နေကြတာလဲ"

လမ်းထဲမှာ သနပ်ခါး၊ နံ့သာဖြူသည် မအေးစိန်မေးတော့ သမီးက ဘွားဖြူကို မျက်စပစ်ပြသည်။

"ဒီမှာလေ ကလေးတွေ မန်ကျည်းပင်တက်နေလို့"

"ဟောတော့၊ ဘုရားရေ ကံကောင်းလို့ပါလား၊ ဟေဟေး ဒီကလေးနှစ်ယောက်တော့ခက်ပြီ"

ကလေးတွေတဲ့။ ဘယ်က ကလေးတွေလဲ ဘွားဖြူမသိ။ လက်ထဲမှာ မိမိရရဆုပ်ထားသော မန်ကျည်းရွက်နုကလေးတွေကိုပဲ နှမြောကသ ကြည့်နေမိသည်။

"သူငယ်ပြန်တာနဲ့ တူတယ်နော်၊ အသက်တွေကလည်း ရှစ်ဆယ်ကျော် ကိုးဆယ်နီးပါးတွေဆိုတော့ ဟိုတစ်နေ့ကလည်း အိမ်ပြတင်းပေါက်ပေါ်တက်ပြီး ရေပိုက်ပြင်လို့ဆို"

"ဟုတ်ပ အန်တီရယ်၊ လိုက်ကြည့်နေရတာပဲ၊ သူငယ်ပြန်တယ်တော့မဟုတ်ဘူး၊ အမေက အယ်ဇိုင်းမားလေ၊ အဖေက အမေ့ကို သနားပြီး ခိုင်းသမျှ လိုက်လုပ်ပေးရှာတာ"

"ဩော် အေးအေး. . . တစ်ယောက်နဲ့တစ်ယောက် အဖော် အတွယ်ပေ့ါအေ၊ ကောင်းပါတယ်၊ ငါ့တူမ ကုသိုလ်ရတာပေါ့"

လေကြောရှည်လိုက်တာဟု ဘွားဖြူတွေးရင်း အိမ်ထဲပြန်ဝင်ခဲ့သည်။ အိမ်ရှေ့ဧည့်ခန်းမှာ လူတစ်ယောက်ထိုင်နေသည်။ ဘယ်သူလဲ ဘွားဖြူသိချင်သည်။ အနားတိုးပြီး မျက်နှာကို စေ့စေ့ကြည့်သည်။



"မင်း ဘယ်သူတုန်း"

"အမေ၊ ကျွန်တော်လေ၊ အမေ့သားလေ"

"ဩော် ဟုတ်သားပဲ၊ မောင်တိုးလား၊ အမေက သားမျှော်နေတာ"

တစ်ဦးတည်းသော သားလေးမို့ သမီးတွေကြားမှာ မောင်တိုး၊ မောင်တိုးဟုသာ ဘွားဖြူ ချစ်စနိုးခေါ်ခဲ့သည်။ သားကလည်း တစ်မြို့တည်းနေပြီး အနေစိမ်းလှသည်။

"မင်းကွယ် မလာတာကြာပေါ့"

"မနေ့ကတင် ကျွန်တော်လာသေးတယ်လေ အမေ၊ အမေဖို့တောင် လက်ဖက်ဝယ်လာသေးတယ်လေ"

"အေးကွာ မင်းအမေက အဲဒီလိုပဲ"

ဘိုးသောင်းတစ်ယောက် မျက်စပစ်ပြီး သားကို ဘာအတင်းအုပ်နေသည် မသိ။ သူက အတင်းပြောချင်လျှင် စကားကိုတိုးတိုးပြောတတ်သူ။ ဘွားဖြူမျက်စောင်းခဲလိုက်သည်။ အိမ်ရှေ့လှမ်းကြည့်လိုက်တော့သမီးကဧည့်သည်တစ်ယောက်နှင့်စကားပြောနေသည်။

"ကိုသောင်း သွားကြည့်ပါဦး၊ ဟိုမှာ သမီးစကားပြောနေတာ ယောကျ်ားလား၊ မိန်းမလား၊ ကြည့်ချေဦး"

ဘိုးသောင်းထွက်သွားမှ ဘွားဖြူစိတ်ချလက်ချ စကားပြောနိုင်သည်။ သူ့အဖေသွားတော့ သမီးက ပြန်ဝင်လာပြီး

"စိတ်ညစ်နေပြီလား ညီမလေး"

www.burmeseclassic.com

www.burmeseclassic.com



"မညစ်ပါဘူး ကိုကိုရယ်၊ တစ်ခါတလေတော့လည်း ညစ်တယ် သူတို့ကို ပြောမနိုင်တဲ့အခါမျိုးပေါ့"

မောင်နှမနှစ်ယောက် ဘာတွေ စကားကောင်းနေသည်မသိ။ ဘွားဖြူနားမလည်။ စိတ်ညစ်တာလည်းပါသည်။

"ဒီမှာလေ၊ ညီမလေးက သိပ်ပြီး စိတ်ညစ်ပင်ပန်းတဲ့အခါ ဒီစာရွက်လေးကို ဖတ်လိုက်တာ"

သမီးက ဧည့်ခန်းတိုင်မှာချိတ်ထားသော စာရွက်လေးကိုဖြုတ်၍ သူ့အစ်ကိုကို ပြနေသည်။ သူ့အစ်ကိုက ခေါင်းတညိတ်ညိတ် ဖတ်နေသည်။ ဘွားဖြူသားကိုကျွေးရန် တစ်ခုခုရှာရဦးမည်။ ဘာများရှိပါလိမ့်။ ကြောင်အိမ်ထဲမှာရှိနိုင်သည်။ ဘွားဖြူရှာရန် ထလိုက်သည်။ ကြောင်အိမ်ကိုဖွင့်ပြီး ဟိုဒီမွှေနှောက်လိုက်သည်။ တွေ့ပြီ၊ ငှက်ပျောသီး၊ ငှက်ပျောသီးသုံးလုံးဖြုတ်ပြီး ဘွားဖြူအိမ်ရှေ့ ပြန်ထွက်လာတော့ မောင်နှမနှစ်ယောက်လုံး သူတို့အဖေနှင့်စကား ပြောနေသည်။ ကြည့်စမ်း၊ အမေကိုတော့ အရေးမလုပ်ဘူး၊ အဖေ့ နားမှာ ဝိုင်းနေလိုက်ကြတာ။ ဘွားဖြူစိတ်ဆိုးပြီး ငှက်ပျောသီးကို စားပွဲပေါ် ပစ်ချလိုက်သည်။ စားပွဲပေါ်မှာ သမီး သူ့အစ်ကိုကိုပြ သည့် စာရွက်လေး။ သိချင်၍ ဘွားဖြူကောက်ကြည့်လိုက်သည်။ စာလုံးကြီးတွေနှင့်ရေးထားခြင်းဖြစ်၍ ဘွားဖြူဖတ်၍ရသည်။ ဘာတဲ့ . . .။

. . . ငါအိုသွားသောအခါတဲ့. . .



ငါအိုသွားသောအခါ အရင်က ငါမဟုတ်တော့ဘူး၊ ငါ့ကို နားလည်ပေးပါ၊ စိတ်ရှည်ရှည်ထား ဆက်ဆံပေးပါတဲ့၊ လက်တွေနဲ့ ထမင်းဟင်းတွေ အင်္ကျီပေါ် ဖိတ်ကျသွားတဲ့အခါ. . .

"အို ဘာတွေမှန်းမသိပါဘူး"၊ ကြာကြာမဖတ်နိုင်၍ လက်ထဲ ကစာရွက်ကို ဘွားဖြူပစ်ချလိုက်သည်။ ငါအိုသွားပြီတဲ့။ ဘယ်သူ အိုတာပါလိမ့်။ အိုတာများ အဆန်းလုပ်ပြီး ပြောရတယ်လို့၊ ဘွားဖြူ ရော အိုပြီလား။ ဘွားဖြူအသက် ဘယ်လောက်ပါလိမ့်၊ ဘွားဖြူ မသိ။ သမီးကို မေးကြည့်ရဦးမည်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# အလင်းတစ်စ

ချောင်းအောက်ဘက်မှာ ငါးစာဟပ်သံ ပလုပ်၊ ပလုပ်ကို "စေးဝါး" ကြားနေရသည်။ ရေစီးသည် ငြိမ့်ငြိမ့်လေးရှိသည်။ လယ်ကွင်းပြင်သည် ဆန်းစလရောင်အောက်မှာ ငြိမ်ချက်သားကောင်းနေသည်။ မလှမ်းမကမ်းတဲဆီမှ မီးရောင်တလက်လက်က အမေမအိပ်သေးကြောင်း သက်သေပြနေသည်။ စိတ်ချလက်ချဖြင့် တံတားဖျဉ်ခင်းပေါ် စေးဝါးကျောခင်းလိုက်သည်။ မိုးသား မိုးတိမ်ကင်း၍ ကြယ်စုံသော ကောင်းကင်ကြီးက စေးဝါးအပေါ်မှ ဆီးပိုးနေသည်။

"အာရိုးရိုး လှတယ်"

အရှေ့တဲမှ ဂျနားလေသံနှင့် စေးဝါးပြောလိုက်သည်။ ဂျနားရှိလျှင် စေးဝါးထက် ဦးအောင်ပြောမည်။ ပြီးလျှင်စေးဝါးနားယဉ်နေသော ကုလားသီချင်းတစ်ပုဒ်ကို ခုန်ပေါက်ဆိုသည်။

"ဂျနားလာရင် ပျော်စရာကောင်းမှာ"

စေးဝါးသည် ကောင်းကင်မှ ကြယ်တပွင့်ကြီးကို အတားအဆီးမဲ့ မြင်နေရသည်။ တချို့က တစ်လုံးတည်းဖြင့် ထင်ထင်လင်းလင်း၊ တချို့က အစုအဝေးနှင့် တောက်တောက်ပပ၊ တချို့က





အစ်မ လက်ချမီးခေါင်းမှ ဘီးကုတ်လေးဗို့ ကျွေကျွေ့ဝိုက်ဝိုက်။ သူတို့ကို ဘယ်သူနေရာချပါလိမ့်ဟု စေးဝါးမေပွှးမန့်မိသည်။ စေးဝါးတစ်ယောက် ကြယ်ပွင့်လက်လက်တွေကိုကြည့်ရင်း စိတ်ပျော်သလိုဖြစ်လာသည်။

"အား. . . လား. . . လား. . . ဟဒေး. . . ဟဒေး"

စေးဝါး ကိုယ့်သီချင်းကိုယ် ရယ်ချင်မိသည်။ သီချင်း ဘာမှန်းမသိ။ စိတ်ထဲမှအပျော်ကို ဖွင့်ထုတ်လို၍ အော်မိအော်ရာ အော်လိုက်ခြင်းပါ။ စေးဝါးသီချင်းမရ၊ ဂျနားတို့နှင့်နွားကျောင်းရင်း ဆိတ်ကျောင်းရင်း သူတို့ဆိုသလို လိုက်ဆိုခြင်းပါ။ ဂျနားသီချင်းဆိုလျှင် စေးဝါးပျော်သည်။ ဂျနားအကြောင်းတွေးနေရာမှ နားထဲမှာဝုန်းခနဲ အသံကြားလိုက်ရသည်။ ငါးမျှားကိုင်းကို ငါးလာဟပ်သည့်အသံဖြစ်သည်။ ရေဦးမှာ နှစ်ချို့ကန်ထဲမှငါးကြီးတွေ ဆင်းလာတတ်သည်။ စေးဝါးငါးမျှားတိုင်ဖြုတ်ရန် တံတားအောက်ဆင်းလိုက်သည်။ တံတားနှင့်အနီးဆုံးကိုင်းမှ ညွှတ်ပက်ညွှတ်ပက် ဖြစ်နေ၍ ငါးတွပ်တာမှန်း သိသာသည်။ နှစ်ခုကျော်ကိုင်းမှာလည်း လှုပ်စိလှုပ်စိ ဖြစ်နေသည်။ ဘောင်းဘီပွပွကြီးကို စေးဝါးလိပ်တင်လိုက်ပြီး ငါးမျှားကိုင်းထောက်ထားရာ ချောင်းစပ်အထိ ဆင်းလိုက်သည်။ ငါးမျှားကိုင်းကို ဆွဲအမ လက်ထဲမှာ စီးစီးပိုင်ပိုင် ပါလာသည်။

"အားပါး ငါးအိုက်ကြီး. . ."

စေးဝါးပျော်သွားသည်။ ငါးကြီးကိုဖြုတ်ပြီး လွယ်မလိုင်းထဲထည့်လိုက်သည်။ ငါးရှင်စာကို နောက်ထပ်မတပ်တော့ဘဲ ငါးမျှား

www.burmeseclassic.com

www.burmeseclassic.com



တံပါ စေးဝါးသိမ်းလိုက်သည်။ ငါးရှင်စာကလည်း ရှာရတာလွယ်ကူသည်မဟုတ်။ ငါးကင်ဂိုင်းမှာ ငါးရှင်စာကောင်း၍ ဂိုးပေါက်မှာ တစ်နေကုန် စောင့်မျှားရသည်။ ငါးမျှားကိုင်းတံကို ချထားပြီး အခြားကိုင်းတစ်ကိုင်းကို ကူးကြည့်လိုက်သည်။ ထိုကိုင်းက ထူးခြားနေ၍ စေးဝါး ဇဝေဇဝါဖြစ်သွားသည်။ ကိုင်းက အညွှတ်ကြီးမဟုတ်သော်လည်း ငါးမျှားကြိုးအတွင်းဘက်ယိုင်၍ မြက်ပင်များနှင့် လိမ်ရှုပ်နေသည်။ စေးဝါးအတွေ့အကြုံက စကားပြော၍ ပြုံးလိုက်သည်။ ငါးမျှားကိုင်းကို အသာမကြည့်လိုက်သည့် ခုနထင်သည့် အတိုင်းပါ။

"ဟား. . . နည်းတာကြီးမဟုတ်ဘူး"

စေးဝါး အလွန်သဘောကျသွားပြီ။ လက်ထဲမှာ လိမ်တွန့်ပါလာသော အကောင်ဝါတုတ်တုတ်ကြီးက စေးဝါး လက်မောင်းလုံးလောက်ရှိသည်။ ရှည်လည်း ရှည်လှသည်။ အချိန်စီးသလားမပြောနှင့်။ ကိုင်းတံကိုပင် မနည်းမ,နေရသည်။ စေးဝါး ပျော်သည်။ မပျော်ခံနိုင်ပ့ါမလား၊ အဖေက မြွေသားဟင်းကြိုက်သည်။ စေးဝါးလည်း ကြိုက်သည်။

"ကဲ. . . လာလေ့"

ကိုင်းတံကို တိုတိုရစ်ပြီး မြေပြင်နှင့်ကိုင်ပေါက်လိုက်သည်။ တစ်ချက်၊ နှစ်ချက်၊ သုံးချက်။

"ဗုန်း. . . ဗုန်း. . . ဗုန်း"

သွားပြီ၊ အကောင်ရှည်ကြီး လျှောသွားပြီ။ ငါးမျှားတံကို မဖြုတ်တော့ဘဲ စေးဝါး လိမ်ပတ်ထားလိုက်သည်။ နောက်ကိုင်းတွေဖြုတ်



အကြည့် တချို့ကိုင်းများက ငါးရှင်စာသေးနေ၍ ငါးမဟပ်ဘဲဖြစ်နေသည်။ ကိုင်းတံအားလုံး နုတ်သိမ်းပြီးချိန်မှာ မြွေတစ်ကောင်နှင့် ငါးရှစ်ကောင် စေးဝါး ရလိုက်သည်။ ကိုင်းတံများနှင့် ငါးပလိုင်းတို လွယ်ပြီး တဲဘက်ဆီ စေးဝါး ပြန်လျှောက်လာသည်။ ညဦးပိုင်းဖြစ်သော်လည်း ကွင်းထဲဖြစ်၍ ပတ်ဝန်းကျင်က တိတ်ဆိတ်လွန်းသည်။ ပရစ်အော်သံနှင့် ခရုအော်သံကလွဲပြီး အခြားအသံဗလံဟူ၍ မကြားရလောက်အောင် ငြိမ်ချက်သားကောင်းနေသည်။ တဲနားရောက်မှ စေးဝါး အဖေ့ကိုသတိရသည်။ အဖေရော အိပ်နေပြီလား မပြောတတ်။ ညနေက အဖေမူးပြီး ရစ်နေခဲ့သည်။ တစ်တဲလုံး ဘယ်သူမှနေမရအောင် သောင်းကျန်းသည်။ ဘာကို အလိုမကျမှန်းမသိ။ ညနေတိုင်းလို သမားရိုးကျအနေအထိုင်ဖြစ်ပါလျက် အမေရော အစ်မစနိုးပါ အဖေ့မျက်စိထဲ ထောင့်မတည့်ဖြစ်နေသည်။ အဖေက မူးလျှင် ဒီလိုပါပဲ။ စေးဝါးမှတ်မိသမျှ မပြောင်းလဲသော အဖေ့အကျင့်ပါ။ ပင်ပင်ပန်းပန်း လုပ်ကျွေးနေရ၍ ဖြူစူသည် ပြောရအောင်လည်း အဖေတစ်ယောက်တည်း လုပ်နေသည်မဟုတ်။ အမေရော အစ်မစနိုးပါ မနားတမ်းလုပ်ရသည်။ အငယ် ဘုစုခရုလေးတွေမှလွဲပြီး စေးဝါးလည်း ပါရပါသည်။ ဒါတောင် အဖေက ဘာကိုမကျေနပ်သည်မသိ။ အမေက တဲထောင့်မှာ ကလေးနှိုတိုက်ရင်း ငြိမ်ကုပ်နေသလို အစ်မစနိုးလည်း မီးဖိုချောင်ထဲမှာ ငြိမ်ငြိမ်လေး ထမင်းအိုးတည်ရသည်။ စေးဝါးကတော့ နွားတင်းကုပ်ဘက် ဆင်းနေလိုက်သည်။ ခုချိန်ဆိုလျှင်တော့ အဖေ အိပ်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



လက်နှိပ်ဓာတ်မီးမရှိ၍ လမ်းဘေးမြက်တောတွေကို စေးဝါး တုတ်ဖြင့်ရိုက် ခြောက်သွားသည်။ ကြယ်ရောင်တော့ ရှိပါ၏။ မြက်ပင်ရှည်တွေ ကိုင်းအုပ်နေ၍ လမ်းက မှောင်သလိုဖြစ်နေသည်။ တဲရှေ့အရောက် ဒိုးလုံးက အမြီးနှန့်ပြနေသည်။ တဲပေါက်ဝမှ နီကျင့်ကျင့်မီးရောင်ကြောင့် အမေ မအိပ်သေးဘဲ စေးဝါးကိုစောင့် နေပုံရသည်။

"ဖိုးခွား ပြန်လာပြီလား"

"လာပြီ အမေ"

"အေး. . . အေး"

အမေ့စကားက ဒါပဲဖြစ်သည်။ အမေက စကားအလွန်နည်း သည်။ ငါးမျှားကိုင်းတံတွေကို နွားတဲခေါင်မိုးပေါ် ပစ်တင်လိုက်ပြီး မြွေနှင့်ငါးတွေကို ရေကပြင်ဆီ လှမ်းတင်လိုက်သည်။

"ငါးရလို့လား ဖိုးခွား"

"အင်း. . . ရတယ်၊ မြွေရောပဲ"

"ဘယ်မှာလဲ"

"အဲဒီမှာလေ. . ."

အမေ မီးခွက်မြှောက်ပြီး တဲပြင်ထွက်လာသည်။

"အဲတော့. . . နည်းတာကြီးမဟုတ်ဘူး"

အမေ့မျက်နှာ ဝင်းသွားသည်။ အမေလည်း အဖေ့အကြိုက်ကို သိသည်ပဲ။

"ခေါင်းဖြတ်ပြီး လွှင့်လိုက်ဦး"



ထရံမှာထိုးထားသောဓားကို နုတ်ပြီး စေးဝါးထံပစ်ပေးသည်။ စေးဝါး မြွေကို ခေါင်းဖြတ်ပြီး အစိတ်ဝင်အိုးထဲမှရေဖြင့် တဗွမ်းဗွမ်း ခပ်ဆေးသည်။ အမေက ငါးရသည်ထက် မြွေရသည်ကို ဝမ်းသာ နေပုံရသည်။ စေးဝါးဆေးထားသောမြွေကို လေးပိုင်းပိုင်းပြီး အမေ ဒန်အိုးထဲထည့်သည်။ ပြုတ်မည်ပေါ့။ မနက်ဖြန်မှ အသားနွှင်ပြီး ဆီနှင့်ပြန်ကြော်လျှင် အသားဟင်းတစ်ခွက်ရပြီ။ ငါးတွေကိုတော့ အမေ ဒီအတိုင်းထားသည်။ စေးဝါးက ရှာပေးပြီးလျှင် တာဝန် ကျေပြီ။ တဲနောက်ဘက် ရိုးပေါက်ဆီသွားရန် စေးဝါး ခြေလှမ်းပြင် လိုက်သည်။

"ဘယ်သွားဦးမလို့လဲ ဖိုးခွား"

"ရိုးပေါက်မှာ ပိုက်ထောင်ထားတယ်"

"ဟဲ့. . . မသွားနဲ့၊ မနက်ဖြန်မှ ကြည့်ပါဟယ်"

"ဟာ. . . အမေကလည်း၊ မနက်ဖြန်ဆိုတော့ ငါးတွေပုပ်ကုန် မှာပေါ့"

စေးဝါးကလည်း ဆင်ခြင်ပေးပြီးလှည့်ထွက်သည်။

"အေး. . . အေး၊ သွား. . . သွား အဲဒီမှာ ကလေးသရဲရှိတယ်"

စေးဝါး ခြေလှမ်းတွေနောက်ဆုတ်သွားသည်။ သရဲဆိုတော့ စေးဝါး လန့်သည်။ ဦးလေးသောင်းကျော်လည်း ပြောထားဖူးသည်။ သူ့ရိုးပေါက်မှာ ပိုက်ထောင်စဉ်က ငါးတိုးလျှင်သိအောင် ခြူတပ် ထားသည်ပါတဲ့။ ခြူသံကြားလျှင် ငါးတိုးပြီအထင်နဲ့ ထကြည့်၊ ငါးက မရှိ၍ ဦးလေးသောင်းကျော် သက်သာမကင်းဖြစ်လာသည်။ နောက်ဆုံး

www.burmeseclassic.com



အိပ်ချင်ယောင်ဆောင်၍ စောင့်အကြည့် လသာသာမှာ ကတုံးပြောင်ပြောင်နှင့် ကလေးသရဲလေးက ဖင်ထောင်တိုးနေခြင်း ဖြစ်ကြောင်း သိလာရသည်။ ဦးလေးသောင်းကျော် မြိန်မြိန်ရှက်ရှက်ပြောစဉ် စေးဝါးတို့ကလေးတစ်အုပ် အကြောက်ကြီး ကြောက်နေခဲ့သည်။ အဖေ့ကိုပြန်ပြောပြစဉ် အဖေက တစ်ခွန်းတည်း ပြောသည်။

"အလကား သောင်းကျော် လေပေါပေါနဲ့ လျှောက်ပြော၊ ကလေးတွေ ပိုက်ချရင် သူမရမှာစိုးလို့"

သို့သော်လည်း စေးဝါး ကြောက်ပါသည်။ ခြေလက်ဆေးပြီး အိပ်ရာဝင်ရန်သာ စေးဝါး စိတ်ကူးလိုက်သည်။ နွားတင်းကုပ်နှင့် ကပ်လျက် အဖီလေးမှာ စေးဝါးအိပ်၍ အိပ်ရာထဲ တိုးဝင်လိုက်သည်။ အဖေက တခေါခေါနှင့် ဟောက်သံပေးနေခဲ့ပြီ။ အိပ်ရာပေါ်ရောက်သည်နှင့် စေးဝါးလည်း လောကကြီးနှင့် အဆက်ပြတ်သွားတော့သည်။

◈ ◈ ◈

"စေးဝါးရေ. . . စေးဝါး"

တဲရှေ့မှခေါ်သံကြောင့် စေးဝါး ခေါင်းပြူကြည့်လိုက်သည်။ တဲရှေ့မှခေါ်နေသူက စေးဝါးတို့တဲပိုင်ရှင် ကိုကြီးကျော်ထက်အောင် ဖြစ်နေသည်။ လက်ထဲမှာ ဆွဲခြင်းတစ်လုံးနှင့် ဘာလာပို့သည်မသိ။ ဖုတ်လက်စ ကဏန်းကို အသာထားခဲ့ပြီး စေးဝါး အိပ်ရှေ့ထွက်လာသည်။



"ဖျိုး. . . ရှိတယ်ဖျိုး"

စေးဝါးအသံပြု၍ ကိုကြီးထက်အောင် ဝင်လာသည်။

"ရော့. . . ဒီမှာ၊ မင်းတို့အမေကို ပြောလိုက်၊ မနက်ဖြန် ဦးရှင်ကြီးတင်ပါတဲ့။ ပစ္စည်းတွေလည်း အစုံပဲ"

စေးဝါး ပြုံးသွားသည်။ မနက်ဖြန် ဦးရှင်ကြီးတင်လျှင် ကောက်ညှင်းပေါင်း စားရဦးမည်။ စေးဝါး ဆွဲခြင်းထဲ ငုံ့ကြည့်လိုက်သည်။ ဆွဲခြင်းထဲမှာ ပစ္စည်းတွေပြည့်ကျပ်နေသည်။ ငှက်ပျောဖီးကြီးကလည်း ကားလို့။

"မင်း ဒါတွေ စားဦးစားဖျား မစားရဘူးနော်"

"သိပါတယ်ဗျ ကိုကြီးထက်အောင်ရ"

နှစ်တိုင်းတင်နေကျဖြစ်၍ စေးဝါး နားလည်ပါသည်။

"မွှေးလိုက်တာကွာ၊ ဘာနံ့လဲ"

"ကဏန်းမီးဖုတ်နေတာဗျ၊ ကိုကြီးထက်အောင် စားမလား"

"မစားတော့ပါဘူးကွာ၊ မင်းပဲစားပါ။ ရော့. . . ဒီမှာ၊ အဖေ ပေးလိုက်တဲ့ ပစ္စည်းစာရင်း"

ကိုကြီးထက်အောင်က စာရွက်လေးတစ်ရွက် ကမ်းပေးလာ၍ စေးဝါး သိမ်းလိုက်သည်။

"အာ. . . ဟောကောင်၊ အဲဒီထဲမှာ ပဲကွပ်ပါလား၊ ကြည့်စမ်း။ ခြင်းထဲမှာ မမွှေနဲ့နော်။ စာရွက်ထဲမှာ ဖတ်ကြည့်လိုက်"

စေးဝါး မျက်နှာရဲသွားသည်။ စေးဝါး စာမတတ်တာ ကိုကြီးထက်အောင် သိပုံမရ။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဖတ်နိုင်မလဲဗျ၊ ကျုပ်မှ စာမတတ်တာ"

"ဟာ. . . မင်း တကယ်မဖတ်တတ်ဘူးလား"

ကိုကြီးထက်အောင်က တအံ့တသြမေးသည်။

"အေးလေဗျာ၊ မတတ်ပါဘူးဆို"

"မင်းတို့အဖေရော တတ်လား"

လျှာရှည်လိုက်တာဟု စေးဝါး ထင်သည်။

"ဘယ်သူမှ မတတ်ဘူးဗျ"

"ဒါဆို အဖေစာရင်းလုပ်ပို့တဲ့ စာရွက်တွေ မင်းတို့ဘယ်လို ဖတ်လဲ"

"ဒီလိုပဲ သိမ်းထားတာပေါ့ဗျ။ ဘာဆန်းလဲ"

စေးဝါး ဘုတောလိုက်သည်။ စိတ်လည်း တိုလှပြီ။

"ဟာ. . . ဒါဆို မင်းတို့မိသားစု ဘယ်လိုလုပ်ပြီးနေလဲကွာ။ တကယ်ဆို ငါတို့က ပေါက်ကရတွေရေးထားရင် ဘယ်လိုလုပ်မလဲ။ ဥပမာ-အခပေးပြီးပြီတို့ ဘာတို့ဆိုရင်ရောကွာ"

"မသိဘူးဗျာ"

နောက်ထပ်မမေးနိုင်အောင် စေးဝါး စကားပိတ်လိုက်သည်။ ကိုကြီးထက်အောင်က စေးဝါးမျက်နှာကို ကြည့်နေဆဲ။

"မင်းအသက် ဘယ်နှနှစ်လဲ"

"ဆယ့်နှစ်နှစ်"

စေးဝါး ခပ်တည်တည်ပြောတော့ ကိုကြီးထက်အောင် ငြိမ် သွားသည်။ မှတ်ထား၊ ဒီလိုဘုပြောမှ။



"အေးကွာ၊ ငါပြန်မယ်။ ဒေါ်ဖော့လာရင် သေချာပြောလိုက်"

ကိုကြီးထက်အောင်က ပြောပြောဆိုဆို ပြန်ထွက်သွားသည်။ ကိုကြီးထက်အောင် ပြန်သွား၍ စေးဝါး မီးဖိုထဲပြန်ဝင်ခဲ့သည်။ မီးဖုတ်ထားသောကဏန်းလုံးတွေက အနံ့တသင်းသင်း။ စေးဝါး စလောင်းဖုံးတစ်ခုပေါ် လက်တင်လိုက်သည်။ နီရဲမွှေးအိနေသော ကဏန်းလုံးတွေက စားချင်စဖွယ်ကောင်းလှသည်။ သို့သော်လည်း စေးဝါး စားချင်စိတ်ပျောက်နေသည်။ စိတ်ထဲမှာ မတင်မကျနှင့် ဘယ်သူ့ကို မကျေနပ်မှန်းမသိဘဲ အောင့်သက်သက်ကြီးဖြစ်နေ သည်။ စလောင်းဖုံးကို ရှေ့ချရင်း အဝေးဆီလှမ်းကြည့်ခိုက် တံတား ကြီးအောက်မှ ဆိုင်းဘုတ်ကို လှမ်းမြင်လိုက်သည်။ ဒီဆိုင်းဘုတ်ချိတ် ခဲ့တာ ကြာပါပြီ။ သဘော်ဆေးအနီပေါ်မှာ အဖြူနှင့်ရေးထားသော စာလုံးတွေက ထင်းပြီး အဝေးကပင်မြင်နိုင်သည်။ သို့သော်လည်း ဘာတွေရေးထားမှန်း စေးဝါး မသိ။ သိချင်စိတ်လည်း မရှိခဲ့။ ဒီနေ့မှ ထူးထူးခြားခြား သိချင်နေခဲ့သည်။

စေးဝါးတို့တဲသည် ချောင်းနှင့်လယ်တစ်ကွက်ကျော်သာ ဝေး၍ စေးဝါးတို့တဲပေါ်မှကြည့်လျှင် တံတားအောက်မှဆိုင်းဘုတ်ကို လှမ်းမြင်နေရသည်။ သို့သော်လည်း စေးဝါးတို့တစ်အိမ်သားလုံး ထိုဆိုင်းဘုတ်ကို စိတ်မဝင်စားပါ။ စေးဝါးတို့နှင့် တဲနီးချင်းတချို့ လည်း ရှိပါ၏။ သူတို့လည်း ကိုယ့်အလုပ်ကိုယ်လုပ်ကြသည်။ ဘယ်သူကမျှ ဆိုင်းဘုတ်အကြောင်းကို တခမ်းတနား ပြောနေ ကြပါ။ အဖေက စေးဝါးတို့ တစ်ခုပဲပြောထားသည်။ နေ့တော်သုံးနှစ်

www.burmeseclassic.com



ဆိုလျှင် စေးဝါး လူကောင်ထွားလှပြီ။ သူရင်းငှား လုပ်နိုင်တော့မည်။ ထမင်းများများစား၍ အားရှိအောင်နေရမည့်အကြောင်း ပြောသည်။ အမေက စိတ်ကူးယဉ်သည်။ စေးဝါး အလုပ်လုပ်နိုင်၍ ပိုက်ဆံစုမိလျှင် ရွာထဲမှာ အိမ်ကလေးတစ်လုံးဝယ်မည့်အကြောင်း ပြောသည်။ ထိုညက အဖေနဲ့အမေ စကားများကြသည်။

"နင့်ဟာနင် လူတောသူတောထဲသွားနေ၊ ငါ ဘယ်တော့မှ မနေဘူး။ ငါ ဘယ်တော့မှမနေဘူး။ လူတွေက ကောင်းတယ် မဟုတ်လား"

အဖေ့စကားကြောင့် စေးဝါးတို့မောင်နှမ မျက်လုံးလေး ကလယ်ကလယ်ဖြစ်သွားကြသည်။ လူတွေက သည်လောက်ပဲ ဆိုးသလား။ စေးဝါးတို့တဲနီးချင်းတွေကတော့ သည်လောက်ကြီး မဆိုးလှပါ။

"နင်ပြောသလောက်လည်း မဟုတ်ပါဘူးဟယ်။ နင်လုပ်ပုံနဲ့ ငါ့သားသမီးလေးတွေ လူတောသူတောထဲတောင် နေတတ်မှာ မဟုတ်ဘူး"

"မနေတတ်တော့ ဘာဖြစ်လဲ။ အခု လူထဲမှာမနေလည်း နင်တို့ ထမင်းစားရတယ်မဟုတ်ဘူးလား"

အဖေပြောတာလည်း ဟုတ်သည်။ စေးဝါးတို့ လူမှန်းသိတတ်စ ကတည်းက အဖေ သူရင်းငှားလုပ်ကျွေးခဲ့သည်။ အဖေ့မှာ အိမ်ပိုင် ယာပိုင်မရှိ။ ရောက်လေရာအရပ်မှာ အဖေ့အိမ်သည် သူရင်းတိုင်၏



လယ်တဲဖြစ်သည်။ ကွင်းထဲမှာနေ၍ ပတ်ဝန်းကျင်နှင့် အဆက်အဆံ နည်းပါးသော်လည်း စေးဝါးတို့ ဝဝလင်လင် စားရသည်။ ရှာနိုင်လျှင် ပိုက်ဆံမပေးရသော သား၊ ငါးလိုဟင်းလျာမျိုးစုံလည်း စေးဝါးတို့ မပြတ်စားရသည်။ သူရင်းတိုင်ပိုင် သားကျနွားမ ရှိလျှင် နွားနို့လည်း မပြတ်သောက်ရသည်။ ဆန်၊ ဆီ၊ ဆားကလည်း သူရင်းတိုင်က မပြတ်ဖြည့်ပေးထားသည်။ အဝတ်အစားဆိုတာ လည်း သူရင်းတိုင်အိမ်မှ ဖြည့်ဆည်းပေးနေကျပါ။ အဖေပြောသလို ကွင်းထဲမှာနေလည်း ဘာအရေးလဲ။ တဲနားနီးချင်းများနှင့် အကြောင်းကိစ္စရှိလျှင် တိုင်ပင်နိုင်သေးသည်။

ဂါး. . . ဂါး. . . ဂါး. . . ဂါး. . .

ဘဲအော်သံကြား၍ စေးဝါး ခေါင်းထောင်ကြည့်လိုက်သည်။ ပျိုးခင်းအနီးမှာ ဘဲတစ်အုပ် ဝဲလည်နေ၍ တဲပေါ်မှ ဝုန်းခနဲခုန်ဆင်းလိုက်သည်။ ပျိုးခင်းထဲ ဘဲချောင်းလျှင် အဖေ ယမ်းပုံမီးကျ ဒေါသ ရတတ်သည်။ နံနက်ကတည်းက အဖေ စေးဝါးကို သေချာမှာ သွားသည်။

"ပျိုးခင်းကို သေချာစောင့်ကြည့်ထားနော်။ ပျိုးခင်းက လယ်သမားရဲ့အသက်ပဲ။ ပျိုးခင်းပျက်လို့ လယ်သမား ထမင်း ငတ်ရင် မင်းလည်းငတ်မှာ"

အဖေက သူ့စကားကို တိတိကျကျ လိုက်နာမှကြိုက်သည်။ သူပြန်လာ၍ ပျိုးခင်းတစ်ခုခုဖြစ်နေလျှင် စေးဝါးကျော ပြောင်ခံရမည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟေး. . . ရွှေး. . . ရွှေး"

ဖျိုးခင်းပတ်လည်မှာ စေးဝါး အော်ဟစ်မောင်းလိုက်သည်။ စေးဝါး အပြေးလိုက်မောင်း၍ ကန်သင်းရိုးပေါ်တင်နေသောဘဲတွေ တဝါးဝါး အော်ပြေးသွားသည်။

"ဟေ့ကောင်လေး ဘာလို့ ဘဲတွေလှန့်နေတာလဲ"

ဘိုးနာဂရားက သူ့ဘဲတွေ လန့်ပြေး၍ စေးဝါးကို လှမ်းငေါက်သည်။

"ပျိုးခင်းထဲ ဆင်းလို့ဗျ"

စေးဝါးကလည်း ပြန်အော်သည်။

"ဆင်းရင်လည်း ဖြည်းဖြည်းမောင်းပါလား။ ဘဲတွေလန့်ရင် ဥကျတယ်"

"ဥမကျစေချင်ရင် ကိုယ့်ဘဲကိုယ် ထိန်းထားပေါ့ဗျ"

"ဒီကောင်လေး စာမတတ်လို့ အားကြီးရိုင်းတယ်"

ဘိုးနာဂရား ပြောပြီးလှည့်ထွက်သွားသည်။ သူ့စကားက စေးဝါးရင်ကို တိုက်ရိုက်ထိသည်။ စေးဝါး ကန်သင်းရိုးပေါ် ခြေစုံရပ်ပြီး ဘိုးနာဂရားကို ငေးကြည့်နေသည်။ စိတ်ထဲမှာလည်း တစ်မျိုးကြီးဖြစ်နေသည်။ ယခင်လည်း သည်အဘိုးကြီးနှင့် စေးဝါး ဘုကန့်လန့်ဖြစ်နေကျပါ။ ဘိုးနာဂရားက အမြဲလိုလို ဘဲကျောင်းရင်း ချောင်းစောင်းမှာ ငါးမျှားလေ့ရှိသည်။ သူ့ဘဲတွေက သူများလယ်ထဲ လိုက်ဆင်းသည်။ သူက မသိဟန်ဆောင်တာလား၊ မမြင်တာလား မသိ။ စပါးသိမ်းချိန်ဆို ပိုဆိုးသည်။ သူ့ဘဲတွေက သူများလယ်ထဲ



မှာချည်းဖြစ်သည်။ စေးဝါးက စိတ်တိုပြီး လေးခွနှင့်ပစ်လျှင် သူစိတ်ဆိုးသည်။ ယခုလိုတော့ တစ်ခါမျှမပြောဘူးပါ။ စေးဝါး စိတ်ဖျက်ဖျက်နှင့် ကန်သင်းရိုးပေါ် ခြေဆောင့်ထိုင်လိုက်သည်။ စာမတတ်ခြင်းနှင့် ကျောင်းမနေရခြင်းသည် စေးဝါးအဖို့ စိတ်အနှောင့်အယှက်ဖြစ်စရာဟု တစ်ကြိမ်တစ်ခါမျှ စေးဝါးမထင်ခဲ့။ ရပ်ရွာထဲမှာ နေခွင့်မရ၍ အများသူငါ ကျောင်းတက်သည်ကိုလည်း နီးနီးစပ်စပ်မမြင်ဘူးပါ။ သည်အတွက် ကျောင်းလည်း တက်ချင်စိတ် မရှိခဲ့။ ကွဲတဲရိုးမှ ဂျနားနှင့်ကိုတန်ပီတို့ ကျောင်းတက်သည်ကို စေးဝါး တွေ့မြင်ရခိုက် အဖေ့ကို ပူဆာဖူးသည်။ အဖေက ခါးခါးသီးသီး ငြင်းသည်။ စေးဝါးကလည်း စာသင်ချင်၍မဟုတ်ပါ။ အဖော်မင်၍ ဖြစ်သည်။ အဖေက မလိုက်ရဘူးဟုပြောစဉ် စေးဝါး ထပ်မပူဆာရဲဘဲ ကိုယ့်ဘဝနှင့်ကိုယ် အပျော်ကြီးပျော်နေခဲ့သည်။

အတွေးနှင့်အတူ စပါးပင်စိမ်းစိမ်းတွေကို စေးဝါး ငေးကြည့်နေမိသော်လည်း စပါးပင်တွေက စေးဝါးမျက်လုံးထဲ ရောက်မလာခဲ့။ ဘိုးနာဂရား၏ ဘဲတစ်အုပ်သည်လည်းကောင်း၊ တဲတားအောက်မှ ဖြူဖြူနီနီ ဆိုင်းဘုတ်သည်လည်းကောင်း ကိုကြီးထက်အောင်နှင့် ဘိုးနာဂရားတို့ကပါ တစ်လှည့်စီပေါ်နေခဲ့သည်။ နေ့လယ် ထွန်ဖြုတ်ချိန်မှာ အဖေ ပြန်ရောက်လာသည်။ ထမင်းဝိုင်းမှာ မိသားစုစုံလင်၍ စေးဝါး အဖေ့မျက်နှာအရိပ်အကဲ ကြည့်သည်။ အဖေက သူကြိုက်သော မြွေသားဟင်းဖြစ်၍ ခေါင်းမဖော်တမ်း စားနေသည်။ စေးဝါး အရဲစွန့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဖေ"

"ဘာလဲ"

"တံတားအောက်က ဆိုင်းဘုတ်က ဘာရေးထားတာလဲ"

အဖေ မျက်နှာပျက်သွားသည်။ အမေက တမင်ခေါင်းငုံ့ပြီး မကြားဟန်ဆောင်နေသည်။

"အဖေ ဘာရေးထားတာလဲလို့"

စေးဝါးထပ်မေးတော့ အဖေ့မျက်နှာ တင်းသွားသည်။

"အဲဒါသိတော့ မင်း ဘာဖြစ်လာမှာလဲ။ ထမင်းကိုဖြောင့်အောင်စား၊ ထမင်းစားလို့အားရှိမှ မင်း အလုပ်လုပ်နိုင်မှာ။ အလုပ်လုပ်နိုင်မှ မင်း ထမင်းစားရမှာ။ ဒါပဲမှတ်ထား"

မာထန်ထန်ကြီးပြောလိုက်သော အဖေ့စကားကြောင့် စေးဝါး ဝမ်းနည်းပြီး မျက်ရည်လည်ချင်သည်။ ထမင်းကို လက်စသတ်ပြီး ထမင်းဝိုင်းဆီမှ စေးဝါး ခွာလာသည်။ ထိုညက စေးဝါး ငါးမရှာဖြစ်။

◈ ◈ ◈

"အမည်"

"စောစေးဝါး"

"အဘအမည်"

"ဦးမှူတူး"

"အမိအမည်"

"ဒေါ်နော်ဖော့"



"အသက်-မွေးသက္ကရာဇ်"

"ဆယ့်နှစ်နှစ်လို့တော့ ပြောလိုက်တာပဲ ဆရာမရယ်၊ ကျွန်တော် နောက်နေ့မှ အတိအကျရေးပြီးလာပြပါ့မယ်"

အဘအောင်က ကြားထဲက ပြောပေးသည်။

"ရတယ် ဦးလေး၊ နောက်နေ့မှ မွေးစာရင်းလေးယူလာပေးလိုက်ပါ"

"ဟုတ်ကဲ့ပါ ဆရာမ၊ ကျွန်တော်လည်း ကလေး ကျောင်းရောက်ရေးနဲ့ သူ့အဖေကို အတိုက်အခံပြောပြီးခေါ်လာခဲ့ရတာ။ သူ့အဖေက ကျွန်တော့်အလုပ်သမားလေ။ ကလေးကို ကျောင်းမထားဘူးလုပ်နေလို့ မနည်းပြောလာရတာ"

"ကျေးဇူးပါ ဦးလေးရယ်"

ဆရာမလေးက ကျေးဇူးတင်စကားပြော၍ စေးဝါး ဝမ်းသာရသည်။ အဖေပြောသလို ကျောင်းမှာအနှိမ်ခံရမှာ စေးဝါး ကြောက်ပါ၏။ အဖေ့ကို ကျောင်းနေဖို့ပူဆာစဉ် အဖေက အပြတ်ပြောသည်။

"မင်းအရွယ်ကြီးနဲ့စာသင်ရင် မင်း အနှိမ်ခံရမှာပေါ့။ ကျောင်းမှာက ပိုက်ဆံရှိတဲ့သူတွေ နေနေကြတာ"

စေးဝါး ကျောင်းမရောက်ဖူး၍ အဖေပြောတာ ဟုတ်၊ မဟုတ် မသိပါ။ ကံကောင်းချင်၍ အဖေ့သူရင်းတိုင် အဘအောင်က စေးဝါး အကြောင်းကိုသိသွားသည်။ စေးဝါးဆန္ဒကို ဖြည့်ဆည်းပေးချင်၍

www.burmeseclassic.com



အဖေ့ကို အကြိတ်အနယ်ပြောသည်။ နောက်ဆုံး အဖေ့ကို တစ်ချက်လွှတ်အမိန့် ပေးသည်။

“မိဘဆိုတာ သားသမီးကို ကိုယ့်ထက်မြင့်မားအောင် တွန်းပို့နိုင်မှ မိဘတာဝန်ကျေတာကွ။ လုပ်ကျွေးရုံနဲ့ တာဝန်မကျေဘူး။ ကိုယ်သူရင်းငှားဖြစ်တိုင်း သားသမီး သူရင်းငှားဖြစ်ရမယ်ဆို တာဝန်မကျေတဲ့မိဘကွ”

အဖေ ဇက်ကြီးလိမ်နေသည်။ အဘအောင်က ဆက်ပြောသည်။

“ဒီကလေးကို မင်းကျောင်းမထားဘူး၊ ဒီလိုပဲထားမယ်ဆို မင်းလည်း အလုပ်ထွက်ကွာ”

အဖေ ခေါင်းညိတ်လိုက်ရသည်။ အဘအောင် ကောင်း၍ စေးဝါး ကျောင်းတက်ရပါပြီ။ ကိုကြီးထက်အောင်ငယ်ငယ်ကအကျႌတွေ ကြီးမေက ယူလာပေးသည်။ လွယ်အိတ်လေးလည်း ပါသည်။ စေးဝါးက ဟန်တပြင်ပြင်၊ အမေက မျက်ရည်ဝဲနေသည်။ အစ်မ စနိုးက ‘နင်ကံကောင်းတယ် မောင်လေး’ ဟု ပြောသည်။

“ကျောင်းအတွက်ကတော့ ဘာမှပေးစရာမလိုပါဘူး။ အားလုံး အခမဲ့ပါ။ ဒီလိုကလေးမျိုးတွေ ကျောင်းရောက်လာရေးကို ဦးတို့ ဝိုင်းဝန်းတော့ ပိုပြီးအဆင်ပြေတာပေါ့။ ကျွန်မတို့လည်း ကောက်သင်း ကောက်သလို လိုက်ရှာနေတာပါ”

ဆရာမလေးက အဘအောင်ကို ရှည်ရှည်လျားလျား ရှင်းပြနေသည်။ စေးဝါးကတော့ အစိမ်းသက်သက် စာသင်ခန်းကို အံ့ဩ



ငေးမောနေမိသည်။ ကိုယ်နှင့်တစ်ခန်းတည်းနေရမည့် ကလေးတွေက ကိုယ့်ချိုင်းအောက်မှာ။ စေးဝါး ရှိုးတိုးရှန့်တန့်ဖြစ်နေသည်။ ဘယ်နားထိုင်ရမှန်းလည်း မသိ။

“လာ. . . သား”

ဆရာမက စေးဝါးကို အတန်းရှေ့ခေါ်ထုတ်သည်။

“သားတို့သမီးတို့ကို ဆရာမ မိတ်ဆက်ပေးချင်လို့။ ဒီအစ်ကိုကြီး နာမည်က စောစေးဝါးပါ။ သားတို့ကို ဆရာမနဲ့အတူ ဝိုင်းဝန်း စောင့်ရှောက်မယ့် အစ်ကိုကြီးပါ။ သားတို့ လေးလေးစားစား ဆက်ဆံကြရမယ်”

“ဟုတ်ကဲ့ပါ ဆရာမ”

အသံလေးတွေက ချစ်စရာ။ ဆရာမက စေးဝါးကိုဆက်ပြောသည်။ ထိုအသံက ခပ်တိုးတိုးရယ်ပါ။

“သားလည်း စာကို ကောင်းကောင်းလိုက်သင်နော်။ ကလေးတွေကို ကိုယ့်ညီ၊ ညီမလေးတွေလို သဘောထားပြီး စောင့်ရှောက်ရမယ်၊ ကြားလား”

စေးဝါး ခေါင်းညိတ်ပြလိုက်မိသည်။ ထိုနေ့က စေးဝါး ပျော်လွန်း၍ ဝလုံးတွေတပြွတ်ကြီး ရေးပစ်လိုက်သည်။ တစ်ပတ်အတွင်းမှာ ကျောင်းနှင့်စေးဝါး နေသားတကျဖြစ်သွားသည်။ စေးဝါး ထင်ခဲ့သလို ကျောင်းသည် ကြောက်စရာမဟုတ်ပါ။ အဖေပြောသလို အနှိမ်လည်းမခံရပါ။ ဆရာမက စေးဝါးကို လွယ်အိတ်လေးတစ်လုံး လက်ဆောင်ပေးသည်။ စက္ကူနှင့် လုံလုံခြုံခြုံထုပ်ထားသော လွယ်

www.burmeseclassic.com

www.burmeseclassic.com



အိတ်ထုပ်ကလေးကို တဲရောက်မှ စေးဝါး ပြန်ကြည့်ရသည်။ အဖေနှင့်အမေက အံ့သြနေသည်။

"ဒါ မင်းကို ဆရာမပေးတာဟုတ်ရဲ့လား"

အဖေက မယုံသလိုမေးသည်။ စေးဝါးက စာတမ်းလေးကို ပွတ်သပ်ကြည့်မိသည်။

"ဟုတ်တယ် အဖေ၊ တကယ် ဆရာမပေးတာပါ။ သား လွယ်အိတ်က ဟောင်းနေပြီလေ"

အဖေ့မျက်နှာ ပြုံးသွားသည်။ ချက်ချင်းဆိုသလို ပြန်လည် ညှိုးမှိန်သွားသည်။ အဖေက စေးဝါးမျက်နှာကို အချိန်အတော်ကြာ အောင် ကြည့်သည်။

"ငါ့သား ကျောင်းနေရတာ ပျော်လား"

"ပျော်တယ် အဖေ၊ ကျောင်းမှာ လူတွေအများကြီးနဲ့နေရတာ သား ပျော်တယ်"

အဖေ ခေါင်းတစ်ချက်ညိတ်လိုက်သည်။ ထိုခဏ အဖေ့ မျက်နှာနီလာသည်။ အို. . . အဖေ ငိုနေသည်ပဲ။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၉ ခုနှစ်၊ ပခုက္ကူဦးအုံးဖေစာပေဆု
ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ

## "သောင်ယံကမ်းမှအလွမ်းလက်ကျန်နှင့်အခြားဝတ္ထုတိုများ"

အဖဦးသောင်း၊ အမိဒေါ်ဖြူတို့မှ ၁၉၆၆ ခုနှစ်တွင်မွေးဖွားသည်။ ၁၉၉၄ ခုနှစ်တွင်ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သည်။

၁၉၈၆ ခုနှစ်ထုတ် ပဲခူးကောလိပ်နှစ်လည်မဂ္ဂဇင်းတွင် စတင်ရေးသားကာစာပေနယ်သို့ ဝင်ရောက်ခဲ့သည်။ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးပုဒ်ရေ ၅၀ ကျော်ရေးသားခဲ့ပြီးဖြစ်သည်။ ပညာတန်ဆောင်စာပေပြိုင်ပွဲ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အထိမ်းအမှတ် စာပေပြိုင်ပွဲ၊ ပခုက္ကူဦးအုံးဖေ စာပေပြိုင်ပွဲ၊ စာပေဗိမာန်စာမူပြိုင်ပွဲများတွင် ဆုများရရှိခဲ့သည်။

ယခုအခါ ပဲခူးတိုင်းဒေသကြီး၊ သက္ကလစံပြကျေးရွာ အထက်တန်းကျောင်းတွင် အလယ်တန်းပြဆရာမအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

အမည်ရင်းမှာ - ဒေါ်သန်းသန်းစိုးဖြစ်သည်။
နေရပ်လိပ်စာ - အထက်တန်းကျောင်းရှေ့
ဂန်ကုန်းရပ်ကွက်၊ သက္ကလစံပြကျေးရွာ
ပဲခူးတိုင်းဒေသကြီး။

BURMESE CLASSIC .com
www.burmeseclassic.com